( ဉာဏာစာရိယ )

# သိပ္ပံနည်းကျ ဗုဒ္ဓ ဝိပဿနာ

ဦးဝိသုဒ္ဓဉာဏ ( ဝိဇ္ဇာ )

(ဥိာဏစာဂိမူ)

ဆရာတော် ဦးဝိသုဒ္ဓဥာဏ (ဝိဋ္ဌာ)

ရေးသားသော

# သိပ္ပံနည်းကျ ဗုဒ္ဓဝိပဿနာ

ဝိပဿနာဉာဏ်ပေါ်လာရန် လက်တွေ့ရှုနည်းကို
ညွှန်ပြထားသည်။

ပါဠိဆရာ ဦးယုမြိုင် (ပါဠိပါရဂူ)

မြတ်ပုံနှိပ်တိုက်

၁၃၄၁-ခု ၁၉၇၉-ခု

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၄၃၇)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၁၁၉)

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၅-ကျပ် |
| အကြိမ် | ပထမ အကြိမ် |
| မျက်နှာဖုံး | ကာလာ မောင်ဝင်း |
| စာအုပ်ချုပ် | ရဲစိုး |
| နေ့စွဲ | ၁၉-၁၂-၇၉ |

**ထုတ်ဝေသူ**
ဦးထွန်းကို ထွန်းပညာစာပေ
(၀၁၅၀၆)အမှတ်၅၁/၅၂
ရွှေတိဂုံဘုရား၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဒေါ်ကြည်ကြည်(မြဲ ၀၅၀၂)
မြတ် ပုံနှိပ်တိုက်၊ အမှတ် ၂၆
ရန်ကြီးအောင်လမ်း၊
မုန့်လုပ်ဆောင်းကုန်း၊ ရန်ကုန်။



ကျေးဇူးရှင်-ဥာဏစာဂီ
ဆရာတော်ဘုရားကြီး

# နိဒါန်း

၁။ ငါ့တွက်မြားမြောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ကြာရှည်ခံ့ခံ့၊ မြင့်မိုရ်တံ့သို့၊ ကြံ့ကြံ့ခိုင်ကျည်၊ စက်ရောင်ခြည်ဖြင့်၊ ပြည်ပြည်ဖြန့်လွှမ်း၊ ကျွတ်ဆုကမ်းဘို့၊ ငြိမ်းချမ်းကြစေ၊ ငါ့သက်သေလည်း၊ မနေဆုတ်နစ်၊ ရန်သူစစ်ကို၊ ခုတ်ထစ်ပိုင်းလှွား၊ ငါစွန့်စားသည်၊ တရားသောစစ်မြေ အောင်ပွဲတည်း။

ထို ဒုဋ္ဌဂါမဏိမင်းကြီး၏ အဓိဋ္ဌာန်သည် တရားအားထုတ်သူများအတွက် အားဆေးတခွက်ပင် ဖြစ်သည်၊ ဗုဒ္ဓ၏ တရားစစ်တရားမှန်သည် ပေါ်ထွန်းလျက် ရှိနေချိန်တွင် နိဗ္ဗာန် တဘက်ကမ်းသို့ ရောက်အောင် မဆုတ်သော လုံ့လဖြင့် ကျင့်ကြံရာ၏၊ “ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ” ဆိုသကဲ့သို့ အဝိဇ္ဇာတဏှာ ရန်သူတွေ ဝိုင်း ဝိုင်း လည် နေ သည့် ကြားက သံသရာမှလွတ်မြောက်ရာ လမ်းပေါက်ရှိပါလျက် ပြေးမထွက်သောသူသည် လွတ်လမ်းရှာသူ မဟုတ်နိုင်ရာ၏။

ကိလေသာတိုက်ပွဲတွင် တွေဝေနေ၍ မဖြစ်၊ တွေဝေနေလျှင် တိုက်ပွဲတွင် အောင်ပွဲမရပဲ ကျဆုံးမှုနှင့် ရင် ဆိုင် ရ ပေ မည်၊

တိုက်ပွဲတွင်လည်း "ချေးထွက်များမှ သွေးထွက်နည်းမယ်" ဆိုသလို စရဏတရား တအားသွန်မှ ဘသံသရာလုံး ဘဝအတွက် အာမခံချက် ရရှိပေမည်၊ အာမခံချက်ရရှိနိုင်ရန်လည်း ယုံကြည်မှု ဆည်းကပ်ကိုးကွယ်မှု မှန်ရေးသည် အဓိကကျလှ၏၊ လှော်ရင်း တက်ကျိုးသည့် အဖြစ်မျိုးနှင့်တော့ အဖြစ်မခံကြစေလို၊ နောက် ဆုံးပန်းတိုင်သည် ကမ်းတဘက်သို့ရောက်နိုင်ရန် မကျိုးမပေါက် ဖြောင့်ဖြောင့်မတ်မတ် လှော်ခတ်နိုင်မှသာ စိတ်ချရမည်တည်း။

၂။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သစ္စာ လေးပါးတရားသည် အလွန်တရာသိမ်မွေ့သည်၊ နက်ရှိုင်းသည်၊ တိကျသည်၊ အမှန်ကျင့်, တကယ်ကျင့်လျှင် အမှန်ပင် သံသရာမှ လွတ်မြောက်နိုင်၏၊ ကျင့်ရာဘွင်လည်း စိတ်ချယုံကြည်မှုသည် လိုအပ်၏၊ ယုံကြည်မှုရှိလျှင် သံသရာမှ လွတ်မြောက်ကြောင်းကို အာမခံချက် ပေးနိုင်သည်။ ဤကဲ့သို့ အာမခံချက်ပေးနိုင်သော ကျင့်စဉ်မျိုးမှသာလျှင် လက်တွေ့ကျသော (ထိရောက်သော) တရားစစ် တရားမှန် ဖြစ်ပေသည်၊ မရေရာ မသေချာပါက ထို ကျင့်စဉ်သည် လွဲမှားနေ၍ ဖြစ်ရမည်၊ ကမ္မဋ္ဌာန်းပြဆရာများနှင့် ဝိပဿနာတရားဌာနများ တိုင်း - ရဟန်းသာမဏေများတိုင်း သာသနာတော်စည်ပင်သည် မမည်၊ ရဟန်းများအဖို့မူ ပရိယတ် ပဋိပတ်တာဝန်ကို ထမ်းဆောင်နိုင်မှ ထမ်းဆောင်မှ သာသနာ စည်ပင်မည် ဖြစ်၏။

အိပ်ခါ-စားခါဖြင့် နေကြလျှင် ရဟန်းများပြီး ပွဲမစည် ဖြစ် မည်၊ တရားပြဆရာ များသော်လည်း စစ်မှန်သော (ထိရောက်

သော) တရားများကို ပြသ သွန်သင်နိုင်မှ သာသနာ အဓွန့်ရှည် ပေမည်၊ ယခုအခါတွင် သာသနာတော်သည် စည်ကားနေသည်၊ စည်ပင်နေသည် မဟုတ်၊ သာသနာတော် ဝမ်းလျှောတော့မှာမို့ ဝမ်းယောင်နေခြင်း-ဝမ်းဖောနေခြင်း ဖြစ်နေသည်ကို သတိပြုရပေမည်၊ အမှန်အမှားကို ဝေဘန်ပိုင်းခြားနိုင်ရန် ဘုရားဟော တရားတော် ဒေသနာ အစစ်အမှန်များကို ရှာဖွေလေ့လာ မှတ်သားသင့်လှ၏၊ မှတ်သားပြီး လက်တွေ့ကျင့်မှသာ "ကိုယ်တိုင်သိထင်ရှား" ဖြစ်ပေမည်၊ အတုအယောင်တွေ ပေါများလှ၍ သတိပြုသင့်ကြ၏။

"ကဿပ-အ တု အ ယောင် များ ပေါ် ပေါက် လာ သော် သာသနာတော်မြတ်ကြီး ကွယ်လတ္တံ့" ဟု ဗုဒ္ဓမြတ်စွာက မြွက်ဆိုတော်မူ၏၊ သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်ရှိနိုင်ရေးအတွက် လက်ရှိ သာသနာဝန်ဆောင် ရဟန်းများတွင် တာဝန်ရှိပေသည်၊ ထို့ကြောင့် မဂ်တု-ဖိုလ်တု-ကမ္မဋ္ဌာန်းတု များကို ဖယ်ရှင်း သုတ်သင်ပေးရမည်၊ ပါဠိတော်များတွင် သူတပါး အပြစ်ကို မပြောရ၊ သူတပါးအား မကဲ့ရဲ့ရ-ဟု များစွာပါရှိ၏၊ ထို့အတူ ဘုရား-တရား-သံဃာ သာသနာရေးတွင် အကျင့်ဆိုးရှိသူများကို ကဲ့ရဲ့ ဖိနှိပ် သုတ်သင်ဖယ်ရှင်းပေးရန် ဗုဒ္ဓမြတ်စွာသည် အခါပေါင်း မြောက်မြားစွာ ဟောကြားတော်မူခဲ့လေသည်၊ ပညာရှိ သူတော်ကောင်းသည် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏၊ ချီးမွမ်းထိုက်သူကို ချီးမွမ်း၏၊ အပြစ်မရှိသူဖြစ်၏-ဟု အင်္ဂုတ္တိုရ်ဒုကနိပါတ်တွင် ဖော်ပြထား၏။

၃။ "ဤသည်ကား မမှန်သောတရားတည်း၊ ဤသည်ကား မှန်သောတရားတည်း"ဟု ပြကုန်၏၊ ထိုသူသည် ချမ်းသာလို၍ ကျင့်သည် မည်၏၊ သာသနာတော်ကို တည်တံ့စေသည်မည်၏- ဟု ဆိုထားပြန်၏၊ မှားသောတရားများဖြစ်ပါက ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ တပည့်ကိုလည်း ကဲ့ရဲ့အပ်၏-ဟု ဗုဒ္ဓမြတ်စွာက ဟောတော်မူခဲ့၏၊ အချုပ်ကား- မှားသောအယူ ရှိသူများအား "ဗြဟ္မဒဏ်" ပေးအပ်၏၊ "ပကာသနိယကံ" ပြုရမည်-ဟု ဟောတော်မူခဲ့၏၊ ထို့ကြောင့် သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု- ဖိုလ်တု-ကမ္မဋ္ဌာန်းတု-ရဟန္တာတုများကို ရဲရင့်စွာ ကဲ့ရဲ့ ဖိနှိပ် ရှင်းလင်းပေးတော်မူနိုင်ကြပါစေကုန်သတည်း။

**အရှင်ဝိသုဒ္ဓဉာဏ (ဘီအေ)**

# မာတိကာ


**အခန်း (၁)** .... .... .... ၁

လူဖြစ်ရခြင်းအကျိုး .... .... .... ၁

အခက်ကြီး ငါးခက် .... .... .... ၄

စာမတတ်သူများ တရားရနိုင်သည် .... .... ၈

အဝိဇ္ဇာ နှင့် တဏှာသတ်နည်း .... .... .... ၁၂

ပန်းတောင်းဆရာတော်၏ ပထမသြဝါဒ .... .... ၁၆

〃 〃 ဒုတိယသြဝါဒ.... .... ၁၈

**အခန်း (၂)** .... .... .... ၂၀

ဘုရားရှင်တို့၏ အလိုဆန္ဒတော် .... .... .... ၂၀

ဝိပဿနာတရားပြဆရာကောင်း ရှာနည်း .... .... ၃၅

မဟာပဒေသ လေးပါးကား .... .... .... ၃၇

တရားနှင့်နေလေ့ရှိသော ရဟန်း ဆိုသည်မှာ .... ၃၈

တရားဟောဓမ္မကထိက ဆိုသည်မှာ .... .... ၄၁

**အခန်း (၃)** .... .... .... ၄၄

ဒိဋ္ဌိသတ်ခန်း .... .... .... ၄၄

ဒိဋ္ဌိဆိုသည်မှာ .... .... .... ၄၄

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ .... .... .... ၄၇

**အခန်း (၄)** .... .... .... ၅၁

သမထနှင့် ဝိပဿနာ မတူကြပုံ .... .... .... ၅၁

သမထ ၄၀-ဆိုသည်မှာ .... .... .... ၅၁

## မာတိကာ


ပွားများနည်း သုံးပါးရှိသည် .... .... .... ၅၄
ခါတ်တလုံးတည်းနှင့် တရားရပုံ.... .... .... ၅၇
၃-မိနစ်နှင့် တရားတွေ့နည်း- .... .... .... ၅၈

**အခန်း (၅)** .... .... .... ၆၅
အနတ္တအခဏ်း .... .... .... ၆၅
အတ္တအစ ပြဟ္မာကာ .... .... .... ၆၉
အတ္တရာဇဝင် .... .... .... ၇၆

**အခန်း (၆)** .... .... .... ၉၀
ဉာဏာစာရီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းနည်း .... ၉၀
မဟာဘူတ ခါတ်ကြီးလေးပါး၏ သဘော .... ၉၆
အရိယာအဆင့်ဆင့်ဖြစ်နေပုံ .... .... .... ၉၇
ရုပ်ခါတ်, နာမ်ခါတ် ပေါ်ပုံ .... .... .... ၁၀၆
ဉာဏ်စဉ်တက်လမ်း .... .... .... ၁၁၀
အဆင့်အတန်းကွဲပြားပုံ .... .... .... ၁၁၃
ခါတ်ပေါ်-ကလာပ်ပေါ်-ဉာဏ်ပေါ် .... .... ၁၁၃
ငယ်ထိပ်တွင် အဘယ်ကြောင့် သတိထားရသနည်း .... ၁၂၁
ဒါနစင်ကြယ်ခြင်း အကြောင်းတရား .... .... ၁၂၄
မှတ်သားစရာ အဖြာဖြာ .... .... .... ၁၂၆
ဆရာတော်ဘုရားကြီးများ၏ သတိပေးနှိုးဆော်ခဏ်း .... ၁၃၆


**မာတိကာ ပြီး၏။**



နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# အခန်း ( ၁ )

## လူဖြစ်ရခြင်း၏အကျိုး

ဤခေတ်ကြီးထဲတွင် လူလာ ဖြစ်ကြရသော သူတော်စင် အပေါင်းတို့သည် အလွန်မှ ကံကောင်းကြလေသည်။ အဘယ် ကြောင့်နည်းဟူမူ-

၁။ ဘုရားများပွင့်သည့် ဘဒ္ဒကမ္ဘာတွင် လူလာဖြစ်ရသော ကြောင့် လည်းကောင်း,

၂။ ဗုဒ္ဓုပ္ပါဒ သာသနာတော်ကြီးအတွင်း ကြုံကြိုက်ရခြင်း ကြောင့် လည်းကောင်း,

၃။ မနုဿတ္တဘာဝ လူစင်စစ် ဖြစ်ရခြင်းကြောင့် လည်း ကောင်း,

၄။ ပဗ္ဗဇ္ဇိတဘာ၀ အကုသိုလ် ကိလေသာတို့ကို ဒါန-သီလ- သမထနဲ့ စရဏတရား (၁၅)ပါးနဲ့ နှင်ထုတ်ပယ်ရှား ကာ မနေရခြင်းကြောင့် လည်းကောင်း

၅။ သဒ္ဓါသမ္ပတ္တိ-ဘုရား၊ တရား၊ သံဃာ ရတနာ၃ဌ ယုံကြည် ခြင်းကြောင့် လည်းကောင်း

၆၊ သဒ္ဓမ္မသဿ၀န် ဓါတ်ဘုရား၊ကလာပ်တရား၊ပရမတ်တရား တို့ကို ကြားနာခွင့် ရခြင်းကြောင့်လည်းကောင်း

၇။ ငါတို့လူ ဖြစ်သေးမီ နှစ်ပေါင်း ၂၅၄၇-နှစ် စော၍ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာ သုံးပါး က ကြိုဆိုနေခြင်းကြောင့် လည်းကောင်း

၈။ မြတ်စွာဘုရားက သာသနာ ၅၀၀၀-ပေးထား ခဲ့ခြင်း ကြောင့်လည်းကောင်း–

ဤအချက်များကို ကြည့်ခြင်းအားဖြင့် ယခုခေတ်တွင်လူလာ ဖြစ်ရခြင်းအကျိုးသည် အဘယ်မျှ ကံထူးသူများ ဖြစ်ကြသည်ကို သိရှိအပ်၏၊ဘုရားပွင့်တော်မူသောအခါ ဘုရားသာသနာရှိသော အခါသည် အခါကောင်းမည်သည်။ လူဘ၀-နတ်ဘ၀ကဲ့သို့ သုဂတိဘ၀ရှိကြသည်လည်း ဘ၀ကောင်းရသည်မည်၏၊

ဘုရားရှင် လက်ထက်တော်က ရဟန်းကြီးတပါးသည် အမြင် မှန်, အသိမှန်မရရှိ၍ ဘုရားရှင်ကိုယ်တော်တိုင်က (တုစ္ဆ၊ ရိတ္တ၊ မောဃ) ဟု ပြစ်တင်ကဲ့ရဲ့ရသူပင်ရှိခဲ့သေး၏။

ထိုရဟန်းကြီးသည် အာဇာနည်ရဟန်းတော်ကြီး ပေါ်ဋ္ဌိလ မည်၏။ရဟန်းကြီးသည် သာမန်ပုဂ္ဂိုလ်မျှမဟုတ်ပဲ အောက်ပါ အချက်အလက်များနှင့် ပြည့်စုံသူဖြစ်၏။

၁။ တဆယ့်ရှစ်ရပ်သော တိုက်တာကြီးတို့၌ စာချပုဂ္ဂိုလ် အကျော်အမော်ကြီးဖြစ်ခြင်း,

၂။ သက်တော်ထင်ရှားရှိသော ဘုရားရှင်ကို ဖူးမျှော်ရ- ပူဇော်ရ-မှီလိုက်ရခြင်း,

၃။ ဝိပဿီဘုရားရှင်ကြီးကစ၍ ဘုရား (၇) ဆူထံ၌ ပိဋကတ် သုံးပုံ-နိကာယ်ငါးရပ်-အင်္ဂါကိုးတန်- ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို နှုတ်တက်အာဂုမ် ဆောင်ရွက်လျက် လာခဲ့ရခြင်း,

၄။ သင်သိ မေးသိ နာသိ ဆောင်သိဆင်ချင်သိဟူသော ပရိယတ္တိ အသိဉာဏ်, သုတမယအသိဉာဏ်, စိန္တာမယ အသိဉာဏ်, အနုဗောဓ အသိဉာဏ်စခန်း၌ တစ်ဂဏာန်း ဝိဇ္ဇာဘွဲ့ကြီးကို ရရှိနေခြင်း,

၅။ ၂၂၇ - သွယ်သောသိက္ခာပုဒ် - ကုဋေကိုးထောင်ကျော် သော သိက္ခာပုဒ်တို့၌ အရိယာဖြူစင် လုံခြုံလျက်နေ ခြင်း-

ဤကဲ့သို့သောဂုဏ်တို့ဖြင့် အတုမရှိ-အဓိပတိ ဇာနည်ဉက္ကဋ္ဌ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်၍ နေပါလျက် ပရိယတ္တိတန်း-ပဋိပတ္တိတန်း- ပဋိဝေဓတန်း (၃) တန်းတွင် အောက်ဆုံးတန်း သောက်နှင့် တင်းတိမ်ရောင့်ရဲနေသဖြင့်, အပါယ်တံခါးမပိတ်သေး, ဆင်းရဲ သံသရာမပြတ်သေးရကား ထိုပေါဋ္ဌိလကို မြတ်စွာဘုရားက တုစ္ဆ-ရိတ္တ- မောဃ (အချည်းနှီးအနှစ်မရှိ အချိန်ကုန်နေသည်) ဟူ၍ ကဲ့ရဲ့ပြစ်တင်ခဲ့လေသည်။

နောက်မှ စာမတတ်ရှာသော ရှင်သူငယ်ထံ၌ ကျင့်ကြံမှု ရဟန်းကိစ္စပြီးမြောက်လေသည်။ ယခုခေတ်ပရိယတ်ပုဂ္ဂိုလ်များလည်း ပေါ်ပွလကဲ့သို့ စာမတတ်သော ရှင်ထံမှာနည်းခံရန်မလိုမှုပဲ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်ကို ယုံကြည်စွာဖြင့် ကိုယ်တိုင်ထင်ရှားဖြစ်အောင် ကျင့်ကြံအားထုတ်သင့်လှ၏။

ယောဂီသူတော်စင်များတို့သည် မိမိကိုယ်တိုင် လက်တွေ့ကျင့်စဉ်ကို မလုပ်ကြည့်မူပဲ သူတပါးဟောပြောသည်ကို ယုံမှားမိ၍ သံသရာရှည်ကြာလှသည်ကိုလည်း တွေးဆကြည့်သင့်၏၊ မည်သည့်တရားပင်ဖြစ်စေ နည်းနာခံကြည့်ပြီး၊ မိမိအနေဖြင့် လက်တွေ့ဘဝဖြင့် မှတ်ကျောက်တင်ပြီး ကြည့်ရှုပါက ဒိဋ္ဌဓမ္မ အကျိုးပေးရလက်အကျိုးထူးကိုခံစားရ၍ ဆင်းရဲသံသရာ ပြတ်ကြလိမ့်မည်။ အလွယ်မြင်-အလွယ်တွေး-အလွယ်ကျင့်၍ အခက်ကြီးငါးခက်ကြောင့် ကိုယ်ရဲ့ရခဲလှစွာသော လူ့ဘောင်ဘဝကြီးသည် ပျက်စီးရပေတော့သည်။ ဆင်းရဲသံသရာသည်လည်း ရှည်လှ၏။ ဤအခက်ကြီး တွေကြောင့် ဘဝမပျက်ရအောင် ယောဂီ သူတော်စင်များအားတင်ပြပါမည်၊

## အခက်ကြီးငါးခက်ကား

၁။ ဝိဇ္ဇာစရဏဉာဏ်ပညာကို လက်ကိုင်မထားကြပဲ နီးရာကို အသက်စွဲ ယုံကြည်ခြင်းအခက်။

၂။ စာမတတ်သော ဆရာအား အကျင့်ကိုမေးခြင်းအခက်၊ စာတတ်ပါလျက် စာမတတ်သော ရှင်သူငယ်ထံအကျင့်၌ နည်းခံရသေး၏၊ စာတခြား-အကျင့်တခြား ဖြစ်ရ

သည်။ မဟာသိဝ-မဟာနာဂတို့ထုံးကို နှလုံးမူသင့်၏။ သဘင်သည်ကို ဘုရင့်အလုပ် မေးသကဲ့သို့ အရှုးနာလှ၏။

၃။ အမေးခံရသော စာတတ်ဆရာကလည်း ကျင့်၍မကြည့်သေးပဲ စာအထင်နှင့် ရော၍ ပြောခြင်းသည် အခက်တခက်ဖြစ်၏။ ပေါဋ္ဌိလလောက် စာမတတ်ပါပဲလျက် (ကိုယ့်အရာလည်းမဟုတ်ပါပဲလျက်)အထင်ဖြင့်စေတနာသတ်လိုက် ခြင်းသည် (အဓမ္မံဓမ္မောတိဒီပေတိ) စသော ၁ဂ-ချက် ငြိနေပြန်သည်။

ဓမ္မဿအဝဏ္ဏံဘာသတိ၊ငြိပြန်ရကား....အရှုးရှစ်ပါးတွင် မိမိပါဝင် နေကြောင်း ဖော်ပြခြင်းတည်း။ ထိုဆရာတို့သည်ပင် မိမိနှင့်သဘောတူသူအား သူခိုး သေဖော်ညှိသလိုမေးကြည့်ပါလေဟု ကိုယ်အရှုးတွင်မနေပဲသူတပါးအရှုးကိုပါ ဆွဲထည့်ခြင်းသည်လည်း အခက်တခုဖြစ်၏။ ဤကဲ့သို့ ပြုလုပ်ဆောင်ခြင်း၊ သာသနာ သတ်ခြင်း၊ စေတနာ သဒ္ဓါတရား သတ်ခြင်းသည် လူသတ်မှုထက် ပို၍အပြစ်ကြီးသောကြောင့်တည်း။

၅။ တသက်လုံးကျင့်၍မျှ မကြည့်မူပဲ ပရိယတ္တိအောက်တန်းလောက်နှင့်သာ အသက်ဆုံးခံရခြင်းသည် အခက်တခက်ဖြစ်၏။ ထို့ကြောင့် ပေါဋ္ဌိလ ဝတ္ထုကို တင်ပြလိုက်ရခြင်း ဖြစ်၏။

ရပ်နေသူလည်းအရှုးဂ-ပါးထဲတွင်တပါးအပါအဝင်ဖြစ်၏။ ထို့ကြောင့် ပဋိပတ် အရေးကို ပရိယတ်သမား

အား သွားရောက်မေးခြင်းသည် အရှုးတမျိုးပဲဟု ဆိုရိုး ရှိချေ၏။ သစ်မျိုး-သစ်မှန် သိစေရန် လက်သမားကို မေးရသလို ရောဂါအတွက် ပျောက်စေမှုကား ဆေး ဆရာကို မေးခြင်းဟာ ပိုမိုသဘာဝကျပေ၏။

ဝိပဿနာ တရားအားထုတ်သော နည်းမျိုးစုံရှိကြရာ ကျွန်ုပ် ယခုရေးသားတင်ပြမည့် ကျွန်ုပ်တို့ကျေးဇူးရှင် ဥက္ကာစာဂီဆရာ တော် ဘုရားကြီးနည်း ဖြစ်ပေသည်။ ဝိပဿနာတရား ဟော ကြား ပြသရာတွင် ခန္ဓာကိုယ်ထဲက ဖြစ်ပျက်နေသည့် ဓာတ်ပေါ် ပရမတ်ပေါ်- ရုပ်ပေါ်- နာမ်ပေါ် စေရန်နှင့် ပေါ်ပုံ တို့ကို ရေးသားရာတွင် အယူအဆလွဲတတ်သည်လည်း ရှိကြပါသည်။

မှန်ကန်ချက်ကန်းသေ မလွဲပုံမှာ ခန္ဓာကိုယ်ထဲ၌ အမြဲပေါ်၍ကာယ ဝိညာဏ်ဖြင့်တွေ့သိ သိလိုက်ရခြင်း, မနောဝိညာဏ်ဖြင့် သိလိုက် ရ, မြင်လိုက်ရသော ရုပ်ဖြစ်ပုံ, နာမ်ဖြစ်ပုံတို့ကို အားထုတ်ကြည့်၍ မိမိ ကိုယ်တိုင်လည်း ဤကဲ့သို့ ပေါ်ဘူး-တွေ့ဘူး-သိဘူးမှသာ စိတ်ချလက်ချ ယုံကြည် နိုင်ပေမည်။ မပေါ်ဘူး, မတွေ့ဘူး, မသိဘူး သူများကို စိတ်ချလက်ချ ကိန်းသေ ယုံကြည်နိုင်မည် မဟုတ်ပေ။ ထိုကဲ့သို့ မယုံကြည်ခြင်းကို ပြသသော ဟောကြား သော ဆရာများက အပြစ်မြင်၍ မဖြစ်နိုင်ပေ။ အကြောင်း မူကား မပေါ်ဘူး, မတွေ့ဘူးသူများ ဖြစ်သောကြောင့်တည်း၊ မစားဘူးသောသူအား အရသာမသိရကောင်းလားဟု အပြစ် တင်သည်နှင့်တူ၏။

(ဥပမာ) ပဋ္ဌဝက္ကိငါးဦးကို "ငါဘုရားဖြစ်ခဲ့ပြီး" ဟု ပြော လျှင် မယုံကြည်ရှာကြပေ။ သုံးကြိမ်တိုင်တိုင် ပြောယူရ သေး၏။

ဘုရားသျှင်၏ တရားတော်ကို နာကြားရ၍ ခါတ်သားပေါ်မှ ကိစ္စပြီးငြိမ်း ယုံကြည်ကြ၏ ထိုမှတပါး နောက်တဖန် ဥပမာကား- ပုက္ကုသာတိရဟန်းသည် ဘုရားနှင့်တွေ့၍ တရားနာနေစဉ် ဘုရားမှန်းမသိရှာပေ။ နောက်မှဘုရားဟောတရားတော်ကို ကြားနာရ၍ သေချာစွာမြင်လာသဖြင့် ခါတ်ပြောင်းပြီးသွားမှ "ဤသူကား ဘုရားပါတကား" ဟု ယုံကြည်ပြီး ကန်တော့၏။ ယခုရေးသားရမည့် (ခန္ဓာကိုယ်၌ အမြဲပေါ်နေသော ပရမတ်သဘောတရားမျှကို) အက္ခရာသင်္ချာနည်း၊ သင်္ကေတပညတ်ဖြင့် တင်ဆောင်၍ ရေးသားရာ၌ သဘာဝကျကျနန မဆိုက်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ပရမတ်သဘောကို ပညတ်သဘောဖြင့် ရေးရ-ဟောရ-ပြောရ သောကြောင့် ဖြစ်လေသည်။

အမှန်အတိုင်း ဆိုက်လို-တွေ့လို-ထင်လို-မြင်လို-သိလိုသော ပုဂ္ဂိုလ်သည် ခါတ်ပေါ်အောင် အားထုတ်ကြည့်မှ သဘာဝဆိုက်ဆိုက် မိပါလိမ့်မည်။

**ဥပမာ**- လူတယောက်သည် မုံ့လုပ်တတ်၏၊ လုပ်မစား၊ "ဒီမုံ့ချိုမှာပဲ" ဟု မှန်းဆ၍သိ၏၊ အရသာမခံစားရ။ အခြားတယောက်မှာကား နည်းခံ၍လုပ်၏၊ စား၏၊ အမှန်သိ၊ တကယ်သိ၏၊ တကယ် အရသာခံစားရ၍ ဝေဒနာကိုပါ တွေ့လိုက်ရသေး၏၊ အပြစ်တင်လိုဟန် ရှိသူများကား-

၁၊ အဟုတ်အဟက်နည်းကို အားထုတ်၍မကြည့်သေး၊

၂။ ခါတ်လည်းမပေါက်သေး၊သဘောလည်းမပေါက်သေး၊

၃။ အတွင်းခါတ်လည်း မပြောင်းသေးသော- ပုဂ္ဂိုလ်များသည် အပြစ်တင်ရန် အလျင်စလို မဖြစ်သင့်ပေ။

## စာမတတ်သော်လည်း တရားရနိုင်သည်

ဤနေရာတွင် ဘုရားရှင်လက်ထက်တော်က ဝိပဿနာတရားအားထုတ်လျက်ရှိကြသော ယောဂီအပေါင်းအား ခန္ဓာဓာတ်ပေါက် မပေါက်၊ ဓာတ်ပေါက်၍ ကိစ္စပြီးမြောက်သော ပုဂ္ဂိုလ်များကို စိစစ်မေးမြန်းပုံကို တင်ပြလိုက်ပါသည်။

၁။ ကိန္တေအဓိကတံ၊(ဤပါဠိဖြင့်၊ဘယ်ဈာန်ဘယ်ဝိမောက္ခ၊ ဘယ်မဂ်၊ ဘယ်ဖိုလ်ကို ရပါသနည်း)

၂။ ကိန္တိတေအဓိကတံ၊ (ဤပါဠိဖြင့်၊ အနိစ္စကို မြင်၍ ရသလော၊ ဒုက္ခတို့ကို မြင်၍ ရသလော၊ အနတ္တကို (အဇ္ဈတ္တကို၊ ဗဟိဒ္ဓကို) မြင်၍ရပါသလော၊ သမာဓိတည်၍လော၊ ဝိပဿနာပွား၍လောဟု မေး၏။)

၃။ ကဒါတေအဓိကတံ၊(ဤပါဠိဖြင့်၊နံနက်ချိန်၌ရသလော၊ နေ့လယ်ချိန်၌ ရသလော၊ ရက်လနှစ်တွင် ဘယ်ရက်-ဘယ်လ-ဘယ်နှစ်၌ ရသနည်း-ဟု မေး၏။)

၄။ ကတ္ထတေအဓိကတံ၊ (ဤပါဠိဖြင့်၊ ကျောင်း-သစ်ပင်-မဏ္ဍပ်-လိုဏ်ဂူ-ဇရပ်တန်ဆောင်း တို့တွင် ဘယ်ဌာန၌ ရသနည်း-ဟု မေး၏။)

၅။ ကတမေကိလေသာ ပဟီနာ၊ (ဤပါဠိဖြင့် သင်သည် ဤတရားကို ရ၏-ဟု ဆိုလျှင် အဘယ် ကိလေသာများကို ပယ်နိုင်၊ ငြိမ်းနိုင်၊ ချုပ်စေနိုင်သနည်း- ဟု မေး၏။)

၉။ ကတမေသံတွ ဓမ္မာနံလာဘီ၊(ဤပါဠိဖြင့် အဘယ်ဈာန် အထိ ရသနည်း၊ဘယ်မဂ်အထိရသနည်း၊ ဘယ်ဖိုလ်အထိ ရသနည်း၊ဘယ်အာရုံအထိ ရသနည်း–ဟုမေး၏။)

ဤကဲ့သို့ မေးမြန်းရာတွင် ဓါတ်ပေါက်မပေါက် ပုစ္ဆာ (၂) ချက်၌ပင် ကွဲလွဲချက်ရှိလာတော့၏၊ ဤနည်းဖြင့် စစ်ဆေးခြင်း အားဖြင့် ဝိပဿနာတရားအလုပ်ပြီး မပြီး သိရှိနိုင်လေသည်။

ဗုဒ္ဓဘုရားရှင်တော်မြတ်ကိုယ်တော်တိုင်ပင်–

ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယံအနိမိသံ

တတိယစင်္ကမံ စတုတ္ထံရတနာဃရံ–

ဟူ၍ဟောထား၏။

ဘုရားသျှင်ကိုယ်တော်တိုင်ပင် ဗောဓိပင်သတ္တာဟ၏ ပထမ ရက်၌ ဘုရားဖြစ်၏၊ ၎င်း ၇–ရက်လုံး။ ဒုတိယအနိမိသ–၇–ရက် လုံး၊တတိယ စင်္ကမ–နောက်–၇–ရက်လုံး၊ ရက်ပေါင်း–၂၁– ရက်တိုင်တိုင် အဘိဓမ္မာကိုမသုံးသပ်သေးပေ၊ စတုတ္ထရတနာဃ ရသတ္တာဟ–၂၂–ရက်ရောက်မှ အဘိဓမ္မာ–၇–ကျမ်းကို သုံးသပ် ပါသည်။ ငါသည်ဘုရားဖြစ်အောင် ရုပ်နာမ်ကိုရှု၏၊ ဘုရားဖြစ် ပြီး–၂၁–ရက်လွန်မှ စာပေဘက်ကိုလုံးလပြုသည်ဟုဘုရားရှင်က နောင်လာနောက်သားတို့ကို ဟောကြားခဲ့ပါသည်။

ဘုရားဖြစ်စ၌ပင် မိဂဒါဝုန်တော၌ စာမတတ်သေးသော ပဥ္စဝဂ္ဂီငါးဦးနှင့် (၁၈)ကုဋေသော နတ်ပြဟ္မာ တွေကို မဂ်ဖိုလ် ရစေ၏။

ယသဝဂ္ဂီစသော–၅၄–ဦးသော စာမတတ်သူတို့ကို မဂ်ဖိုလ် ရစေ၏။ စာမတတ်သေးသော ဘဒ္ဒဝဂ္ဂီ–၃–ကျိတ်တို့ကိုလည်း

ကောင်း, ဥရုဝေလကဿပစသော တထောင်သော စာမတတ်သူတို့ကိုလည်းကောင်း ရာဇဂြိုဟ်ပြည်၌ တသိန်း တသောင်းသော စာမတတ်သူတို့ကိုလည်းကောင်း, ကပိလဝတ်ပြည်မှ အမတ်တသောင်းကိုလည်းကောင်း-စာမတတ်ပဲ မဂ်ဖိုလ်ကို ရရှိစေ၏၊(မဟာဝါပါဠိတော်)။

စာပေအရာ၌ အလွန်တတ်မြောက်ပြီး သံဃာ ငါးရာအား စာချနေသော ပေါဠိလသည်ပင် စာမတတ်သော သာမဏေ ကလေးထံကမ္မဋ္ဌာန်းထိုင်နည်းယူ၍ အားထုတ်ရပုံကို သိရှိကြရန် ဖြစ်၏။မမ္မဒိန္နထေရ်၏ဆရာသည် စာမတတ်ပဲလျက် တပည့်ထံ နည်းခံ၍ အားထုတ်ရ၏။ ဝိပဿနာတရား အားထုတ်ရာတွင် စာတတ် မတတ်သည်ပဓါန မဟုတ်ပေ၊ ကြိုးစားမှုလုံ့လဝီရိယသည်သာ အဓိကဖြစ်၏။

ယောဂီ အပေါင်း တို့သည် ဝိပဿနာတရားကို ကိုယ်တွေ့ အားထုတ်ကြည့်နိုင်ရန် ပဏ္ဏာမရေးသားလို၏။

ဝိပဿနာ ဆိုတာ အတိတ်က ဖြစ်ခဲ့ပြီးသော ရုပ်နာမ်ကို ရှုရမည်လော၊ မဖြစ်သေးသော အနာဂတ် ရုပ်နာမ်ကို ရှုရမည်လော၊ ဖြစ်နေတုန်း ပစ္စုပ္ပန်ရုပ်နာမ်ကိုရှုရမည်လော-တွေးတော၊ မေးမြန်းစရာရှိ၏။

သဘာဝကျကျစဉ်းစားဖို့လို၏၊ အတိတ်ကဖြစ်ပျက်ပြီးသော အကြောင်းတရား တို့သည် ပြန်လည် စဉ်းစားရဦးမည် ဖြစ်၍ အကြောင်းမထူးတော့ပြီ။ အတိတ်က ရုပ်နာမ်သည်ကား ချုပ်ငြိမ်းသွားပြီဖြစ်၍ ရှုဘို့ရန် မလိုတော့ပြီ၊ ရှုလည်း မြင်နိုင်စွမ်း မရှိတော့ချေ၊ အနာဂတ် ရုပ်နာမ်ကို ရှုမည် ဆိုပြန်တော့လည်း

မဖြစ်သေးသည်ကို တွေးတောပြီး လုပ်ယူတာ ရှုရမည် ဖြစ်၍ ဝိပဿနာအတုချည်းသာ ဖြစ်ပေတော့မည်၊ ထို့ကြောင့်ပစ္စုပ္ပန် ရုပ်နာမ်ကိုသာ ယခုဖြစ်နေတုန်းမို့ ရှုရမည်၊ ရှုလျှင်လည်း မြင်နိုင်၏၊ လက်ငင်း လက်တွေ့မြင်၍ခဝတ်ပြောင်းမည်။ ထို့ကြောင့် ဘုရားသျှင်က–

အတီတံနာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။
အသံဟီရံအသံကုပ္ပံ၊ တံဝိဒွါမနုဗြူဟယေ–

ဟူ၍ ဟောတော်မူခဲ့လေသည်။

ဝိပဿနာဆိုတာ ကာယဝိညာဏ်ဖြင့် တကယ်တန်း တွေ့သိ၍ ဉာဏ်ဖြင့် တကယ်တန်း မြင်ပါမှ အာသဝေါ တရားကုန်ခမ်းနိုင်မည်– ဟု ဟောပါသည်။

ဇာနတော ယံ ဘိက္ခဝေ ပဿတော
အာသဝါနံ ခယံဝဒါမိ၊ အဇာနတော
နောအပဿတော။ (မူလပဏ္ဏာသပါဠိတော်)

ဝိပဿနာဆိုသည်ကား စာကိုရ၍ ထင်မြင်နေရုံဖြင့် ကိစ္စမပြီးသေးချေ။ ကာယဉာဏ်ဖြင့် တွေ့သိ၍ ဉာဏ်ဖြင့် မြင်နိုင်ပါမှ လိုရင်းရောက်ပြီး ခဝတ်ပေါက်နိုင်မည်၊ တွေးသိ–ဆသိတို့ကား လိုရင်းသို့မရောက်နိုင်ချေ၊ ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် ပုထုဇဉ်ဘဝမှကူး၍ အရိယာဘဝသို့ တသံသရာလုံးအပယ်တံခါးပိတ်၍ ဆင်းရဲသံသရာ ပြတ်၍ နေလိုကြသော် သင်္တ

ရုပ်နာမ် အဟုတ်အမှန်ကို ပထမ တွေ့အောင် ရှာ၍ ရှုရမည်၊ မှတ်ရမည်၊ သင်္ခတကိုရှုရင်းနှင့် မှတ်ရင်းနှင့် အသင်္ခတနိဗ္ဗာန်သို့ ရောက်သွားတတ်ပါသည်။

လမ်းဆုံးတော့ ရွာရောက်ဆိုတာလို သင်္ခတ တရား လမ်းမှန်ဟာလဲ ဆုံးတော့ နိရောဓဖြစ်၍ ရွာရောက်သွားသည်ဆိုသည်မှာ နိဗ္ဗာန်သို့ ရောက်သွားသည်-ဟုဆိုလို၏။

## အဝိဇ္ဇာနှင့်တဏှာသတ်နည်း

ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သမုတိသစ္စာနှင့်ပရမတ္ထသစ္စာကိုကွဲမှသာလျှင် ဝိပဿနာ ဘာဝနာအလုပ်တွင် သဿတဒိဋ္ဌိ - ဥစ္ဆေဒဒိဋ္ဌိ - သက္ကာယဒိဋ္ဌိ စသည်တို့ကွာရန် လွယ်ကူနိုင်လေသည်။

ပရမတ္ထသစ္စာ၌ လူ- နတ်- ဗြဟ္မာ- သတ္တဝါမရှိ၊ ကာမဇရုပ်ဟူသော ခန္ဓာငါးပါး ဖြစ်စဉ်သာရှိ၏။ ယင်းခန္ဓာငါးပါးသည် (နတ္ထိခန္ဓသမာဒုက္ခာ) သုခ မပါ၊ ဒုက္ခအတိသာဖြစ်၏။ ၎င်းဒုက္ခကို ပညာမျက်စိဖြင့် မြင်နိုင်အောင် နည်းမှန် လမ်းမှန်ဖြင့် ရှာကြံသင့်လှ၏။ ထိုခန္ဓာငါးပါး ဒုက္ခကင်းငြိမ်း ချုပ်ပျောက်သွားစေရန် ဗုဒ္ဓ မြတ်စွာဘုရားသည် ပွင့်တော် မူရလေသည်။ ဤစကားမှာ အလွန်မှန်လှ၏၊ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်း ဘေးဒုက္ခသုံးပါး မရှိပါက ငါဘုရားပွင့်တော်မူရန် မလိုဘော့ပြီ- ဟု ဟောတော်မူ၏။ အချုပ်အားဖြင့်ခန္ဓာငါးပါး ချုပ်ငြိမ်းရန် ဘုရားပွင့်တော်မူရခြင်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါအပေါင်းတို့၏ ဒုက္ခအငဝတို့ကို ကင်းငြိမ်းစေရန်- **သစ္စာလေးပါးနည်းဖြင့် ဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သော တဏှာကို သတ်ရန် ဟောတော်မူ၏။ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် အဝိဇ္ဇာကိုသတ်ရန်** ဟောတော်မူ၏။

ဝိပဿနာတရားကို ကြိုးစား အားထုတ်လျက် ရှိကြသော ယောဂီအပေါင်းသည် "နိဗ္ဗာန်ကို" အလိုရှိသူချည်းသာ ဖြစ်၏။ နိဗ္ဗာန်ကို အလိုရှိသူတိုင်းသည်"တဏှာနှင့်အဝိဇ္ဇာ"ကို ပယ်သတ် ရပေမည်။ ဤအချက်သည် အရေးကြီးဆုံး ပဓာန အချက်ကြီး တရပ်ဖြစ်၍ ယောဂီတို့ စွဲမြဲ သိရှိထားရပေမည်။ အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာဝယ် ဒုက္ခအမျိုးမျိုးကျင်လည်နေရပုံကို သိသောအခါ ထိုအဝိဇ္ဇာနှင့် တဏှာကို ကုန်အောင်ကြိုးစား ရသောနည်းကို ရှာကြရ၏။ ထိုနည်းကို ဘုရားတဆူ ပွင့်တော် မူမှသာ ဘုရားဟောတော်မူ၍ သိကြရ၏။

သမုဒ္ဒရာသို့ စီးဝင်သော မြစ်ပေါင်း များစွာ ရှိသကဲ့သို့ သံသရာ၏ တဘက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ဝင်ဘို့ရန်လည်း ကမ္မဋ္ဌာန်းတည်းဟူသော မြစ်လက်တက်များစွာရှိ၏။ ကမ္မဋ္ဌာန်း အားထုတ်ရာတွင် အဝိဇ္ဇာနှင့်တဏှာ နည်း၍နည်း၍ လာမှသာ ထိုကမ္မဋ္ဌာန်းလမ်းစဉ်သည် မှန်သောလမ်းစဉ် ဖြစ်၏၊ ကမ္မဋ္ဌာန်း အားထုတ်သော်လည်း အဝိဇ္ဇာနှင့်တဏှာမနည်းလျှင် ကမ္မဋ္ဌာန်း သော်လည်း မှားနေလိမ့်မည်၊ သို့မဟုတ် မိမိသော်လည်း အဝိဇ္ဇာ နှင့် တဏှာ နည်းလိုသောဆန္ဒမရှိသောကြောင့်ဖြစ်ပေလိမ့်မည်။

ရှည်လျားစွာသော အစမထင်သည့် ဘဝများစွာတို့ပတ်လုံး ဒုက္ခခံနေကြရခြင်းမှာ အဝိဇ္ဇာနှင့် တဏှာတို့ကြောင့်ဖြစ်သည်ကို

ကောင်းစွာ သိရှိနိုင်ပြန်သည်။ (နိဒါန၀ဂ္ဂ သံယုတ်ပါဠိတော်၊ အနမတဂ္ဂသံယုတ်-ပထမသုတ်-ဆဋ္ဌမူ-၃၇၇) ၌ ဖော်ပြထားသည်ကား—

အနမတဂ္ဂေါ ယံဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ-
ကောဋိ နပညာတိ၊အဝိဇ္ဇာနိဝရဏာနံ တဏှာ-
သံယောဇနာနံ သန္ဓာဝိတံ သံသရိတံ။

ရဟန်းတို့-ဤခန္ဓာခတ်တို့၏ မပြတ်လည်၍ဖြစ်မှု ဟူသော သံသရာအစကို မသိနိုင်၊ အဝိဇ္ဇာ အမိုက်တိုက်ဖြင့် မွေးယှက်အပ်ကုန်သော တဏှာတည်းဟူသောကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်သော ဤဘ၀မှသည် ထိုဘ၀-ထိုဘ၀မှသည် ဤဘ၀သို့ ကျင်လည်ပြေးသွားကုန်သော သတ္တ၀ါတို့၏ ရှေ့အစွန်းသည် မထင်ရှားအလွန်ရှည်လျားလှ၏ - ဟု ဟောတော်မူလေသည်၊ ဤသို့ အဝိဇ္ဇာနှင့်တဏှာကို မပယ်သတ်ပဲ လက်ခံထားရှိပါက နောင်ဘ၀အဆက်ဆက် ဒုက္ခခံနေကြရမည်ကို သိအပ်လှပေ၏။

ဤတွင် တဏှာအတွက် နည်းလမ်း ဖော်ပြလိုပေသည်၊ (မဇ္ဈိမပဏ္ဏာသ ၀တ္တနဝဂ်၌ ဟောတော်မူရာ၌ ဆဋ္ဌမူ-၃၆၉)

ရဟန်းတို့- ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားတည်း၊ အကြင် တဏှာသည် ဘ၀သစ်၌ ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း - တပ်မက်ခြင်းနှင့်တကွဖြစ်၏၊ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏၊ ထို တပ်မက်မှုတဏှာဟူသည် အဘယ်နည်း၊ကာမ၌ တပ်မက်မှု ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်မှု ဘ၀တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိ

နှင့်တကွဖြစ်သော ဝိဘဝတဏှာတို့တည်း၊ ဤကား—ဒုက္ခဖြစ်ရခြင်းအကြောင်းမှာ သစ္စာလေးပါးနည်းအရ တဏှာအရင်းခံဖြစ်ခြင်းကြောင့် ဖြစ်၏-ဟု ပြဆို၏။

နောက်တဖန် ပဋိစ္စသမုပ္ပာဒ် နည်းအရ ဒုက္ခ ဖြစ် ရ ခြင်း အကြောင်းမှာ အဝိဇ္ဇာကြောင့် ဖြစ်လေသည်။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

အို-ရဟန်းတို့၊ ဒုက္ခ၏အကြောင်းရင်းဖြစ်သော အရိယသစ္စာသည် အဘယ်နည်း ဟူမူကား—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ-
ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ
ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ
ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ
ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ
ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမု-
ဒယော ဟောတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခ-
သမုဒယံ အရိယသစ္စံ။

(အင်္ဂုတ္တိုရ်ပါဠိ-ဆဋ္ဌမူ မြန်မာပြန်)

အဝိဇ္ဇာ ဟူသောအကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရ ဟူသောအကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏၊

ဝိညာဏ် ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏၊ နာမ်ရုပ် ဟူသောအကြောင်းကြောင့် သဠာယတနသည် ဖြစ်၏၊ သဠာယတန ဟူသောအကြောင်းကြောင့် ဖဿသည် ဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏၊ ဝေဒနာ ဟူသောအကြောင်းကြောင့် တဏှာသည် ဖြစ်၏၊တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည် ဖြစ်၏၊ ဥပါဒါန် ဟူသော အကြောင်းကြောင့် ဘဝ ဖြစ်၏၊ ဘဝ ဟူသော အကြောင်း ကြောင့် ဇာတိသည် ဖြစ်၏၊ ဇာတိ ဟူသောအကြောင်းကြောင့် အိုမှု–သေမှု–စိုးရိမ်ရမှု–ငိုကြွေးရမှု–ဆင်းရဲရမှု-နှလုံးမသာယာမှု-ပြင်းထန်စွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်၏၊ ဤသို့ ချမ်းသာမဖက် သက်သက်သော ဒုက္ခအစုစု၏ ဖြစ်ပေါ်ကြောင်းသည် ဖြစ်၏၊ အို–ရဟန်းတို့၊ ဤ ဆိုအပ်ခဲ့ပြီးသည်ကို ဒုက္ခ၏ အကြောင်း သမုဒယသစ္စာ–ဟူ၍ ဆိုအပ်၏။

ဤပါဠိတော်အရ ဒုက္ခဖြစ်ရခြင်းအကြောင်းရင်းမှာ အဝိဇ္ဇာ ဟု ဟောတော်မူ၏။

## ပန်းတောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒ နှိုးဆော်ချက်

သမန္တ ပါသာဒိက ဂဏ္ဍက္ကဋ္ဌ နာနာနယ သမ္ပုဏ္ဏ ပိဋကဆေက နိကာယ ပါရဂူ ဉာဏကောသရှိ အစစ်ဖြစ်ကြီး ဖြစ် တော် မူ သော ပန်းတောင်း ဆရာတော်၏ ဩဝါဒမှာ–

ယော ဟိ ဗုဒ္ဓေသု ဓရန္တေသုပိ စတ္တာရော
သတိပဋ္ဌာနေ နဘာဝေတိ၊ တဿ သဒ္ဓမ္မော
အန္တရဟိတောနာမ ဟောတိ။

ပါဠိဒေသနာ မဟာဝဂ္ဂ ညွှန်ပြဖော်ထုတ်သော သံယုတ် အဋ္ဌကထာအလို အဓိပ္ပာယ်ပြန်ဆိုရမူ—

အကြင်ပုဂ္ဂိုလ်သည် သမန္တစက္ခု သဗ္ဗညုဘုရား ထင်ရှား ရှိတော်မူပါလျက်လည်း ပမာဒတရား မေ့လျော့ခြင်းများသဖြင့်-

၁။ ကိုယ်၌ ရှုဆင်ခြင်ခြင်း ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနာ၌ရှုဆင်ခြင်ခြင်း ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ်၌ရှုဆင်ခြင်ခြင်း စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ နီဝရဏငါးတန်နှင့်တကွ ဥပါဒါနက္ခန္ဓာငါးပါး အစ ရှိကုန်သော တရားတို့၌ ရှုဆင်ခြင်ခြင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်အားဖြင့် လေးပါးကုန်သော သတိပဋ္ဌာန် တရားတို့ကို စီးဖြန်းအားထား မပွားများခဲ့ချေ။လုံ့လ ချို့တဲ့ အကျိုးမဲ့ခြင်းဖြင့်သာ ကာလကုန်လွန်စေ၏။

ယင်းကဲ့သို့ သတိ ပညာ သဒ္ဓါလွတ်ကင်း၍ ချွတ်ယွင်းလေ သော ထိုပုဂ္ဂိုလ်အား သူတော်ကောင်းတို့၏ တရားအစစ်အမှန် အဘိုးအနဂ္ဃထိုက်တန်သော ရတနာထက်ရတနာ—အလွန်တရာ မွန်မြတ်သည်ထက် မွန်မြတ်လှစွာသော မဂ်ဖိုလ်နိဗ္ဗာန်တည်း ဟူသော တရားရတနာတော်ကြီးသည် ပျက်စီးဆုတ်ယုတ်မပေါ် မလွင် မထင်တိမ်မြုပ်၍ ကွယ်ချုပ်ခြင်းမည်သည် ဖြစ်လေတော့ ၏-ဟူသည်ကိုကြံစည်နက်လေး ဉာဏ်ဖြင့်တွေးလျက် လေးပါး

သော သတိပဋ္ဌာန်ကို (ဒွိန္နံဖလာနံ့ အညတရံ ဖလံ ပါဋိကင်္ခံ။) အာမခံ ပဋိညာဉ်အလား ဟောတော်မူအပ်သော စကားကို ယုံကြည်လေးစားသောအားဖြင့် ပွားများနိုင်ကြပါစေသောဝ်။

(ပထမန္နိုးဆော်ချက် ဩဝါဒကထာ)။

## အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်ဘုရားကြီး၏ ဒုတိယ ဩဝါဒကထာ။

ဒိဋ္ဌိဂတိကော ဟိ သုခါဒိဝေဒနံ အတ္တာတိ
ဂဟေတွာ အဟံကာရ မမံကာရ ပရာမာသ
ဝသေန သဗ္ဗာဝ ယောနိ ဂတိ ဝိညာဏ
ဋ္ဌိတိ သတ္တဝါသေသု ဇာတော ဇာတော
စဝိတွာ အတ္ထ တတ္ထ ဥပပဇ္ဇန္တော မဟာ-
သမုဒ္ဒေ ဝါတုက္ခိတ္တ နာဝါဝိယ တံတံ
သမိတံ ပရိဗ္ဘမတိ၊ ဝဋ္ဋတော သီသံ ဥက္ခိပိတုံ-
ယေဝ န သက္ကောတိ။

သီလက္ခန် အဋ္ဌကထာ၊ ကျမ်းလာစကားအရ ဥပါသကာ ဥပါသကီတို့မှာ ဒိဋ္ဌိဂတိက ပုဂ္ဂိုလ်အဖြစ်မှ စင်စစ်မချွတ် ကင်းလွတ်စေရာ၏။ ထိုစကားမှန်၏။ သုခအစရှိသော ချမ်းသာ သဖြင့်ခံစားမှု, ဝေဒယိတလက္ခဏာရှိသော ဝေဒနာကို မိမိ ကိုယ် ဟူသော အတ္တပင်တည်း-ဟု မှောက်မှားမြင်သိအယူရှိ သော ဒိဋ္ဌိဂတိက ပုဂ္ဂိုလ်သည်-

ငါဟူသော မာန်မူခြင်း–အဟံကာရ

ငါပိုင်ထိုက်စွာ ငါ့ဥစ္စာဟူသော မမံကာရ

စိတ်ထားမှားသော သုံးသပ်ခြင်း ပရာမာသ၏ အစွမ်းအားဖြင့် ကာမ–ရူပ–အရူပဘုံ အလုံးစုံသော ဘဝ ၃–ပါး, ယောနိ ၄–ပါး, ဂတိ ၅–ပါး, ဝိညာဏဋ္ဌိတိ ၇–ပါး, သတ္တဝါသ ၉–ပါးတို့၌ ထိုထိုဘဝ ထိုထိုဂတိ စသည်တို့မှ စုတိတဖန် ဖေါက်ပြန်ရွေ့လျော့ပြီးကာ၊ ထိုထိုဘဝစသည်တို့၌ ပင်မူလဝဋ်မြစ် အဝိဇ္ဇာ တဏှာဟူသော တရားညစ် ၂–ပါးကို အရဟတ္တမဂ်ဉာဏ် သန်လျက်ဓါးဖြင့် နုတ်ပစ်ပယ်ရှားခြင်းငှာ မစွမ်းနိုင်ရကား–

အကြိမ်ကြိမ် အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဖြစ်ရခြင်းကို ဥပမာ အားဖြင့် ညွှန်ရသော် အလွန်တရာ နက်ရှိုင်းစွာသော မဟာသမုဒ္ဒရာပြင်ကျယ် ပင်လယ်ကြော၌ ဝါယောဓါတ် တည်းဟူသော လေမုန်တိုင်းကြီး အားသည်းလွှမ်းမိုးလျက် တိုးဝှေ့ထန်ပြင်း တိုက်ခတ်ခြင်း လေဒဏ်ကိုခံရသော လှေငယ် တံကင်းသည် မငြင်းမဆန် မခုခံနိုင်တော့ဘဲ လေဆောင်ကြဉ်းရာ, လေပို့ရောက်ရာ ထိုထိုခရီး, ထိုထိုရေယာဉ်အနီးသို့ မရပ်မတည် ပတ်ပတ်လည်၍ ရွေ့ကာမျောကာ လိုက်ပါရ လေသည်နှင့်မခြား ခန္ဓာငါးပါးကို အတ္တဟူ၍ အမြင်မှားဘိသော ဒိဋ္ဌိဂတိကပုဂ္ဂိုလ်ဟူက ဘဝ–ဂတိ–ယောနိ စသည် ထိုထို၌ ဤ၌လှည့်လည်မြင့်ကြာ သံသရာရေယဉ်ကြော၌ တမျော တည်း မျောနေရလျက် ကိလေသ, ကမ္မ, ဝိပါက ဟူသော

ပူလောင်လှွန်ကဲ ဝဋ်ဆင်းရဲမှ လွတ်ရဲအံ့ငှာ ဥက္ကောင်းကိုမှ မြောက်ထူမ၍ ချိုကြွခြင်းငှာ မစွမ်းနိုင်အောင် ဖွဲ့နှောင်စွန်းငြိသော ဒိဋ္ဌိဂတိကဟူ မိစ္ဆာအယူဖမ်းသဖြင့် မစွမ်းနိုင်လေတော့သတည်း—ဟုကြက်သည်းထိတ်လန့် ကြောက်ရွံ့ဘွယ် ဘေးကို လေးလေးနက်နက် မိန့်မြွက်သံချေ ဖွင့်ပြပေသော ဒေသနာစကားကို နာကြားကြရသဖြင့် အခွင့်သင့်စွာ ဗုဒ္ဓုပ္ပါဒနဝမ ဤခေတ်၌မိစ္ဆာဥာဏ် မမြေးမရစ်ရအောင် ဘာဝနာတရားကို အားသစ်နိုင်ကြပါစေ ကုန်သတည်း။

# အခန်း (၂)

## ဘုရားရှင်၏ အလိုဆန္ဒ

ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ရှင်တော်ဘုရားသည် ကိုယ်တော်၏ ဆန္ဒတော်အတိုင်း သမ္မာဒိဋ္ဌိ–ဗုဒ္ဓဘာသာဝင် လူမျိုးများ အမြဲလိုက်နာကျင့်သုံးကြရန် ညီတော် အာနန္ဒာအား မှာကြားခဲ့သည်မှာ–

ချစ်သားအနန္ဒာ– ဤစကြာဝဠာ တိုက်တသောင်းအတွင်း၌ ရှိနေကြကုန်သော ပန်း သစ်ပင်အပေါင်းနှင့်တကွ များစွာသော နတ်, ဗြဟ္မာ အပေါင်းတို့သည် အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် ငါဘုရားအား ပူဇော်သည် မမည်သေး။ လောကုတ္တရာအား လျှော်ကန်သောအမှုကို ပြုသည်မမည်သေး၊

အမြတ်တနိုးပြုသည်မမည်သေး။ ချစ်သားအာနန္ဒာ အကြင် ဥပါသကာ, ဥပါသကီ တို့သည်လည်းကောင်း, ရဟန်း ယောက်ျား, ရဟန်းမိန်းမတို့သည်လည်းကောင်း, ငါပညတ် တော်မူသော ဝါရိတ္တသီလ(ကျူးလွန်လျှင်အပြစ်ရှိသည် ဖြစ်၍ ဤအမှုကို မကျူးလွန်ရဟု ဘုရားကတားမြစ်ခြင်း) စာရိတ္တ သီလ (နေ့လွဲညစာ ရှောင်ကြဉ်ခြင်း ကဲ့သို့သော အကျိုး ဖြစ်သော အကျင့် သီလ၊ ရှောင်ကြဉ်လျှင် ကုသိုလ်ရ၏။ မရှောင်ကြဉ်လျှင် ကုသိုလ်မရ၊ အပြစ်မရှိ) တို့ကို ရိုသေ စွာ ကျင့်ဆောင်ကုန်၏။ (ဓမ္မာနု-ဓမ္မပဋိပန္န)ဟု ဆိုအပ်သော လောကုတ္တရာ တရားအား လျော်ကန်သောအကျင့်တို့ကို ရိုသေ စွာ ကျင့်၍ နေကုန်၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို ရိုသေ လေးမြတ်သည်မည်၏။ ချစ်မြတ်နိုး ရှိခိုးပူဇော်သည် မည်၏။

ထို့ကြောင့် ငါဘုရား၏ သာသနာ၌ ချမ်းသာကိုအလိုရှိ ကြကုန်သော ဥပါသကာ-ဥပါသကီ-ဘိက္ခု-ဘိက္ခုနီအများတို့ သည် လောကုတ္တရာ တရားတို့၏ ရှေ့အဘို့ဖြစ်သော ကျင့်ဝတ် ပဋိပတ်ကိုသာ ရိုသေစွာ ကျင့်သုံးကုန်ရာ၏- ဟူ၍ ဟောတော်မူ သတည်း။

ဤနေရာတွင် ဘုရားရှင် ကိုယ်တော်မြတ်သည် ဝိပဿနာ ဘာဝနာ တရားတော်ကို ကျင့်ကြံပွားများ အားထုတ်စိမ့်သော ငှာ ဟောကြားခြင်းဖြစ်၏။ ဝိပဿနာ ပွားများအားထုတ်ခြင်း ၏ အကျိုးများပုံ အာနိသင်ကြီးမားပုံတို့ကို အမျိုးမျိုး ဥပမာ ပေး၍ ဟောကြားတော် မူခဲ့လေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် စိတ္တသုခ, ကာယသုခ နှစ်ဖြာကို အလိုရှိကြ၍ ရှာကြံနေကြသည်၊ ထိုကဲ့သို့ ရှာကြံကြရာတွင် အမှန်ရှိ တကယ်ရှိသော သုခချမ်းသာခြင်းတရားသည် အဘယ်နည်းကိုဆိုသည်ကို သိရှိဘို့လို၏။ ဤသည်ကိုသိရှိနိုင်ရန်အတွက် ဝိပဿနာ တရားတော်၏ အကျိုးအာနိသင်နှင့် တန်ခိုးဗျာဒိများကို အနည်းငယ် တင်ပြလိုက်ရပါသည်။

ထိုကဲ့သို့ ရေးသားရာ၌ သူတော်စင် အပေါင်း တို့အား မိမိကိုယ်တိုင် ဝိပဿနာတရားကို ပွားများ အားထုတ်စေလိုသော ဆန္ဒရင်းရှိခြင်း ဝိဿနာ ဘာဝနာပညာကို ပေးဝေလှူဒါန်းလိုခြင်း ဗုဒ္ဓမြတ်စွာသည် ဒါန – သီလ – သမထ ဘာဝနာတို့ထက် ဝိပဿနာ ဘာဝနာပွားများမှုကိုသာ အလိုရှိတော်မူခြင်းကို သိရှိစိမ့်သောငှာ ရေးသားရပါသည်။

ထို့ကြောင့် ဝိပဿနာ ချီးမွမ်းခန်းကို အထူးတလည် ထည့်သွင်းရေးသားရပါသည်။

မြတ်စွာဘုရား လက်ထက်တော်၌ အနာထပိဏ်သဌေးကြီးတွင် ကာလမည်သော သားတယောက်ရှိရာ မြတ်စွာဘုရား ထံတွင် တရားဘာဝနာ နာကြားရန် စေလွှတ်သော်လည်း မသွားမရောက်ဘဲနေ၏။ ထိုအခါ ဖခင်လုပ်သူက ဘုရားထံ သွားရောက်ပြီး တပုဒ်သောဂါထာကို သင်ယူပါက အသပြာ တထောင်ပေးအံ့ဟု စေလွှတ်လိုက်၏။ သားကလေး မောင်ကာလသည် ဘုရားရှင် သင်ပေးသော ဂါထာကို သင်ယူရာ၌ သောတာပန်အဖြစ်သို့ ရောက်သွားလေ၏။ အိမ်သို့ပြန်ရောက်

သော် ဖခင်က ပေးသော အသပြာတထောင်ကို မယူတော့ပေ။ မောင်ကာလသည် လောကတွင် အမွန်မြတ်ဆုံးသော အရာကို သိရှိ သွားလေသောကြောင့်တည်း၊ ဤသို့လျှင် အနာထပိဏ်သဌေးသား မောင်ကာလကို အကြောင်းပြု၍ အောက်ပါဂါထာကို ဟောကြားတော်မူ၏။

"ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
(ဓမ္မပဒပါဠိတော်၊ လောကဝဂ် "ဆဌမူ")

အဓိပ္ပါယ်ကား—

မြေတပြင်လုံး၌ ဧကရာဇ်မင်း ဖြစ်ရသည်ထက်လည်းကောင်း, နတ်ပြည်–ဗြဟ္မာပြည်သို့ ရောက်ရသည်ထက်လည်းကောင်း, တလောကလုံးကိုအစိုးရသည်ထက်လည်းကောင်း–သောတာပန် ဖြစ်ရခြင်းသည်မြတ်၏–ဟုဆို၏။

ဤ၌ သိရှိအပ်သည်မှာ သောတာပန် ဖြစ်ရခြင်းထက် နတ်ပြည်–ဗြဟ္မာပြည်သို့ ရောက်ရှိရသော ပုထုဇဉ် နတ်ဗြဟ္မာတို့ထက် သောတာပန်က သာလွန်ကြောင်းကို ထင်ရှားစွာသိအပ်လေသည်။ အကြောင်းသော်ကား ပုထုဇဉ် နတ်ဗြဟ္မာတို့မှာ အပါယ်လေးပါး တံခါးများကို အပြီးအပိုင် မပိတ်နိုင်သေးသောကြောင့်ဖြစ်၏။

ထို့ကြောင့်"ဗြဟ္မာပြည်တဝင်းဝင်း ဝက်စာကျင်း တရှုတ်ရှုတ်"ဟူ၍ ပြောစမှတ်ပြုကြ၏။ သောတာပန်ဖြစ်၍ အပါယ်

လေးပါး တံခါးပိတ်စေရန် ပုထုဇဉ် လူတန်းစား အသီးသီး သောတာပန်ဖြစ်ထားရန် ကြိုးစားအပ်လှ၏။ သောတာပန် ဖြစ်ပြီးပါက ဝိသာခါ-အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံလိုကလည်း စံနိုင်လေသည်။

သုတ်ပါထေယျပါဠိတော် အဂ္ဂညသုတ်တော်၌

ဝိဇ္ဇာစရဏ သမ္ပန္နော၊ သော သေဋ္ဌော ဒေဝမာနုသေတိ။

နတ်လူအပေါင်း၌ (အကြွင်းသူသည်) အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့်ပြည့်စုံ၏။ ထိုသူသည်မြတ်၏-ဟု ဟောခြင်းမှာလည်း ဝိဿနာကို ချီးမွမ်းဂုဏ်ပြုထား၏။

မြတ်စွာဘုရားသည် ဝိပဿနာတရားကို ကျင့်ကြံပွားများ အားထုတ်စိမ့်သောငှာ ရဟန်းသံဃာများအား မူလပဏ္ဏာသ ပါဠိတော်၊ အာကင်္ခေယသုတ်တွင် ဟောကြား ထားသည်ကတော့....

သီတင်းသုံးဖော်တို့၏ ချစ်ခင်မြတ်နိုး လေးစားမှု-ချီးမွမ်းမှုကို အလိုရှိပါမူ သီလဖြင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများအားထုတ်ရာ၏။

ကျောင်း- သင်္ကန်း- ဆွမ်း-ဆေးတို့ အထောက်အပံ့ အသုံးအဆောင်တို့ကို အလိုရှိပါမူ သီလဖြင့် ပြည့်စုံစေ၍ ဝိပဿနာတရားကို ပွားများအားထုတ်ရာ၏။

မိမိအား လှူဒါန်းသော အလှူဒါနအတွက် ကုသိုလ်ရှင်တို့၌ အကျိုးကျေးဇူး ကြီးမားစွာ ပြန်လည်ရရှိစေလိုပါမူ သီလဖြင့် ပြည့်စုံ၍ ဝိပဿနာကို ပွားများအားထုတ်ရာ၏၊ ဤသဘောကိုပင် အင်္ဂုတ္တိုရ်ပါဠိတော် "ဒသနိပါတ်"၌လည်းဟောတော်မူ၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နိဒါနသံယုတ်၌လည်း-

ရဟန်းတို့- မိမိအား ကျောင်း- သင်္ကန်း - ဆွမ်း - ဆေး အထောက်အပံ့ အသုံးအဆောင်တို့ကို လှူဒါန်းကြပါကုန်၏၊ ၎င်းကုသိုလ်ရှင်တို့၌ အကျိုးကြီးမားစွာ ပြန်လည်ရရှိကြစေရန် ခန္ဓာငါးပါး၌ ရုပ်နာမ်တို့ ခွဲခြားဆင်ခြင်ခြင်း, ထိုရုပ်နာမ်တို့၏ ဖြစ်ပေါ်မှု-ပျက်စီးမှု စသည်တို့မှ အစပြု၍ နိဗ္ဗာန် မဂ်ဖိုလ်သို့ ရောက်ရှိရန် ကြိုးစားအားထုတ်ကြကုန်လော့။

မိမိအကျိုးကို လည်းကောင်း, သူတပါးအကျိုးကို လည်းကောင်း, မိမိအကျိုး-သူတပါးအကျိုးနှစ်ပါးလုံးကိုလည်းကောင်း ကောင်းစွာ မြင်နေသောသူသည် မမေ့မလျော့သော လုံ့လဖြင့် ပြည့်စုံရ၏-ဟု ညွှန်ပြတော်မူလေသည်။

ရှင်တော်ဘုရားလက်ထက်တော်က အရှင်ဝက္ကလိသည် ဖျားနာနေခြင်းကြောင့် ဗုဒ္ဓမြတ်စွာအား “အရှင်ဘုရား-တပည့်တော်သည် လာရောက်ဖူးမြော်ရန် မတတ်နိုင်တော့ပါဘုရား” ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် မန္ဓသံယုတ်ထေရဝဂ်ဝက္ကလိသုတ်၌—

အလံဝက္ကလိ—

ကိန္တေ ပူတိကာယေန ဒိဋ္ဌေန၊ ယော
ခေါ ဝက္ကလိ ဓမ္မံပဿတိ၊ သော မံပဿတိ။ ယော
မံပဿတိ၊ သော ဓမ္မံပဿတိ၊ ဓမ္မံ ဟိ ဝက္ကလိ
ပဿန္တော မံပဿတိ၊ မံပဿန္တော ဓမ္မံပဿတိ-ဟု ဟောတော်မူ၏။

ဝက္ကလိ-မသင့်လျော်-

ဤအကောင်ပုပ်ကို သင်ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုး ရှိမည်နည်း၊ဝက္ကလိတရားကိုမြင်သောသူသည် ငါဘုရားမြင်သည် မည်၏၊ ငါဘုရားကို မြင်သူသည် တရားကိုမြင်သည် မည်၏၊ ဝက္ကလိ မှန်၏၊ တရားကိုမြင်လျှင် ငါ့ကို မြင်၏၊ ငါ့ကိုမြင်လျှင် တရားကိုမြင်၏။

ယင်းသို့ ဟောတော်မူခြင်းကြောင့် ရှိခိုးခြင်းမပြုရ-ဟု မဆို လို၊ ရှိခိုးနေခြင်းထက် တရားတော်ကို လိုက်နာကျင့်သုံး ပွား များနေခြင်းက သာလွန် ပိုမိုအကျိုးကြီးမားခြင်းကို ဟောတော် မူသည် ဖြစ်၏။

ဤပါဠိတော်အရလည်းဗုဒ္ဓမြတ်စွာအားလာရောက်ရှိခိုးခြင်း ထက် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေခြင်းက သာလွန် ပိုမို အလိုရှိတော်မူခြင်းကို သိအပ်စေ၏။

တရားနှင့်မပြည့်စုံသော သူတော်ကောင်းမဟုတ်သူတို့ မည် သည် အမျိုးမြတ်ခြင်း-ထင်ရှား ကျော်စောခြင်း-လာဘ် ပေါ များခြင်းဖြင့် မိမိကိုယ်ကို ချီးမြှောက်၍ သူတပါ ကို ရှုတ်ချ၏၊ တရားနှင့်ပြည့်စုံသော သူတော်ကောင်းတို့မူကား ဤသို့ မဟုတ် ရာ၊ အမျိုးမြတ်ခြင်း-ထင်ရှားကျော်စောခြင်း-လာဘ်ပေါများ ခြင်းတို့သည် လောဘ, ဒေါသ, မောဟကုန်ခြင်းသို့ မရောက်၊ လောကုတ္တရာတရားအား လျော်သောအကျင့် ကျင့်၏၊ တရား နှင့်လျော်စွာ ကျင့်၏၊ ထို အမျိုးမြတ်ခြင်း-ထင်ရှားကျော်စော ခြင်း-လာဘ်ပေါများခြင်းတို့ဖြင့် မိမိကိုယ်ကို မချီးမြှောက်၊ သူ တပါးအားလည်း မရှုတ်ချပေ။

သူတော်ကောင်း မဟုတ်သူတို့သည် ဗဟုသုတ များခြင်း-ဝိနည်းကို ဆောင်ခြင်း-တရားဟောတတ်ခြင်းတို့ဖြင့်ချီးမြှောက်၍ သူတပ ါးကို ရှုတ်ချ၏၊သူတော်ကောင်းသည်ကား ဤသို့မဟုတ်၊ ဗဟုသုတ များခြင်း-ဝိနည်းတော်ကို ဆောင်ခြင်း-တရားဟော တတ်ခြင်းတို့သည် လောဘ, ဒေါသ, မောဟ ကုန်ခြင်းသို့ မရောက်၊လောကုတ္တရာတရားအားလျော်သောအကျင့်ကိုကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်၏၊ ထို ဗဟုသုတများခြင်း-ဝိနည်းတော် ကိုဆောင်ခြင်း-တရားဟောတတ်ခြင်းတို့ဖြင့် မိမိကိုယ်ကို မချီး မြှောက်၊ သူတပ ါးအား မရှုတ်ချ။

သူတော်ကောင်းမဟုတ်သူသည် ဓုတင်ကို ဆောက်တည်၏၊ ဤ ဓုတင်ဆောက်တည်ခြင်းဖြင့် မိမိကို ချီးမြှောက်၍ သူတပ ါး ကို ရှုတ်ချ၏။

သူတော်ကောင်းသည်ကား ဤသို့မဟုတ်၊ ဓုတင် ဆောက် တည်ခြင်းသည် လောဘ, ဒေါသ, မောဟကုန်ခြင်းသို့မရောက်၊ လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်၏၊ တရားနှင့် လျော်စွာ ကျင့်၏၊ ထို ဓုတင်ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို မချီးမြှောက်၊ သူတပ ါးအား မရှုတ်ချ။

ဤဒေသနာသည် ဝိပဿနာ ချီးမွမ်းခြင်းတရပ်ဖြစ်ကြောင်း ထင်ရှား၏။

ရဟန်းတို့-မိဘနှစ်ပ ါး၏ ကျေးဇူးသည် အလွန်ကြီးမား၏၊ လွယ်ကူစွာ ကျေးဇူးမဆပ်နိုင်၊ သားသမီးသည် မိဘနှစ်ပ ါးအား အနှစ်တရာပတ်လုံး ပုခုံးထက်၌တင်၍ လုပ်ကျွေးပြုစုသော်လည်း မိဘကျေးဇူးကို တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေး။

ရဟန်းတို့ - များစွာသော ရတနာတို့နှင့် ပြည့်စုံစေသော မဟာပထဝီမြေကြီးကို အုပ်စိုးသော မင်းစည်းစိမ်၌ တည်ရှိစေသော်လည်း မိဘကျေးဇူး တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေး။

ဤသို့မဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်းဆိုသော် မိဘကျေးဇူးသည် အလွန်ကြီးမားသောကြောင့်ဖြစ်၏။

ရဟန်းတို့ အကြင်သူသည် သဒ္ဓါတရားမရှိသေးသော မိဘတို့ကို သဒ္ဓါတရားရှိလာအောင်, မလှူဒါန်းသည်ကို လှူဒါန်းလာအောင်, သီလမရှိသေးသည်ကိုသီလရှိလာအောင်,ပညာမရှိသေးသည်ကို ပညာနှင့်ပြည့်စုံလာအောင်, ဤသို့ ပြုခြင်းသာလျှင် မိဘတို့၏ကျေးဇူးကို တုံ့ပြန်ဆပ်သည်မည်၏-ဟု ဟောတော်မူ၏။

(အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ် "သမစိတ္တဝဂ်" ဆဋ္ဌမူ-မြန်မာပြန်-၇၅)

ဤတွင် ပညာဆိုသည်မှာ ဝိပဿနာ ပညာကိုဆိုခြင်းမည်၏။ "သုတ်သီလက္ခန် ပါဠိတော်-သောဏဒဏ္ဍသုတ်" တွင်လည်း သီလနှင့်ပညာသည် အမြတ်ဆုံးဖြစ်၏။ ဤတွင်လည်း ပညာဆိုသည်မှာ ဝိပဿနာ ပညာ-ဟု ညွှန်ပြတော်မူ၏။

အချုပ်ဆိုရသော် မိဘကိုသော်လည်းကောင်း, အခြားသော မိမိ၏ ကျေးဇူးရှင်များကို သော်လည်းကောင်း ကျေးဇူးဆပ်ကြရာတွင် ဝိပဿနာ ဘာဝနာကို သဘာဝ ကျအောင် နည်းမှန်, လမ်းမှန်ဖြစ်အောင် သင်ပြပေးခြင်းသည် အကောင်း

ဆုံး ကျေးဆပ်ခြင်းမည်၏—ဟု သိအပ်သည်။ ဤသည်မှာ ဝိပဿနာကို ချီးမွမ်းထားခြင်းဖြစ်၏။

ဥပမာ—

နွားရှင်တို့အား နွားတို့ကို ရေတွက် အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွား၏ နို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန် ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်များ ဟောကြားနေကြသော်လည်း မကျင့်, မကြံ, မေ့လျော့ ပေါ့တန် နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်။ မဂ်ဖိုလ်အရသာကို မခံစားရ။

ဤညွှန်ပြချက်တွင်စာပေပို့ချသင်ပြပေးနေခြင်းသည် မကောင်းမဟုတ်၊ ကောင်းသည်ဖြစ်၏။၊ သို့ရာတွင်စာပေပို့ချ သင်ပေးနေခြင်း၌သာ ရပ်တန့်မနေမူ၍ ဝိပဿနာလုပ်ငန်း တဆင့်တက်ရန် ညွှန်ပြခြင်းဖြစ်သည်။ အရှင်ပေါဋ္ဌိလအား ညွှန်ပြသော သဘောမျိုးဖြစ်၏။

ဝိဿနာတရား အားမထုတ်လျှင် သံသရာလည်ကြရပေဦးမည်။ သံသရာမှ လွတ်မြောက်ရန်အတွက် ဝိပဿနာတရားအားထုတ်ရကြောင်း ဘုရားဟောတော်မူခဲ့၏။ ဝိပဿနာအားမထုတ်၍ ကျွန်ုပ်တို့ဘုရားအလောင်းတော်ကြီးပင် သံသရာလည်ခဲ့ရသေးသည်။ ဗုဒ္ဓ ဘုရားရှင်ပင် ဗောဓိပင်အောက် ရွှေပလ္လင်တော်ပေါ်ရောက်မှ ဝိပဿနာတရား အားထုတ်၍ သဗ္ဗညုတ ဉာဏ်တော်ရပြီး ဘုရားအဖြစ်သို့ ရောက်တော်မူရလေသည်။

ဝိပဿနာ တရား အားမထုတ်သ၍ သံသရာ လည်ပုံ အကြောင်းကို အနမတဂ္ဂသံယုတ် – နခသိခ သုတ်တော်မှ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

–အထခေါ ဧတေဝ ဗဟုတရာ၊ သတ္တာယေ
ပေတ္တိဝိသယာစုတာ၊ ပေတ္တိ ဝိသယေ ပစ္စာ–
ဇာယန္တိ၊ တံကိဿဟေတု၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ
စတုန္နံ အရိယသစ္စာနံ။

ယေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ ပေတ္တိဝိသယာ၊ ပြိတ္တာဘုံမှ၊ စုတာ၊ စုတေကြကုန်၍၊ ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌၊ ပစ္စာဇာယန္တိ၊ ပြန်လည်၍ ရောက်ကြရပေကုန်၏၊အထခေါ၊ စင်စစ်သော်ကား။ ဧတေဝ၊ ဤပြိတ္တာဘုံမှသေ၍ ပြိတ္တာဘုံသို့ ပြန်လည် ရောက်ကြကုန်သော သတ္တဝါတို့ သာလျှင်။ ဗဟုတရာ၊ အလွန်များပြားစွာကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့၊ တံ၊ ထိုပြိတ္တာဘုံမှ သေ၍ ပြိတ္တာဘုံ၌ ပြန်၍ ရောက်ကြရခြင်းသည်၊ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်နည်းဟူမူကား–

ဘိက္ခဝေ၊ ချစ်သားတို့။ စတုန္နံ၊ လေးပါးကုန်သော၊ အရိယ သစ္စာနံ၊ အရိယာသစ္စာတို့ကို၊ အဒိဋ္ဌတ္တာ၊ ဝိပဿနာကို အားမထုတ်သဖြင့် ဝိပဿနာပညာ, မဂ်ပညာဖြင့် မမြင်ရသောကြောင့်ပင်တည်း။

တဖန် ဝိပဿနာ အားထုတ်ခြင်းဖြင့် သံသရာမှ လွတ်မြောက်ပုံ, သံသရာပြတ်ပုံတို့ကိုလည်း ယောဂီများ သိရှိနိုင်စိမ့်

သော်ငှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ ဂါထာနှစ်ပုဒ် ရေးသား တင်ပြလိုက်ရပါသည်။

ဣတိ နေကာဟိနာမေဟိ၊ ကိတ္တိတာ ယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။ ။
ဝုဋ္ဌာတုကာမော သံသာရာ၊ ဒုက္ခပင်္ကာ မဟဗ္ဘယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတ ဇာတိကော။

(ဝိသုဒ္ဓိမဂ်–အဋ္ဌကထာ အနုသာသနီဂါထာ)

ဣတိ–ဤသို့။ အနေကာဟိ၊ များစွာလည်း ဖြစ်ကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ မဂ်ရောက်ကြောင်း ဖြစ်သော၊ သန္တာ၊ ကိလေသာကို ငြိမ်းစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကြင်မှ စင်ကြယ်သော။ ယာဝိပဿနာ၊ မဂ်၏တည်ရာ အကြင်ဝိပဿနာကို၊ အဟံ၊ ငါဘုရားသည်၊ ကိတ္တိတာ၊ ဟောကြား ချီးမွမ်းအပ်လေပြီ။ မဟဗ္ဘယာ၊ ကြောက်ဘွယ်၊ လန့်ဘွယ်၊ ဘေး အန္တရာယ်ကြီးစွာသော၊ သံသာရဒုက္ခပင်္ကာ၊ သံသရာဝဲဆင်းရဲ စွာသော ရွံ့ဗွက်ထဲမှ။ ဝုဋ္ဌာတုကာမော၊ ကူးတက်လွတ်မြောက် လိုသော၊ ပဏ္ဍိတဇာတိကော၊ တိဟိတ် ပဋိသန်ဇာတိဉာဏ် အားကြီးသော သူမြတ်သည်။ တတ္ထ၊ ထိုမဂ်၏တည်ရာ ဝိပဿနာ ၌။ သတတံ၊ အမြဲမပြတ်။ ယောဂံ၊ ပွားများ အားထုတ်ခြင်းကို။ ကရေယျ၊ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ဘဲ အဟုတ်ပင် ကြိုးစားပြုကျင့်ရာသတည်း။

ထို့ကြောင့် ယောဂီအပေါင်းတို့သည် သံသရာမှလွတ်မြောက် ကြောင်း တရားဖြစ်သော ဝိပဿနာတရားကို အားထုတ်ရာ၏။

ယခုအခါတွင် ဝိဿနာ ဘာဝနာပွားများ အားထုတ်ကြသည်မှာ ဗမာတပြည်လုံးတွင် အနှံ့အပြား တိုးတက်ပွားများလာသည်ကို လူတိုင်းတွေ့ရှိနိုင်၏။

ဝိပဿနာတရားသည် **အကောင်းဆုံး-အတိုဆုံး-အသက်သာဆုံးသော တရားဖြစ်သည်။** အကြောင်းရင်းရှာသော် ဗုဒ္ဓဘာသာ တရားတွင် ဝိပဿနာ ဘာဝနာ ပွားများခြင်းသည် ဒါနထက်လည်း မြတ်၏။ သီလထက်လည်း မြတ်၏။ သမထထက်လည်းမြတ်၏။ ဒုက္ခအပေါင်းမှ ကင်းလွတ်စေပြီး အပါယ်လေးပါး တံခါးများကို အသေအချာ ပိတ်နိုင်လေသည်။ ဗုဒ္ဓဘာသာတရားတော်တွင် အတွင်္ဂအထိပ်ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန် ရောက်ရှိရေးတွင် အကောင်းဆုံး—အတိုဆုံး—အသက်သာဆုံးသောနည်းလမ်းဖြစ်ခြင်းကို ဘုရားရှင် ကိုယ်တော်တိုင် ပါဠိတော်အရပ်ရပ်တွင် ထပ်ခါထပ်ခါ အကြိမ်ကြိမ်သွန်သင်ဟောကြား ပြသတော်မူခဲ့ကြောင်း တွေ့ရှိနိုင်လေသည်။

ထို့ကြောင့် ဝိပဿနာ ဘာဝနာပွားများရေး ကျင့်စဉ်ကို ဗမာလူမျိုးတို့သာလျှင် လေ့ကျင့် ပွားများသည်မဟုတ်။ တိုင်းတပါးသားတွေပင် ယခုအခါလာရောက်လေ့လာပြီး ကိုယ်တိုင်ကျင့်ကြံ ပွားများ အားထုတ်ကြသည်ကို တွေ့ရှိရသည်။ အချို့တို့သည် နည်းမှန် လမ်းမှန်များကို ရရှိသွားကြသလို အချို့တို့မှာ နည်းမှား လမ်းမှားများကို အမှန်ထင်ခါ လေ့လာမှတ်သား၍ ပြန်သွားကြသည်။ ဤသည်ကို တွေးကြည့်လျှင် အလွန် စိတ်မကောင်းစရာ ကောင်းလှ၏။ မသိသေးသော မတတ်သေးသော မမြင်ဘူးသေးသောသူအား အမှန်မြင်—အမှန်

သိအောင် သွန်သင်ပြသတို့ တာဝန်သည် သိပြီး—တတ်ပြီး အားထုတ်ပြီးသောသူများ (ယောဂီများ) ၏ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် နည်းမှန် လမ်းမှန်သိသော လက်တွေ့ကျင့်သော ကိုယ်တွေ့ဖြစ်သော ဆရာကောင်းများ လိုသည်။ ထို ဆရာများထံတွင် နည်းနာခံသျခံသင့်လှ၏။

လောကီရေးတွင် မျက်စိကန်းသော် ဤဘဝအတွက်သာ ဆုံးရှုံးရာ၏၊ လောကုတ္တရာရေးတွင် မျက်စိကန်းခြင်းကား သံသရာတခုလုံး ဆုံးရှုံးရပေတော့မည်။ ထို့ကြောင့် ဝိပဿနာ တရားတွင် လုပ်နည်းမှန်ဘို့ အရေးကြီး၏၊ အရောင်ပြောင်လက်တိုင်းလည်း ရွှေမဟုတ်သည်ကို သတိပြုကြရပေမည်။ ရွှေဟုတ်သည် မဟုတ်သည်ကို သိရှိနိုင်ရန် မှတ်ကျောက်တွင် တင်ကြည့်သကဲ့သို့ တရားစစ် တရားမှန်ဖြစ်သည် မဖြစ်သည်ကို သိဘို့ရန်အတွက် လက်တွေ့ ကျင့်စဉ်တွင် တင်ကြည့်ရပေမည်။ ဆရာကောင်းများနှင့် နီးကပ်စွာ ချဉ်းကပ်ပြီး လေ့လာမေးမြန်း ဆည်းပူးသင့်လှ၏။ ဆရာကောင်း ရှာဖွေရာတွင် ပါဠိတော်များတွင် များစွာ ဟောထားသော်မူ၏။ သို့သော် အနည်းအကျဉ်းမျှသာ ဖော်ညွှန်း ရေးသားလိုက်ပါသည်။

သာသနာပြုမင်း အမတ်တို့ မည်သည် ပညာရှိသည့် လယ်လုပ် ယောက်ျားကဲ့သို့ မကျင့်ရာ၏။ကျင့်ဟန်ကား စပါးပင်နှင့် အလားတူ၍၊ ရောနှော၍ ပေါက်သော မြက်ကို စပါးအားရှိစေခြင်းငှာ ပညာရှိ လယ်လုပ် ယောက်ျားတို့သည် ထိုမြက်ကိုနှုတ်၍ ပယ်ကုန်သတည်း။ သို့ပယ်ခြင်းကြောင့် စပါး

သီးအားရှိ၍ အသီးကောင်းသတည်း။ အသီးကောင်းခြင်းကြောင့် စီးပွားအများဖြစ်သတည်း။

ပညာမဲ့ လယ်လုပ်ယောကျ်ားတို့ကား စပါးပင်နှင့် အသွင်အလားတူသည့် မြက်ကိုခြားနား၍မသိ၊ မသိခြင်းကြောင့်စပါးပင်ကိုနှုတ်ပာန် ခန့်ညား၍ ပေါင်းမြက်ကိုမပယ်ပဲ ထား၏၊ မပယ်ခြင်းကြောင့် စပါးပင်ညံ့၏။အပင်ညံ့၍ အသီးနည်း၏၊ အသီးနည်း၍ အရနည်း၏။ အမှုနည်း၍ မသုံးလောက်။ မသုံးလောက်၍ သူမြီဘင်၏။ သူမြီမဆပ်နိုင်၍၊ သူ့ကျွန် ဖြစ်ရသကဲ့သို့ သာသနာပြု မင်းနှင့်အမတ်ဆိုလျက် သိက္ခာရှိသည် မရှိသည်၊ သာသနာတော်၌ လျော်သည် မလျော်သည်ကို သိအောင် ဗဟုသုတမရှိ၍ သာသနာတော်၌အညစ်အကြေးကို မရှင်းလင်းနိုင်ချေသော် ပညာမဲ့ လယ်လုပ်ယောကျ်ား သူ့ကျွန်ဖြစ်ရသကဲ့သို့တည်း–စသည်ဖြင့် (အတုလ ဆရာတော်ဘုရားက လောက ဓမ္မလုံးပေါင်းတွင် ဆုံးမတော်မူ၏)။

ဓမ္မပဒပါဠိတော်၌–

ဝဇ္ဇဒဿိနံ၊အပြစ်ကိုဖော်ပြတတ်သော၊နိဂ္ဂဟဝါဒိံ၊ နှိပ်စက်ပြောဆိုဆုံးမ တတ်သော။ မေဓါဝီ။ ပညာရှိသောသူကို။ ပဝတ္တာရံဣဝ၊ ပြောကြားညွှန်ပြသောသူကဲ့သို့၊ ယံပဿေ၊ အကြင်ရှုထိုက်၏။ တေန၊ ထိုသို့ရှုထိုက်သောကြောင့်၊ တာဒိသံ၊ ထိုသို့ ပြောဆို ဆုံးမတတ်သော၊ ပဏ္ဍိတံ၊ ပညာရှိကို၊ ပဇေ၊ မှီဝဲဆည်းကပ်ပါလေ၊ တာဒိသံ၊ ထိုသို့နှိပ်စက် ပြောဆို ဆုံးမလေ့

ရှိသော ပညာရှိကို။ဘဇမာနဿ၊ မှီဝဲ ဆည်းကပ်သော သူအား။သေယျော၊ တနေ့တခြား တိုးတက်မြင့်မြတ်ခြင်းသည်၊ဟောတိ၊ဖြစ်၏။ နပါပိယော၊ မဟော့ရမ်းအောက်တန်းကျသောအဖြစ်သို့ မရောက်နိုင်။

## ဝိပဿနာတရားပြဆရာကောင်းရှာနည်း

ဆရာကောင်းဆိုရာဝယ် အဘယ်သို့သော ဆရာမျိုးနည်း– အဘယ်သို့သော နည်းဖြင့် ဆရာကောင်းဟုတ်မဟုတ်ကို သိရပါအံ့နည်းဆိုသော ပြဿနာတရပ်သည် ဖြစ်ပေါ်၏၊ အဖြေကား ကျမ်းဂန်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်ကို ဆရာကောင်းဟုဆိုအပ်၏။ ဤအဖြေသည် မှန်သော်လည်း မိမိက ကျမ်းဂန် မနှံ့စပ်၊ မသိ၍ အဘယ်ဆရာသည် မှားသည်၊ အဘယ်ဆရာသည် မှန်သည်ဟု သိရှိရန် ခဲယဉ်း၍ နေပြန်လေသည်။ ထို့ကြောင့် ဆရာကောင်း ရရှိရေးအတွက် စုံစမ်းရန် အချက်ပေါင်း မြောက်မြားစွာရှိသည့်အနက် အနည်းငယ်ကို ဖော်ပြရလျှင်–

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ စသော ဒိဋ္ဌိတို့ကို သုတမယဉာဏ်အားဖြင့် ကွဲအောင် စင်ကြယ်အောင် ပြသပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

ဤနေရာတွင် ဗုဒ္ဓဘာသာဝင်တိုင်း ဝိပဿနာ ဘာဝနာတရားကို အားထုတ်သူတိုင်း အားထုတ်လိုသူတိုင်း လိုက်နာ၍ လေ့လာသင့်သော အချက်ကား မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးတွင် အကျင့်လမ်းမှန်ကို အရေးကြီးသည်ကို သိအပ် လှလေသည်။

ထိုမှတပါး မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ် သဂါထကပုညာပုညာဘိသန္ဒဝဂ် အင်္ဂုတ် ဆဌမှု–၃၅၄ ၌–

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိ ယင်္ဂါနိ၊
ကတမာနိစတ္တာရိ၊ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မ
သဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနု
ဓမ္မပဋိပတ္တိ၊ ဣမာနိခေါ ဘိက္ခဝေ စတ္တာရိ
သောတာပတ္တိယင်္ဂါနီတိ။

ရဟန်းတို့ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးနည်း ဟူမူ–

သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း၊ သူတော်ကောင်း တရားကိုကြားနာခြင်း၊သင့်လျော်သောအားဖြင့်နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ ကျင့်သောအကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ သောတာပန်ဖြစ်ကြောင်းအင်္ဂါတို့သည် ဤလေးပါး ပင်တည်း–ဟု မိန့်တော်မူ၏။

ယခုအခါ ကမ္မဋ္ဌာန်း နည်းပြဆရာများ မြောက်မြားစွာ ပေါ်ထွက်လာသော်လည်း အစစ်အမှန်ကား နည်းပါး၍ မဂ်တု ဖိုလ်တု ကမ္မဋ္ဌာန်းများက ပိုမို များပြားနေသည်ကို တွေ့ရ၏။ သောတာပန်တုများသာမက ရဟန္တာတုများပင် ပေါ်ထွက် လာသည်ကို တွေ့ရ၏။ ဤသည်အထိ သာသနာတော်ကြီးတွင် ဘေးရန်–ကြောက်ဘွယ်လိလိ ဖြစ်လာလျက်ရှိ၏။

ထို့ကြောင့် သူတော်စင် ယောဂီအပေါင်းတို့သည် တရား သောဆရာ၊ တရားဟော ဓမ္မကထိကများကို စိစစ်ဘို့ လို၏။

မည်သည့် ဆရာသည် စစ်မှန်သည် မစစ်မှန်သည်၊ မည်သည့် တရားသည် စစ်မှန်သည်တို့ကို မိမိဝိဇ္ဇာဉာဏ်ပေတံဖြင့် တိုင်း၍ သိသင့်လှ၏။ သိနိုင်ရန်လည်း လေ့လာ ကျင့်ကြံကြ ရာသည်။ အလျဉ်းသင့်၍ ဘုရားဟောပါဠိတော်အရ သုတ်မဟာဝါ ပါဠိ တော်လာ မဟာပဒေသ တရားလေးပါးကို တင်ပြလိုက်ရပါ သည်။ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်-ဆဋ္ဌမူ မြန်မာပြန်—

မဟာပဒေသ တရားလေးပါးကို သိသင့်၏။ လေ့လာ သင့်၏၊ ချိန်ထိုး၍ နှိုင်းယှဉ်သင့်၏—

**မဟာပဒေသ တရားလေးပါးကား—**

၁။ ငါသည် ဤတရားကို ရှင်တော်ဘုရားထံမှ ကြားနာ သင်ယူခဲ့ရ၏။

၂။ ငါသည် ဤတရားတော်ကို သံဃာတော်မြတ်များ ထံမှ ကြားနာသင်ယူခဲ့ရ၏။

၃။ ငါသည် ဤ တရားတော်ကို အကြား အမြင် များလျက် နှုတ်ငုံ ဆောင်သော ဆရာတော်ကြီး များထံမှ ကြားနာသင်ယူခဲ့ရ၏။

၄။ ငါသည် ဤတရားတော်ကို အကြား အမြင် များလျက် နှုတ်ငုံဆောင်သော ဆရာတော်ကြီး တပါးထံမှ ကြားနာသင်ယူခဲ့ရ၏။

ဤသို့ဆိုကာ ဟောပြော ငြားလည်း လွယ်ကူစွာ လက်ခံ ခြင်း ပယ်ခြင်းကို မပြုရ။ ငါဘုရား ဟောတော် မူအပ်သော

ထိုထိုသောပါဠိတော် ဒေသနာ အရပ်ရပ်တို့နှင့် ကိုက်/မကိုက် ညှိနှိုင်းရမည်။ အကယ်၍တိကျမှန်ကန်စွာ ကိုက်ညီသော် လက်ခံရာ၏။ မကိုက်ညီသော် ပယ်အပ်ရာ၏– ဟု ဗုဒ္ဓမြတ်စွာ ဘုရားသည် ပရိနိဗ္ဗာနသုတ်တွင် နောက်ဆုံးဟောကြားတော်မူခဲ့၏။

## တရားနှင့်နေလေ့ရှိသောရဟန်း

ဤနေရာတွင် ယောဂီများသိရှိမှတ်သားစိမ့်သောငှာ တရားနှင့် နေလေ့ရှိသောရဟန်း၏ ဂုဏ်ကိုတင်ပြလိုက်ပါသည်။

> အင်္ဂုတ္တိုရ် ပါဠိတော် "ပဉ္စကနိပါတ်"ဇ၀၀၈ မြန်မာပြန်၊ စာမျက်နှာ ၉၃ မှ ၁၁၇ ထိ ယောဂီများ သိရန် အတိုချုပ်၍ ဖော်ပြလိုက်ရပါမူ–(ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေဘိက္ခု၊ ဓမ္မဝိဟာရီဟောတီတိ)။

အရှင်ဘုရား တရားနှင့်လေ့ရှိသူကို တရားနှင့်နေလေ့ရှိသူဟု ဆိုပါ၏။ အရှင်ဘုရား အဘယ်မျှလောက်ဖြင့်ရဟန်းသည်တရားနှင့် နေလေ့ရှိသူဖြစ်ပါသနည်း-ဟု လျှောက်၏။

၁။ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် စာပေကို သင်လျက် နေ့ကို ကုန်လွန်စေ၏။ ကိလေသာငြိမ်းမှုကိုကား မကြိုးစား။ ဤရဟန်းကို "ပရိယတ္တိ ဗဟုလောနော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟုဆိုအပ်၏၊" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

၂။ ရဟန်းသည် တရားဟောခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာငြိမ်းမှုကို မကြိုးစား၊ ဤရဟန်း

ကို "ဝိညတ္တိဗဟုလော နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့်နေ့လေ့ရှိသူဟူ၍ကား မဆိုအပ်။

၃။ ရဟန်းသည် တရားတော်ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာ ငြိမ်းမှုကို ကားမကြိုးစား၊ ဤရဟန်းကို "သဇ္ဈာယဗဟုလော နော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟုဆို အပ်၏။" တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

၄။ ရဟန်းသည် တရားတော်ကို ကြံစည်ခြင်း 'ဝိတက်' တို့ဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "ဝိတက္ကဗဟုလောနော ဓမ္မဝိဟာရီ- ပုဂ္ဂိုလ်ဟု ဆိုအပ်၏။" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

၅။ ဤသာသနာတော်၌ ရဟန်းသည်စာပေကို သင်ယူ၏၊ ထိုသင်ယူခြင်းဖြင့် နေ့ကို မကုန် လွန်စေ။ ကိလေသာ ငြိမ်းမှုကို ကြိုးစား၏။ "ဓမ္မဝိဟာရီ ဟောတိ" ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်၏။

**စကားချပ်။**

ဤအပိုဒ်ကို သေချာစွာ လေ့လာသော် စာသင်နေလျက်ပင် ဝိပဿနာကို ပွားများ အားထုတ် ရမည်ကို သိအပ်ပေသည်။ ဝိပဿနာကို အားထုတ်ပွားများခြင်း

ဖြင့် "နိဝရဏတရား" တို့ ကင်းကွာမှုကြောင့် ဉာဏ်ပညာ ထက်မျက်သည်ဟု ဟောတော်မူပြီး ဖြစ်၏။

ဤဓမ္မဝိဟာရီ ဒေသနာတော်ကို ကြည့်လိုက်သော် ပါဠိတော်များ၏အဆို အမိန့်နှင့်ပေါင်းစပ်လိုက်လျှင်စာပေသင်ကြားခြင်း, တရားဟောခြင်းတို့သည် မကောင်းမမည်။ ကောင်းသည်သာတည်း။ သို့ရာတွင် စာပေ သင်ကြားရင်း မိမိကိုယ်တိုင်တရားအားထုတ်နေရင်း တွေ့ရှိလာသော ကိုယ်တွေ့ တရားကိုစာပေနှင့် ဟပ်ပြီးဟောကြားခြင်းက သာလွန်ပိုမို၍ အကျိုးကြီးမားကြောင်းကို ညွှန်ကြတော်မူသည်။

ဤနေရာတွင် ယောဂီအပေါင်းအား တရားပြသော ဆရာများနှင့်ပတ်သက်၍၊ မိမိဉာဏ်ပေတံဖြင့် တိုင်းတာ စီစစ်ရန်အတွက် လေ့လာထားသော ကျမ်းများမှ တင်ပြလိုပါသည်။

တရားဟောပြသော ပုဂ္ဂိုလ်သည် **သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ**စသောဒိဋ္ဌိတို့ကိုသုတမယဉာဏ်ဖြင့်စင်ကြည်ကွဲပြားသဘောပေါက်အောင် ပြသဟောကြားနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။ ရုပ်/နာမ်တို့၏ သာမည လက္ခဏာနှင့်တကွ ပထဝီ-တေဇော-ဝါယောစသော ရုပ်တို့၏ တပါးစီတွင် ရရှိအပ်သောထူးခြားသည့် လက္ခဏာတို့ကိုသင်ပြဟောကြားပေးနိုင်ရမည်။

နာမ်တရားဖြစ်သော ဖဿ- ဝေဒနာ- ပညာဝိညာဉ်စသည်တို့၏တပါးစီရရှိအပ်သော ဝိသေသ လက္ခဏာတို့ကိုလည်း နားလည်သဘောပေါက်အောင် သွန်သင်နိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။တဖန်သစ္စာ( ၄ )ပါးတရားတော်ကိုလည်း သဘောပေါက်အောင် ရှင်းနိုင်ရပေမည်။ တနည်းဆိုသော်လည်း ပဋိစ္စသမုပ္ပါဒ်

ဒေသနာတော်ကို ယုံမှားခြင်း (၁၆) ချက်ကို ကင်းစင်ပြီး အနတ္တဓမ္မ သဘာဝပေါ်အောင် သင်ပြနိုင်ရမည်ဖြစ်ပေသည်။

## တရားဟော ဓမ္မကထိက ဆိုသည်မှာ

ဤနေရာတွင် တရားဟော ဓမ္မကထိကသည် မည်သို့သော အရည်အချင်းနှင့် ပြည့်စုံရ ပါသနည်း-ဟု မြတ်စွာဘုရားအား လျှောက်ထားချက်အနည်းငယ်ကို တင်ပြလိုပါသည်—

ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေဝုစ္စတိ၊
ကိတ္တာဝတာနုခေါ ဘန္တေဓမ္မကထိကောဟောတီတိ။

အရှင်ဘုရား တရားဟောသူ ဓမ္မကထိကတရား-ဟောသူ ဓမ္မကထိက ဟူ၍ ဆိုအပ်ပါ၏ အရှင်ဘုရား၊ အဘယ်မျှဖြင့် တရားဟောသူ ဓမ္မကထိက ဖြစ်ပါသနည်း-ဟု လျှောက်၏။

အမေးကို မြတ်စွာဘုရား ဖြေကြားရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ပါရှိသော အင်္ဂါ ၁၂- ပါးကို ငြီးငွေ့ရန်-တပ်မက်မှုကင်းရန်-ချုပ်ငြိမ်းရန် ဟောပြောသော ရဟန်းတို့ကို (သို့မဟုတ်) မိမိကိုယ်တိုင် ကျင့်သောရဟန်းတို့ကို ဓမ္မကထိက ဟူ၍ဆိုအပ်၏-ဟုဖြေဆိုတော်မူ၏။(ဆဋ္ဌမူမြန်မာပြန် စ-၂၄၃)

ထိုမှတပါး သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော်သဋ္ဌာယတန သံယုတ် နဝပုရာဏဝဂ် ဓမ္မကထိကပုစ္ဆသုတ်-ဆဋ္ဌမူ-စာ-၃၅၃ ၌ ဖေါ်ပြရာတွင် ရဟန်းတပါးအား-

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနုခေါ
ဘန္တေဓမ္မကထိကော ဟောတီတိ-

ဟု မေးလျှောက်ရာ ရှင်တော်ဘုရားက ဖြေဆိုတော်မူသည်မှာ-

စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ မန တို့ကို ငြိးငွေ့ခြင်းငှာ, စွဲမက်မှုကင်းခြင်းငှာ, ချုပ်ခြင်းငှာ, တရားကို ဟောခဲ့မူ ဓမ္မကထိကရဟန်းဟု ဆိုခြင်းငှာထိုက်၏။ ရဟန်းသည် စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-မနတို့ကို ငြိးငွေ့ခြင်းငှာ,စွဲမက်မှုကင်းခြင်းငှာ, ချုပ်ခြင်းငှာ ကျင့်ခဲ့သည်ဖြစ်ခဲ့မူ တရားတော်အားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟု ဆိုခြင်းငှာထိုက်၏-ဟု စသည်ဖြင့် ဖြေတော်မူ၏။

ဋင်းပြင် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခန္ဓသံယုတ် ဓမ္မကထိကဝဂ် ဓမ္မကထိကသုတ် ဆဋ္ဌမူ စာမျက်နှာ- ၁၃၃ ၌ ရဟန်းတပါး လျှောက်ထားရာ-

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနုခေါ
ဘန္တေဓမ္မကထိကောဟောတီတိ-

ဟု လျှောက်ထားရာတွင် ဗုဒ္ဓမြတ်စွာက ဖြေတော်မူပုံ အတိုချုပ်မှာ-

ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ် ဤခန္ဓာငါးပါးတို့ကို ငြိးငွေ့ရန်, စွဲမက်မှုကင်းရန်, ချုပ်စေရန် တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟု ဆိုထိုက်၏။ မိမိကိုယ်တိုင် ကျင့်ခဲ့မူ တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်း-ဟု ဆိုထိုက်၏-ဟု ဖြေဆိုတော်မူ၏။

နောက်ထပ် ဆက်လက်တင်ပြလိုသည်မှာ အနတ္တလက္ခဏာသုတ်မှ ကောက်နှုတ်ဖော်ပြလိုပါ၏။ ဆဋ္ဌမူမြန်မာပြန်စာမျက်နှာ ၅၄-တွင်-

"ရဟန်းတို့-ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌ငြီးငွေ့၏၊ သင်္ခါရတို့၌လည်းငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်း-ခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှလွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီ-ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိသန္ဓေရရှိမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စတို့ကို ပြုပြီးပြီ။ ဤမဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဘွယ်မရှိတော့ပြီ-ဟု သိ၏-ဟု ဟောတော်မူ၏။

ရှင်တော်ဘုရား ဟောကြားတော်မူသော တရားများတွင် ဝိပဿနာလုပ်ငန်းနှင့်ဆိုင်သော ဒေသနာတော် အရပ်ရပ်တွင် လိုရင်းအတွက် စစ်ထုတ်လိုက်လျှင် ခန္ဓာငါးပါးကို ငြီးငွေ့ချုပ်ငြိမ်းစေရန် ဟောကြားတော်မူခြင်းသာဖြစ်၏။

အထက်ကျမ်းဂန်များနှင့် ကိုးကား တင်ပြချက် များသည် ယနေ့ ယောဂီများဆရာရွေးမမှားဘို့နှင့် တရားဟောဓမ္မကထိကများကို မိမိဉာဏ်ဖြင့် စီစစ်ဝေဘန်၍ လက်ခံနိုင်ရန်အတွက်သာ စေတနာကောင်းဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

# အခန်း (၃)

## ဒိဋ္ဌိသတ်ခန်း

ဤနေရာတွင် သူတော်စင် ယောဂီများအား သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အကြောင်း သေချာစွာခွဲခြား ရှင်းပြသင့်သည်ကို အနည်းငယ် ရေးသားလိုပေသည်။အချို့မှာလည်း ယင်း ဒိဋ္ဌိကြီးတွေကို ခွဲခြားမသိ၊ရောယှက်နေရာတွင် ဝိပဿနာတရား အားထုတ်ရာ၌ ဘယ်သင်းကို အသေသတ်ရမည်၊ ဘယ်သင်းက ကြောက်စရာအကောင်းဆုံးဖြစ်သည်-စသည်ဖြင့် အငြင်းပွားလျက်ရှိကြ၏။ မည်သို့ပင်ဆိုစေ အထက်တွင် ရေးသားထားသည့်အတိုင်း သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တို့ကို ပြုတ်အောင် မလုပ်နိုင်သမျှ မဂ်ဖိုလ်မရနိုင်ကြောင်း ကိုလည်း သိကြရန် လိုအပ်ပါသည်။

## ဒိဋ္ဌိဆိုသည်မှာ

သက္ကာယဒိဋ္ဌိဖြစ်က သဿတ, ဥစ္ဆေဒဒိဋ္ဌိဖြစ်ကြ၏။သက္ကာယဒိဋ္ဌိလွတ်ပါက သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိတို့မှလည်း လွတ်ကြလေသည်။

ပညတ်နှင့် ပရမတ်ကို အတတ်သေချာ မကွဲကွာဘဲတထပ်တည်း, တသားတည်းဟု ထင်နေကြသူတို့သည် သက္ကာယဒိဋ္ဌိ မပြုတ်၊ သက္ကာယဒိဋ္ဌိဖြစ်ကြ၏။ ပညတ်နှင့် ပရမတ်ကိုခွဲခြား

သိသူတို့သည်(ဒိဋ္ဌိဝိသုဒ္ဓိ) (အမှားစင်ကြယ်မှု) ဖြစ်ကြ၏။ပုဂ္ဂိုလ် သတ္တဝါဟုစွဲယူခြင်မှားနေကြ၍ ပရမတ်စုကို ပညတ်ပြု၍ မှတ်နေကြသည်၊ ၎င်းတို့ကို (ပရမတ်မှား) တနည်းဆိုသော် (သက္ကာယဒိဋ္ဌိ)ဖြစ်နေကြ၏။ ယင်းတို့ကို အင်္ဂုတ္တိုရ်ပါဠိတော်တွင်—

သန္တောကာယော သက္ကာယော၊
သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သန္တော၊ပရမတ္ထအားဖြင့်ထင်ရှားရှိသော။ကာယော၊တရားအပေါင်းသည်၊ သက္ကာယော၊ ပရမတ္ထတရားအပေါင်းတည်း။

သက္ကာယေ၊ ပရမတ္ထတရားအပေါင်း၌။ ဒိဋ္ဌိ၊အထည်အဖြစ်အမာခံ အနှစ်သာရ အတ္တဟု(ဝါ)ငါဟု မှားသောအားဖြင့်စွဲယူ ထင်မြင်ခြင်းသည်၊ သက္ကာယဒိဋ္ဌိ၊ မှားသောအမြင်ဖြင့်စွဲယူခြင်းတည်း။

ရုပ်ဓါတ်–နာမ်ဓါတ်–ပရမတ်တို့ကို အတတ် မသိကြသူတို့သည် ဓါတ်ပရမတ် မပေါက်ကြသူတို့ပင် ဖြစ်ကြသည်။ ဓါတ်ပရမတ် မပေါက်ကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သက်ရှိသက်မဲ့ (သဝိညာဏ အဝိညာဏက) ရှိရှိသမျှ အပေါင်းတို့သည် အတွင်းရှိ ဓါတ်ကလာပ်သား၊ အပေါ်ရုပ်ပုံသဏ္ဌာန်ပညတ်များ–ဟု ခွဲခြား၍ မသိရှိကြပေ။ အဟွင်းရှိ အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ– အစစ်တရား၊ ဓါတ်ကလာပ်သား တို့ကို အပေါ်ရုပညတ်တို့၏ အနေအထားအရပ်နိမိတ်များနှင့် ပြောင်းပြန်ထင်၍– နိစ္စ–သုခ–အတ္တ–သုဘတို့ပင်ဟု အထင်အမြင်မှားကြ၏။

ပရမတ်-ပညတ်မခွဲခြားဘဲ အတွင်းအပြင် ရှေ့နောက် တို့ကို တခုတည်း ထပ်တူပြု၍ မျိုးတူခြင်းပေါင်းလျက် နာမ ပညတ်တပ်ခါ လူဘဲ, နွားဘဲ, ကျွဲဘဲ-ဟု ခေါ်ဝေါ်ကြကုန် ၏၊ ထိုနည်းလည်းကောင်း အဝိဇ္ဇာဏာက (သက်မဲ့) တို့၌လည်း မျိုးတူချင်းပေါင်း၍ ပုဆိုးဘဲ, အင်္ကျီဘဲ, ပုဂံဘဲ, စသည်ဖြင့် အမည်နာမတပ်၍ ခေါ်ဝေါ်ပြောဆိုကြ၏။ ဤ ခေါ်ဝေါ် ပြောဆိုကြသော အမည်နာမ စကားတို့သည် သဒ္ဒပညတ် (အသံပညတ်) မည်၏၊ အခေါ်ပညတ်ခံရသော အရာဝတ္ထု မှန်သမျှသည် အတ္ထပညတ် မည်၏။

ဤသို့ပင် အတွင်းအပြင် ရှေ့နောက်မခြားပဲ သဏ္ဌာန် နိမိတ်- သန္တတိနိမိတ်- ပညတ်ရိပ်တို့အတိုင်း အထင်မှားနှင့် ပင် အမည်နာမဝေါဟာရတို့ကို ပြောကြ, သမုတ်ကြငြား သော်လည်း ထိုလူအများတို့သည် တညီတညွတ်တည်း သမုတ် ခေါ်ဝေါ်ကြ၍ လောကကြီးဘက်ကကြည့်လျှင် အဟုတ်ရှိ၊ အမှန်ရှိတွေ ဖြစ်လေသောကြောင့် သမ္မုတိသစ္စာ မှန်တာဘဲဟု ဘုရားဟောတော်မူအပ်၏။

ဤလောက သမ္မုတိသစ္စာအတိုင်းသာ ပိုင်းခြား မှတ်သား ၍ ဒါနပြုကြ၊ သီလဆောက်တည်ကြ၊ သမထဘာဝနာကို ပွားများကြပါဟု ဤသမ္မုတိသစ္စာ ပညတ်နယ်မှာ ရှိသည့် အတိုင်း တပါးသူကိုလည်း ဟောကြားကြ၊မိမိတို့လည်းကျင့်ကြံ အားထုတ်ကြပါဟု လူ, နတ်, ဗြဟ္မာ ချမ်းသာသုံးရပ်ကို ဖြစ်စေတတ်ပါသည်။ လောကီကို လွန်မြောက်၍ နိဗ္ဗာန်သို့ ရောက်ဘို့ကား ပါရမီအကြောင်း အထောက်အပံ့ ရှိမှသာ

ဖြစ်နိုင်ရာ၏။ ဤသမ္မုတိသစ္စာနယ်ဘက်ပြုကျင့်ကြသည့်ကုသိုလ်သက်သက်ကား နိဗ္ဗာန်ချမ်းသာသို့ မရောက်နိုင်ချေ။

အတွင်းသားပရမတ်သစ္စာနယ်ဘက်က ဝိပဿနာအလုပ်နှင့် အားထုတ်မှသာ နိဗ္ဗာန် ချမ်းသာဘက်သို့ ကူးတက်နိုင်ကြလေသည်။ ဤလောက တခုလုံး ရှိရှိသမျှသော သမ္မုတိသစ္စာတရားတို့သည် ပရမတ္ထသစ္စာ အရနှင့် နှိုင်းစာရှုကြည့်သည်ရှိသော် အမှားချည်းသာဖြစ်ကြ၏။ ထင်ရှား မရှိကြပါလျက် ထင်ရှားအရှိလုပ်ယူ ထင်မှားသောကြောင့်တည်း။

## (သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိ)

ဤသမုတ်ထားသော သဘောအရနှင့် ပရမတ်–ပညတ် မခွဲခြားဘဲထင်မြင် လွဲမှားသော သူတို့သည် သက္ကာယဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိ အယူရှိသော သူများတည်း။ ထိုသူတို့သည် သေလျှင် ဘဝတပါးသို့ ဆက်လက်သွားနိုင်ကြသည်ဟု ထင်မှတ်ခဲ့သူများဖြစ်သောကြောင့် ဆက်မှား သဿတဒိဋ္ဌိ အယူရှိသူများဟူ၏။ထိုသို့ မဟုတ်မူပဲ ပုဂ္ဂိုလ်သတ္တဝါတို့သည် သေလျှင် ဘဝတပါးနှင့် မဆက်စပ်ကြပဲ ပြတ်စဲ၏–ဟု ထင်မှတ်စွဲယူမှားသောကြောင့် (ပြတ်မှား) (ဥစ္ဆေဒဒိဋ္ဌိ) ဟူ၍ ခေါ်ဆိုလေသည်။

ရှင်တော်မြတ်ဘုရားသည် ခန္ဓာငါးပါးကို ငြီးငွေ့စေရန်, စွဲမက်မှုကင်းရန်, ချုပ်ငြိမ်းစေရန်အတွက် အထပ်ထပ်အခါခါ အဖန်ဖန်တလဲလဲ အဘယ်အတွက်ကြောင့် ဟောကြားခဲ့သနည်း၊ ယောဂီအပေါင်းတို့သည် ဘုရားဟောခဲ့တဲ့ ခန္ဓာကိုယ်ကြီးကို

လေ့လာရှုအပ်ပြီး သိရှိနိုင်သင့်လှ၏။ ဤနေရာတွင် ခန္ဓာ၏ ဒုက္ခပေးပုံများ, စက်ဆုတ်စရာကောင်းပုံများကို ရှုကြရပါမည်။

"နတ္ထိခန္ဓသမာ ဒုက္ခာ"

ခန္ဓာနှင့်တူသော ဒုက္ခဟူသည်မရှိဟုဆိုထား၏။ ဆိုလိုသည်ကား ခန္ဓာ၌ဖြစ်သော ဒုက္ခမှလွဲ၍ အခြားမရှိပြီဟူ၏။ ဤနေရာတွင် ဘုရားဟော ဓမ္မတာပုဒ်ကို တင်ပြလိုပါသည်။

စက္ခုံ ဘိက္ခဝေဒုက္ခံ၊ သောတံဒုက္ခံ၊ ဃာနံ ဒုက္ခံ၊
ဇိဝှာဒုက္ခာ၊ ကာယောဒုက္ခော၊ မနောဒုက္ခော။

ရဟန်းတို့မျက်စိသည်ဒုက္ခ၊ နားသည်ဒုက္ခ၊ နှာသည်ဒုက္ခ၊ လျှာသည်ဒုက္ခ၊ ကိုယ်သည်ဒုက္ခ၊ စိတ်သည်ဒုက္ခဟု ဟောတော်မူ၏။(သဠာယတနသံယုတ်ပါဠိတော်)။

အထက်ဖော်ပြပါ ပါဠိတော်လာ ဗါဟိရ ဒုက္ခသုတ်၌သည်း (ရူပါဘိက္ခဝေဒုက္ခာ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ဖောဋ္ဌဗ္ဗာ၊ ဓမ္မာဒုက္ခာ)။ဟု ဟောတော်မူ၏။

ရဟန်းတို့ ရူပါရုံတို့သည်ဒုက္ခ၊ သဒ္ဒါရုံတို့သည်ဒုက္ခ၊ ဂန္ဓာရုံတို့သည်ဒုက္ခ၊ ရသာရုံတို့သည်ဒုက္ခဟူ၍ဟောတော်မူ၏။ ဒုက္ခကို ဒုက္ခဟုမသိကြကုန်။ တဖန် ဒေဝတာသံယုတ်မှာ နတ်သားတဦးက လျှောက်ထားသည်မှာ-

ကိသ္မိံလောကော ပတိဋ္ဌိတောတိ။

အရှင်ဘုရား၊ လူအပေါင်းတို့သည် အဘယ်အရာ၌ တည်ပါသနည်း။

ဒုက္ခေ လောလော ပတိဋ္ဌိတောတိ။

ငါ့ရှင် လူအပေါင်းတို့သည် ဒုက္ခ၌တည်၏-ဟု ဗုဒ္ဓကဖြေဆိုတော်မူပြန်၏။

အထက်တွင် ဖေါ်ပြထားလျက်ရှိသော ပါဠိတော်များအရ ယောဂီ အပေါင်းတို့သည်မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ် စသည့်ခန္ဓာငါးပါးနှင့် တကွ လူသည် ဒုက္ခပင်ဖြစ်၍ ဒုက္ခသည် လူပင်ဖြစ်သည်ကို သိအပ်၏။

နောက်ထပ်တဖန် ဓမ္မပဒပါဠိတော်လာ ယောဂီအများ မကြာခဏ ရွတ်ဆိုနေသည်ကို ကြားမိကြ ပေလိမ့်မည်၊ ယင်းကား-

နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိ ပရံသု ခံ။

ခန္ဓာနှင့်တူသော ဒုက္ခမည်သည်မရှိ၊ နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာမည်သည်မရှိ-ဟု ဟောတော်မူပြန်၏။

ထိုမှတဖန်မြတ်ဗုဒ္ဓသည် သစ္စာလေးပါး တရားတော်ကို ဟောတော်မူရာ၌လည်း ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောကြားသွားခဲ့ပါတည်။

ဓမ္မစက္ကပဝတ္တနသုတ်တွင်ကား-

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊
မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ
ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေန
ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ရဟန်းတို့ ဤသည်ကား ဒုက္ခကေန် အမှန်ဖြစ်သောအရိယာတို့ သိအပ်သော သစ္စာတရားမည်၏။ ပဋိသန္ဓေ နေရခြင်းသည်လည်း ဒုက္ခ၊ အိုရခြင်းသည်လည်းဒုက္ခ၊ နာရခြင်းသည်လည်းဒုက္ခ၊ သေရခြင်းသည်လည်းဒုက္ခ၊ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းနေရခြင်းသည်လည်းဒုက္ခ၊ ချစ်နှစ်သက်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်းဒုက္ခ၊ အကြင်အလိုရှိ, တောင့်တခြင်းကိုမရ၊ ထိုတောင်းတတိုင်းတို့ကို မရခြင်းသည်လည်းဒုက္ခ၊ ဥပါဒါန်တရားတို့၏ စွဲလန်းရာဖြစ်သောခန္ဓာငါးပါးတို့သည် ဒုက္ခတို့ပေတည်း-ဟူ၍ ဟောတော်မူခဲ့၏။

ယောဂီတို့သည် ဒုက္ခအပေါင်းစုဝေး ဖွဲ့စည်းထားသောခန္ဓာကိုယ်၏ ဒုက္ခဝေဒနာအကြောင်းကို သိရှိလျှင် သုခရောက်အောင် မည်သို့ ရှာကြံရမည်ဆိုသည်ကို စုံစမ်းချင်ကြပေတော့မည်။ မည်သည့်နေရာတွင် ဒုက္ခမှ ကင်းလွတ်ရာချုပ်ရာရှိသည်ကိုရှာဖွေသင့်လှ၏။ ဝေးဝေးလန်လန် ရှာကြံရန်မလိုပေ။ ဒုက္ခပေးလျက်ရှိသော မိမိခန္ဓာတွင်းမှာပင် အဖြေမှန်ကို ပြန်ရှာရပေလိမ့်မည်။ ရှာရာမှာလည်း ရှေ့တွင်တင်ပြခဲ့သလို ဝိပဿနာဘာဝနာဖြင့်သာ ရှာကြံကြရပေလိမ့်မည်။ ခန္ဓာငါးပါးဝင်ဒုက္ခကို မြင်နိုင်မှ သုခချမ်းသာကို ရရှိမည်မှာ သေချာ၏။ ရှေးဦးစွာ ယောဂီတို့သည် ဒုက္ခဖြစ်ကြောင်းအမှန်ကို သိရန်လို၏။

ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော် မူသော ဒေသနာအရပ်ရပ်ကို လေ့လာသောအခါရှင်တော်ဘုရားသည် သမ္မုတိသစ္စာ (Appearance) နှင့် ပရမတ္ထသစ္စာ (Reality)

နှစ်မျိုးနှစ်စား ထား၍ ဟောတော်မူ၏၊ သမ္မုတိသစ္စာ အလို အားဖြင့် လူ-နတ်-ဗြဟ္မာ- သတ္တဝါရှိ၏။ ပရမတ္ထသစ္စာ ဓမ္မ နိယာမ ဓမ္မသဘာဝအလိုအားဖြင့် လူ-နတ်-ဗြဟ္မာ သတ္တဝါ မရှိ၊ အကြောင်းနှင့်အကျိုး (Causereffeet) ဓမ္မသဘာဝ မျှသာရှိသည်ကို အစဉ်သတိပြုကြရပေမည်။

# အခန်း ၄

## သမထနှင့်ဝိပဿနာမတူ

ယောဂီအပေါင်းသည် ဝိပဿနာကို မပွားများမီ ရှေးဦးစွာ သမထနှင့် ဝိပဿနာမတူသည့် အချက်များကို ကြိုတင်သိဘို့ လိုသည်။

ဘာဝနာဟူသည် သမထဘာဝနာ, ဝိပဿနာ ဘာဝနာ ဟူ၍ (၂) မျိုး (၂)စားရှိ၏။သမထဘာနာပွားများကြရာတွင် သမထလေးဆယ်ရှိ၏။

### သမထ ၄၀- ဆိုသည်မှာ

| | | |
|---|---|---|
| ကသိုဏ်း | – | ၁၀-ပါး |
| အသုဘ | – | ၁၀-ပါး |
| အနုဿတိ | – | ၁၀-ပါး |
| အပ္ပမညာ | – | ၄-ပါး |
| သညာ | – | ၁-ပါး |
| အာရုပ္ပ | – | ၄-ပါး |
| ဝဝတ္ထာန် | – | ၁-ပါး |
| | | ၄၀-ပါး |

၎င်းတို့၏ အကျယ်တခုစီ အသေးစိတ်မှာ-

**ကသိုဏ်း ၁၀-ပါးတွင်**

၁-ပထဝီကသိုဏ်း ၂-အာပေါကသိုဏ်း ၃-တေဇော ကသိုဏ်း ၄-ဝါယော ကသိုဏ်း ၅-နီလ ကသိုဏ်း ၆-ပီတကသိုဏ်း ၇-လောဟိတကသိုဏ်း ၈-ဩဒါတ ကသိုဏ်း ၉-အာကာသကသိုဏ်း ၁၀-အာလောက ကသိုဏ်း။

**အသုဘ ကမ္မဋ္ဌာန်း ၁၀-တွင်ကား-**

၁-ဥဒ္ဓုမာတက ၂-ဝိနီလက ၃-ဝိပုဗ္ဗက ၄-ဝိစ္ဆိဒ္ဒက ၅-ဝိက္ခာယိတက ၆-ဝိက္ခိတ္တက ၇-ဟတဝိက္ခိတ္တက ၈-လောဟိတက ၉-ပုဠုဝက ၁၀-အဋ္ဌိကတို့ဖြစ်ကြ၏

**အနုဿတိကမ္မဋ္ဌာန်း ၁၀-ပါးတွင်ကား-**

၁-ဗုဒ္ဓါနုဿတိ ၂-ဓမ္မာနုဿတိ ၄-သံဃာနုဿတိ ၄-သီလာနုဿတိ ၅-စာဂါနုဿတိ ၆-ဒေဝတာ နုဿတိ ၇-ဥပသမာ နုဿတိ ၈-မရဏာ နုဿတိ ၉-ကာယဂတာ သတိ ၁၀-အာနာပါနုဿတိ ဟူ၍ ၁၀-ပါးရှိ၏။

**အပ္ပမညာ ၄-ပါးမူကား**

၁-မေတ္တာ ၂-ကရုဏာ၃- မုဒိတာ ၄-ဥပေက္ခာတို့ပင် ဖြစ်၏။

**သညာ ၁-ပါးဟူမူကား**

အာဟာရေပဋိကူလသညာ တပါးသာလျှင်ဖြစ်၏။

**ဝဝတ္ထာန် ၁-ပါး ဟူမူကား**

စတုဓာတု ဝဝတ္ထာန် ၁-ပါးသာလျှင် ဖြစ်၏။

**အာရုပ္ပ ၄-ပါး ဟူရာတွင်-**

၁-အာကာသ ၂-ဝိညာဏ ၃-အကိဉ္စညာ ၄-နေဝ သညာ နာသညာ အာရုပ္ပ၄-ပါးတို့ပင်ဖြစ်ကြောင်းဖြင့် သမထ ၄၀-ဟူ၍ခွဲခြားမှတ်သားထားကြရပေလိမ့်မည်။

ထိုသမထ (၄၀)တို့ အနက် ကြိုက်ရာတပါးပါးကို ပွားများ အားထုတ် နေခြင်းသည်ပင်လျှင် သမထ ဘာဝနာကို ပွားများ အားထုတ်သည် ဖြစ်ပေ၏။

ဝိပဿနာဘာဝနာ ပွားများ အားထုတ်သည်ကား စက္ခု-သောတ-ဃာန-ဇိဝှါ စသည်တို့ကိုလည်းကောင်း, ရူပါရုံ,သဒ္ဒါရုံ စသည်တို့ကိုလည်းကောင်း,စက္ခုဝိညာဏ်-သောတဝိညာဏ် စသည်တို့ကိုလည်းကောင်း, ခန္ဓာငါးပါး ဓာတ် ၆-ပါး ဓာတ် ၁၈-ပါး စသည်တို့ကို လည်းကောင်း, အနိစ္စ-ဒုက္ခ-အနတ္တ-အနိစ္စံခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန-ဟူ၍ လက္ခဏာရေး သုံးပါးကို တင်၍ရှုပွားနေခြင်း ဖြစ်ပေ၏။

သမထ ၄၀-ကို ပွားများ ကျင့်ကြံသော ပုဂ္ဂိုလ်တို့သည် ဗြဟ္မာလမ်း သက်သက်သာဖြစ်၏။တမဂ်တဖိုလ် မရနိုင်ကြောင်းကို သိကြရမည်။စရိုက်-၆ ပါး ဘာဝနာ ၃-ပါး နိမိတ် ၃-ပါး ဈာန် ၉-ပါး ဝိဇ္ဇာ အဘိညာဉ်- သမာပတ်-ဗြဟ္မာ အထိသာ

ရောက်နိုင်၏။ သမထသည်ပညာတ်နှင့် ပရမတ်နှောပြီး ပရမတ်ငုတ်နေ၍ ပညတ် ပေါ်နေသောကြောင့် ပညတ်နယ်ဟု သိရှိဘို့လို၏။ (ပညတ္တိ ဌပေတွာ) တို့သည် အမိန့်နှင့်ဖီလာဆန့်ကျင်နေပေသည်။ ဤတွင် သမထ ဘာဝနာတွင် လက္ခဏာရေးသုံးပါး ပါရှိလေသည်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး မပါဘဲ သမထ ပွားများ ကျင့်ကြံနေကြသော ယောဂီ များသည် သဘာဝမကျပေ။ သမထဘာဝနာ သက်သက်ကို အားထုတ်လျှင် ပြဟ္မာပြည်သာ ရောက်နိုင်ပြီး ဒုက္ခကင်းငြိမ်းသော နိဗ္ဗာန်သို့ မရောက်နိုင်။ ထိုမှတဖန် သိရှိရန်လိုအပ်သည်ကား ဝိပဿနာ ပွားများရာ၌ နည်းသုံးမျိုး ရှိလေသည်။

## ပွားများနည်း သုံးမျိုးရှိသည်

ငင်းတို့မှာ–

– သမထယာနိကနည်း၊ ဝိပဿနာယာနိကနည်း။ ယုဂနန္ဓနည်းဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနန္ဓဝဂ်၌ လာရှိပေသည်။

၁။ **သမထယာနိကနည်း**– ဆိုသည်မှာ ရှေးဦးစွာ စျာန်ရအောင် ကျင့်ပြီးမှ ဝိပဿနာ ဘာဝနာဘက်သို့ ကူးပြောင်းလာခြင်း ဖြစ်သည်။

၂။ **ဝိပဿနာ ယာနိကနည်း**– ဟူမူကား စျာန်ရအောင် သမထ ဘာဝနာ နည်းကို မကျင့်တော့ပဲ ဝိပဿနာဘာဝနာကို စ၍ လေ့ကျင့်ပြီဆိုကတည်းက ပွားများအားထုတ်သော နည်းကိုဆို၏။

၃။ **ယုဂနဒ္ဓနည်း**- ဆိုသည်မှာ သမထနည်း, ဝိပဿနာနည်းတို့ကို စုံတွဲလျက် သမထပွားများလိုက်, ဝိပဿနာပွားများလိုက်, ထိုမှတဆင့် သမထကို ပွားများလိုက်, ဝိပဿနာကို ပွားများလိုက်နှင့် ယင်းသို့ စုံတွဲလျက် လေ့ကျင့်ပွားများနည်းကို ဆိုလိုပါသည်။

သမထယာနိက-ဝိပဿနာယာနိက ယုဂနဒ္ဓနည်းတို့ကို သိရှိပြီးနောက်တဆင့်တက်ခါ ဝိပဿနာ ဘာဝနာ၏ သဘောသဘာဝတို့ကို ယောဂီများ နားလည်ရန် ဖြစ်၏။ ဤနေရာတွင် ဝိပဿနာ တရားပြ ဆရာကောင်း, ဆရာမှန်တို့ကို တွေ့ရှိရန် လို၏။ အဘယ်မျှ လိုအပ်သနည်း ဟူမူ-

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"

ဆိုသည်နှင့်အညီ ကာယိကဒုက္ခ-စေတသိကဒုက္ခ မပါသော ဥပါဒါန်တရားတို့၏ စွဲလန်းရာဖြစ်ကုန်သော ခန္ဓာငါးပါး ဒုက္ခဖြစ်နေပုံအထိ ပိုင်နိုင်ကြေညက်စွာ သိရှိရပေလိမ့်မည်။ သိရှိနိုင်ရန်လည်း သဘောပေါက်အောင် ဟောကြား ပြသနိုင်ရမည်။

ထို့ကြောင့် မဟာဝဂ္ဂသံယုတ်ပါဠိတော် ဆဋ္ဌမူ စ-၃၆၃ ၌ ဖွင့်ဆိုရာတွင်-

ဣဒံဒုက္ခန္တိ၊ ယောဂေါ ကရဏီယော။

"ဤသည်ကား ဒုက္ခကိုဒုက္ခဟု သိရှိရန် အားထုတ်ရမည်" ဟု ဟောတော်မူ၏။ ဒုက္ခကို ပိုင်နိုင်စွာ သိသောအခါ ထိုဒုက္ခအစုတို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်ရသည်ကို တဆင့်တက်ခါ ရှာဖွေရ၏၊ ဒုက္ခ ဖြစ်ပေါ်ရခြင်း အကြောင်း ရင်းမှ

တဏှာနှင့် အဝိဇ္ဇာကြောင့် ဖြစ်ရ၏။ ထို့ကြောင့် တဏှာနှင့် အဝိဇ္ဇာကို သတ်ရမည်ဟု ဟောတော်မူသော ပါဠိတော်များကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်၏။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ချမ်းသာရရှိရေးမှာ ရှေးဦးစွာ နည်းလမ်းမှန်ကို ရရှိရေးသည် အရေးအကြီးဆုံး, ပဓာနအချက်ကြီးဖြစ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒ မဂ် ပါဠိတော်မဟာဝဂ် အာနာပါနဿတိကထာ-ဆဋ္ဌမူ စ-၁၆၇ ၌ ဖော်ပြရာတွင်-

အရဟတ္တမဂ္ဂဿပဋိပဒါ ဝိသုဒ္ဓိအာဒိ။

အရဟတ္တမဂ်၏ အစကား အကျင့်စင်ကြည်ခြင်း ပဋိပဒါ ဝိသုဒ္ဓိတည်း၊ ဤပါဠိတော်အရ၊ မဂ်နိဗ္ဗာန်ရရှိရေးတွင် အကျင့်လမ်းမှန်ဘို့ အရေးကြီးသည်ကို ယောဂီ အပေါင်း သိအပ်လှ၏။

ဤစက်ဆုတ်ဘွယ်ကောင်းလှသော လောကသံသရာထဲတွင် သတ္တဝါတွေသည် တဝဲလည်လည် နေရခြင်းသည် မည်သို့ကြောင့်နည်း။ တရားခံအစစ်အမှန်ကို ရှာကြရပေမည်။

၁။ ဒါန-သီလ-သမထကြောင့် သံသရာ လည်ရခြင်းလား။

၂။ ဒါန-သီလ-သမထကြောင့် သံသရာရှည်ရခြင်းလား။

အမှန်စဉ်စစ် သံသရာလည်ရခြင်း, ရှည်ရခြင်းသည် ငါစွဲ (အတ္တ)မပြုတ်သ၍ သံသရာလည်ကြရလေသည်။

ထို့ကြောင့်သံသရာပြတ်ကြောင်း တရားဖြစ်သည့် ဝိပဿနာဘာဝနာကို ပွားများကြရာ၌ ရှေ့တွင် ရေးသား တင်ပြခဲ့ပြီးကဲ့သို့ **အကောင်းဆုံး၊ အတိုဆုံး၊ အသက်သာဆုံး** တရားကို

လက်တွေ့ဆည်းပူးခဲ့ရ၍ သူတော်စင် ယောဂီ အပေါင်းအား ကောင်းမြတ်သော စေတနာဖြင့် ဆက်လက်တင်ပြလိုပေသည်။

## ခုတ်တလုံးတည်းဖြင့် တရားရသည်

ကျေးဇူးရှင်ဥာဏစာဂီ ဆရာတော်ဘုရားကြီးက "ငါတရား ရတာဟာ ခုတ်တလုံးတည်းနဲ့ရတာ၊ မင်းတို့လဲ ခုတ်တလုံး တည်းကို ပိုင်အောင်လုပ်ကြည့်စမ်းပါ၊ ဒီလိုကွဲ့ ခုတ်တလုံး တည်းနှင့် နိဗ္ဗာန် စံဝင်ကြရတာကို ဘုရားတိုင်းက အာမခံ၊ တာဝန်ခံ နေကြပါတယ်" ဟူ၍ ကျေးဇူးရှင် ဆရာတော်ဘုရား ကြီးက မိန့်တော်မူသည်မှာ-

ဘယ်လိုလဲဆိုတော့-

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီ
ကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ
သံဝတ္တတိ။

ဘိက္ခဝေ၊ ချစ်သားတို့၊ ဧကောဓမ္မော၊ တခုတည်းသော ခုတ်တရားကို။ ဘာဝိတော၊ ပွားများ အပ်သည် ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော်။ အဘိညာ ယ၊ သစ္စာလေးတန် ရုပ်နှင့်နာမ်ကို ကေန်သိရခြင်းအကျိုးငှာ။ သမ္ဗောဓာယ၊ မဂ်လေးပါး, ဖိုလ်လေးပါး ရ ခြင်း အ ကျိုး ငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်နှစ်ပါးအကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာ ဖြစ်၏။

ချစ်သားတို့-ခုတ်တရားတခုတည်းကို ပွားများပါက, ကြိမ် ဖန်များစွာပြုပါက ရုပ်နာမ်ရော-မဂ်ဖိုလ်နိဗ္ဗာန်ရော ရပါလိမ့်

မည်တဲ့၊ ကဲ-မင်းတို့သိကြတဲ့အတိုင်း မှတ်လို့ ဘယ်လောက်လွယ် သလဲ။

နောက်တနည်းပြရမယ်ဆိုယင်- ပထဝီဓာတ်တလုံးတည်းနှင့် အမြတ်ကိုးမျိုးရရှိပြီး သစ္စာလေးပါးလည်း ရရှိပုံကို ရှင်တော် ဘုရားက ရာဟုလာကို ဟောတော်မူသည်မှာ-

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော, ဒုက္ခ-
တော, အနတ္တတော, ဇာနတော, ပဿတော,
သက္ကာယဒိဋ္ဌိ ပဇဟာတိ၊ ဝိစိကိစ္ဆံ ပဇဟာတိ၊
အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

(ရာဟုလောဝါဒသုတ်-လာ)

မြတ်စွာဘုရားကတောင် ဓာတ်တလုံးရယင် မဂ်ရော-နိဗ္ဗာန် ကိုရော ရပုံကို ဟောတော်မူ၏။

## ၃-မိနစ်ဖြင့် တရားတွေ့နည်း

လက်တွေ့အားဖြင့် အမြန်ဆုံး-အလွယ်ဆုံး တရားရနိုင်သော နည်းကို ဆရာတော်ကြီးက ပြသွားသည်မှာ-

ကဲ-ဖေရှုးဦးစွာ နားနှစ်ဘက်ကို လက်နှင့်ပိတ်ပြီး နားထောင် ကြည့်ပါ။ နားထဲမှာ အနိစ္စ-ဒုက္ခ-အနတ္တတွေကို ကိုယ်တိုင်တွေ့ ရမည်၊ နားနှစ်ဘက်ကို လက်နှင့်ပိတ်၍ နားထောင်ကြည့်တော့ နားထဲမှာ-

၁။ ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ဝါသော အနိစ္စ-ဒုက္ခ-အနတ္တ တွေ တွေ့မယ်။

၂။ ရှိုးရှိုး ရှိုးရှိုး နှင့် ဇောဇော အနိစ္စ- ဒုက္ခ- အနတ္တတွေ တွေ့မယ်။

၃။ ညှင်းညှင်းညှင်းညှင်းနှင့် အာပေါ အနိစ္စ-ဒုက္ခ-အနတ္တ တွေ တွေ့မယ်။

၄။ ဒုဒု ဒုဒုနှင့် ပထဝီ အနိစ္စ-ဒုက္ခ-အနတ္တတွေ တွေ့နေတာကို စိတ်ဝိညာဉ်သိ-သညာသိနှင့်ဝိတက်သိ ၄-ပါး သောအသိဖြင့် သိကြရပါမယ်၊ ခန္ဓာကိုယ်ထဲက ပြနေလို့ လက်တွေ့သိကြရတာပါပဲ၊ဒီနေရာမှာ စာသိ-ပေသိ-ကျမ်းဂန်သိတွေ မပါသေးပါဘူး၊ အဲဒါဟာ ယထာဘူတဉာဏ်, သမ္မာဒိဋ္ဌိဉာဏ်, သမ္မာဒဿနဉာဏ် တွေ ဖြစ်ပါတယ်။

ပျက်ပျက်နေတာတွေကို တွေ့တော့ အနိစ္စဉာဏ် ဖြစ်တယ်၊ ဖြစ်တဲ့ဒုက္ခ-ပျက်တဲ့ဒုက္ခတွေကို တွေ့ရတော့ ဒုက္ခဉာဏ်ဖြစ်တယ်၊ ဖြစ်တာရော ပျက်တာရော စသည်တို့ကို တားမရ, ဆီးမရ, ယူမရ, ရွှေ့မရတာ အနတ္တပါပဲ၊ အဲဒါတွေဟာ ကိုယ်တွေ့ တွေ့ပဲ။

လူတွေဟာ အမှုမဲ့ အမှတ်မဲ့ နေတုန်းကတော့ ဒါတွေကို မတွေ့ဘူးပေါ့၊ နားပိတ်ပြီး သေချာစွာ နားထောင်မှ, အာရုံ စိုက်လိုက်မှ ဒုဒုဒုဒု, ဝုန်းဝုန်းဝုန်းဝုန်း, ရှိုးရှိုး ရှိုးရှိုး, ညှင်းညှင်း ညှင်းညှင်း ဆိုတဲ့ ဓာတ်လေးပါးကို တွေ့နေတယ်၊ အဲဒီတော့ အနိစ္စ-ဒုက္ခ-အနတ္တတွေကိုပါ တွေ့လာတယ်၊ အဲဒါဟာ မီး ၂၅-ပါးလောင်၍ အနိစ္စ-ဒုက္ခ-အနတ္တ တွေဟု ဖြစ်လာရတာ

ပါပဲ၊ အနိစ္စတွေ့တော့ နိစ္စသော၊ ဒုက္ခတွေ့တော့ သုခသော၊ အနတ္တတွေ့တော့ အတ္တသေကြရပြန်တယ်-ဟု ဆရာတော်ဘုရားကြီးသည် လက်တွေ့ဝိပဿနာရဲ့သဘောကို ယှူပြသလိုပြလိုက်၏။

အခါအခွင့်သင့်၍ ကျွန်ုပ် တင်ပြလိုက်ပါသည်၊ ယောဂီအပေါင်းကဲ့သို့ ကျွန်ုပ်လည်း အသက်သာဆုံး, အလွယ်ဆုံး, အကောင်းဆုံးကိုရှာကြည့်ရာ ဆရာတော်ကြီးနဲ့တွေ့တော့ ဒီနည်းကိုလုပ်ကြည့်မိ၍ ကိုယ်တွေ့ဖြစ်ခဲ့ရပါတယ်။

**ယင်းအတိုနည်းကို ပြန်၍ ဆင်ခြင်လိုက်သည်ရှိသော်-**

ဒူဒူ-ဝုန်းဝုန်း-ရှီးရှီး-ညွှင်းညွှင်းဟူသောသ ဘောသက်သက်တွေ့ရတာက ပရမတ်မို့ အထည်ဒြပ်- ပုံစံ-သဏ္ဍာန်ပညတ်တွေကိုပယ်တာဖြစ်ပါတယ်၊ဒူဒူ-ဝုန်းဝုန်း-ရှီးရှီး-ညွှင်းညွှင်းဟူသော သဘောသက်သက် ပရမတ်ကို တွေ့ရသဖြင့် အမှန်ကို ရခဲ့ရာ အမှားဖြစ်သော ယောက်ျား, မိန်းမ-ငါ-သူ-လူ-နတ်-ဗြဟ္မာ စသော **ဒိဋ္ဌိမှား**တွေရော ယုံမှားခြင်း **ဝိစိကိစ္ဆာ** တွေရော အကုန်လုံး ပယ်ပစ် နှင်ထုတ်နေပါသည်၊ ယင်းကဲ့သို့ သိလာရခြင်းသည် စဖြစ်တဲ့ ဥဒယဘယဉာဏ်ကို ရလာသဖြင့် "ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ"ဟူသော အဋ္ဌကထာအတိုင်း အပြစ်ကိုသာတွေ့လို့ ဥစ္ဆေဒဒိဋ္ဌိကြီး ၄-ပါးကို ပယ်ရှားလိုက်ပါသည်။

ထို့နောက် ဒူဒူ-ဝုန်းဝုန်း-ရှီးရှီး-ညွှင်းညွှင်းဆိုတဲ့ ပျက်ပျက်နေတဲ့ "ဝယဉာဏ်"ကို ရလာသဖြင့် သဿတဒိဋ္ဌိကြီး ၁၅-ပါးကို ပယ်ရှားပစ်လိုက်တော့သည်။

"ဝယဒဿနေန သဿတဒိဋ္ဌိယာ" အဋ္ဌကထာအရ **ဝယ**ကိုတွေ့၍ **သဿတဒိဋ္ဌိ** ပြုတ်ပါတော့သည်။

တဖန် ဒုဒု-ဝုန်းဝုန်းရှီးရှီး--ညှင်းညှင်းဟု ဖြစ်တာရော, ပျက်တာရော တွေ့လာသဖြင့် "အမရာဝိက္ခေပဒိဋ္ဌိ" ပြုတ်သွားပါသည်၊ ဤသို့ အဋ္ဌကထာက "ဥဒယဗ္ဗယဒဿနေန အမရာဝိက္ခေပဒိဋ္ဌိယာ"ဟု အမိန့်ရှိထားပါသည်။

ထိုကဲ့သို့ သိလာရတဲ့ ဒု-ဝုန်း-ရှီး-ညှင်း တို့သည် မမြဲတဲ့ အနိစ္စကိုတွေ့သဖြင့် နိစ္စဒိဋ္ဌိ သေပါသည်။ ထို့ကြောင့် "အနိစ္စဒဿနေန နိစ္စဒိဋ္ဌိယာ"ဟု အမိန့်ရှိထားပါသည်။

တဖန် ဖြစ်ပျက်ဒုက္ခတွေ့တော့ သုခဒိဋ္ဌိ ပြာကျသွားရပြန်သည်၊ ဒါကိုပင် "သုခဒဿနေန သုခဒိဋ္ဌိယာ"ဟု အမိန့်ရှိပြန်သည်။

တဖန် ထိုသို့ သိလာသည်ကား တားမရ-ဆီးမရ-ရွှေ့မရ-ယူမရခြင်းဆိုသည့် အနတ္တတွေ့လာ၍ အတ္တဒိဋ္ဌိကြီး သေပြန်သည်။ (အနတ္တဒဿနေန အတ္တဒိဋ္ဌိယာ)။

ထို ဒုဒု-ဝုန်းဝုန်း-ရှီးရှီး-ညှင်းညှင်းဆိုတဲ့ သဘာဝသဘောပရမတ်သက်သက်ကိုတွေ့တော့ ပညတ်မှာရော,ငါ-သူ-လူ-နတ်ဆိုတဲ့ ဒိဋ္ဌိများပါ စင်ကြယ်သွားပါသည်၊ (သဘာဝဒဿနေန ပရိသုဒ္ဓါ)၊ ထို သဘာဝ သဘော ပရမတ်တွေကို လေ့လာ၍ ထက်ဝန်းကျင်မှ စင်ကြယ်ပြီး ပညတ်လဲကွာ, အများ ဒိဋ္ဌိလဲ ပျောက်သွားပါတော့သည်။

ထိုခေတ်တရားကြောင့် ဖောက်ပြန်တဲ့ အကျိုးတရားကိုပါ သိရသဖြင့် အကြောင်း အကျိုးပါ ခွဲခြား၍ သိလာရာ **ပစ္စယပရိဂ္ဂဟဉာဏ်ရော, ကင်္ခါဝိတရဏဝိသုဒ္ဓိ** ရောရ၍ လာပါတော့ရာ **ပညာဉာဏ် မြှိုးမြှိုးမြက်မြက် ထွက်၍ လာပါပြီ**။ (ပစ္စယ

ဒသာနေနပရိယောဒါတံ)ကိုရ၍လာပါသည်။ ယင်းအကြောင်း တရားသည် မိမိဉာဏ်၌ပေါ်လာ၍ပညာဉာဏ်ပြိုးပြိုးပြက်ပြက် ထွက်လာခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ဒုဒု-ဝုံးဝုံး-ရှီးရှီး-ညှင်းညှင်းကို တွေ့တော့ ပရမတ္ထ သဘာဝကိုရ၍ (သဘာဝဒဿနေနဝိရဇံ) သဘာဝကိုတွေ့ရာ၊ ဝိဇ္ဇာဖြစ်ပြီး ဒိဋ္ဌိကွာတဲ့ဉာဏ် ပညတ်ကွာတဲ့ဉာဏ်ကို ရရှိလာ ပါသည်။ ယင်းတို့၏အကြောင်းအကျိုးကို တွေ့တော့ (ပစ္စယ ဒဿနေန၊ ဝီတမလံ) ရသည်။ ကြောင်းကျိုး တွေ့တော့ "ဝီတမလံ" ဝိစိကိစ္ဆာ ကင်းရှင်းသွားပါသည်။ ဓာတ်ပေါ်ပုံ ရော, ဉာဏ်ပေါ်ပုံရော, ပယ်ပုံရော သိရှိသွားလေသည်။

ယောဂီ အပေါင်းသည် "ရေထဲတွင် ကွဲကျသွားသော ဆီအိုးပမာ" သဘောပေါက်ရာသည်။ ရေထဲ ကွဲသွားသောအိုး တွင် အိုးကွဲစတို့သည် ရေအောက်သို့ ကျရောက်သွားကြပြီး ဆီတို့သည်ရေပေါ်တွင် ပေါ်လျက်ကျန်ရစ်ကြရသည်။ အိုးကွဲ သည် ပုထုဇဉ်တို့နှင့်တူ၍ ဆီသည် အရိယာတို့နှင့်တူလေသည်။ စဉ်းစားချင့်ချိန်၍ ကောင်းမြတ်သော တရားကိုရှာပြီး နည်းမှန် လမ်းမှန် အားထုတ်သင့်ကြပါပေသည်။ ဤနေရာတွင်လည်း ရှေးမှရေးသားထားသည့်အတိုင်း ဝိပဿနာတရားအားထုတ်ရာ တွင် အကောင်းဆုံး-အတိုဆုံး-အသက်သာဆုံး-နည်းကို ကျွန်ုပ် ကိုယ်တိုင် တွေ့ရှိရသဖြင့် ကျေးဇူးရှင် ဉာဏစာရီဆရာတော် ဘုရားကြီး၏ မူကို ရေးသားတင်ပြရပါသည်။

ကျွန်ုပ်သည် ဓာတ်တရားအားထုတ်ခြင်းဖြင့် ဝိပဿနာ၏ အရသာကို အနည်းငယ်မျှ သိခွင့်ရခဲ့လေသည်။ ဤသည်မှာ

လည်း အသက်သာဆုံး- အတိုဆုံး- အကောင်းဆုံး နည်းဖြစ်သည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက အမိန့်ရှိထားသည်မှာ-
တတ္ထ ဓာတုဝသေနကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ၊
ပဋိကုလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ ဟောတိ။

ထိုသမထ ဝိပဿနာ နှစ်ပါးတို့တွင် ဓါတ်တရား၏ အစွမ်းအားဖြင့် ဟောခြင်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းသာဖြစ်၏။ ရွံရှာဘွယ်၏ အစွမ်းဖြင့်ဟောခြင်းသည် သမထ ကမ္မဋ္ဌာန်းသာဖြစ်၏။

ယင်းပါဠိတော်ကပင်လျှင် ဓာတ်တရားအကြောင်းကို တိတိကျကျ မိမိရရ ပြည့်ပြည့်ဝဝ သိရှိ၍ရအောင် ဟောဖော်ပြသသွားပါသည်။ ထို့ကြောင့် တလွဲတွေး၍ ဘေးလမ်းလိုက်မသွားဘို့ရန် သတိပြုရာ၏။ ဓာတ်တရားမှာလည်း-

(က) စိတ် စေတသိက် ရုပ်ဆိုတဲ့ ပရမတ္ထတရား ၃-ပါးကတော့ သင်္ခတဓာတ်တရား ဖြစ်ပါသည်။

(ခ) နိဗ္ဗာန်ကတော့ **အသင်္ခတဓာတ်တရား** ဖြစ်ပါသည်။

**ဓာတ်တရားလွတ်ရင် မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ကြောင်း** ကောင်းကောင်းကြီးသာ မှတ်ကြပါကုန် ယောဂီအပေါင်းတို့။

နောက်တဖန် ဓာတ်တရားတွေ့မှ သာဝက သုံးပါးဟာ မဂ်ဖိုလ်နိဗ္ဗာန် ရရှိသွားရသည်။

မူလပဏ္ဏာသအဋ္ဌကထာ-လာ—

သာဝကာ ဟိ စတုန္နံ ခါတုန္နံ (လ) နိဗ္ဗာနံပါပုဏန္တိ။

ပကတိသာဝကများ- မဟာသာဝကများ- အဂ္ဂသာဝက များသည် ဓာတ်တပါးပါး ရမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရရှိကြသည်။ဘုရားရှင်ကိုယ်တော်မြတ်သည် တည့်တည့်ကြီး ဟော ထားပါသဖြင့် ဘေးရှောင်၍ မသွားစကောင်းပေ။

နောက်တနည်းဓာတ်တွေ့မှသတ္တဝါများ အပယ်တံခါးပိတ်နိုင်ကြောင်းကိုလည်းတိက္ကနိပါတ်-အင်္ဂုတ္တိုရ်ပါဠိတော်လာအရ- "စတုန္နံ ခါတုနံအညတ္ထတ္တံ ပထဝီဓါတုယာ၊ အာပေါဓါတုယာ၊ တေဇောဓါတုယာ၊ ဝါယောဓါတုယာ၊ နတ္တေဝဓမ္မေအဝေစ္စ ပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိယံဝါ ဥပပဇ္ဇိဿတိ"

ပါဠိတော်အရ ပထဝီဓာတ်- အာပေါဓာတ်- တေဇော ဓါတ်-ဝါယောဓါတ်ဆိုတဲ့ ဓါတ်ကြီးလေးပါးကို ခန္ဓာကိုယ်ထဲ ၌ တွေ့ပြီး သိသိနေငြားအံ့၊ မတုံမလှုပ်ယုံကြည်ငြားအံ့၊ ထို အရိယာသာဝကသည် ငရဲသို့လည်းကောင်း, တိရစ္ဆာန်သို့ လည်းကောင်း, ပြိတ္တာနှင့်တွဲထားတဲ့ အသူရကာယ်သို့လည်း ကောင်း ရောက်ရိုးထုံးစံမရှိတော့သည်သာလျှင်တည်း။ အဲဒါ ဓာတ်တရားကိုတွေ့၍ တသံသရာလုံး အပါယ်တံခါးပိတ်သွားပုံ တည်း။

# အခန်း ( ၅ )

## အနတ္တအခန်း

ယောဂီအပေါင်းတို့သည် ဝိပဿနာတရားကို ကျင့်ကြံ ပွားများအားထုတ်ကြမည်ဆိုပါက၊ ရှေးဦးစွာသုတမယဉာဏ်အားဖြင့်(**အနုမာနအားဖြင့်**)**အတ္တနှင့် အနတ္တ**တို့ ကွဲအောင်ရှေးဦးစွာလုပ်ကြရပေလိမ့်မည်။အတ္တနှင့် အနတ္တ မကွဲလျှင် ဝိပဿနာဘာဝနာကို အားထုတ်နေပါက အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ရာ ဗုဒ္ဓညွှန်ပြတော်မူသော နည်းအတိုင်းအောက်ခြေကစ၍တိကျမှန်ကန်စွာ လိုက်နာ ကျင့်သုံးပါမှသာလျှင်အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရရှိ,ရောက်ရှိနိုင်သည်။ ဝိပဿနာဘာဝနာကိုပွားများလျှင်ရှေးဦးစွာဝိပဿနာတရား၏ပဓါနအချက် ဖြစ်သော အနတ္တသဘော သဘာဝကိုသုတမယဉာဏ်အားဖြင့်တိကျမှန်ကန်စွာ သိရှိရန် ကြိုးစားရ၏။ ဗုဒ္ဓကျင့်စဉ် ဆောင်ပုဒ်တွင်—

"သဗ္ဗေဓမ္မာအနတ္တာ"ဖြစ်သောကြောင့်ပေတည်း၊ လောကဓာတ်ကြီးတရပ်လုံးတွင်အတ္တမရှိ၊အနတ္တသဘာဝဓမ္မမျှသာရှိ၏—ဟု ဟောတော်မူ၏၊ အတ္တဆိုသည်ကား အဘယ်နည်း၊ အနတ္တဆိုသည်ကား အဘယ်နည်း ခွဲခြားသိရန် လိုအပ်လေသည်။

ရူပံနသတ္တော၊ နဇီဝေါ၊ နနရော၊ နမာဏဝေါ။
နက္ကတ္တိ၊ နပုရိသော၊ နအတ္တာ၊ နအတ္တနိယံ၊ နာဟံ၊ နမမ၊ နကောစိ၊ နကဿစိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ဒု-တွဲ၊ဆဋ္ဌမူ၊ပိ/ ၂၉၃)။

ရုပ်သည်သတ္တဝါမဟုတ်၊ ဇီဝမဟုတ်၊ ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ဥစ္စာမဟုတ်၊တစုံတယောက်မဟုတ်၊ တစုံတယောက်၏ဥစ္စာမဟုတ်ဟု ဟောတော်မူ၏။ ကျန်နာမ်ခန္ဓာ ၄-ပါးတွင် ဤအတိုင်းပင်ဟောတော်မူ၏။

(ခန္ဓဝဂ္ဂ၊ ခန္ဓသံယုတ်ပါဠိတော်၊ ဆဋ္ဌမူ၊ မြန်မာပြန်တွင်)။

လူ, နတ်, ဗြဟ္မာ သတ္တဝါသည် ခန္ဓာငါးပါးမဟုတ်၊တဖန် ခန္ဓာ ငါးပါးသည် လူ, နတ်, ဗြဟ္မာ သတ္တဝါမဟုတ်၊သို့ရာတွင် ခန္ဓာငါးပါးမှ ကင်း၍ လူ, နတ်, ဗြဟ္မာ သတ္တဝါမရှိဟု ဟောတော်မူ၏။ ဤနေရာတွင် ယောကျ်ား-မိန်းမ-လူ-နတ်- ဗြဟ္မာ ဆိုသည်မှာ သမ္မုတိသစ္စာဖြစ်၍ ခန္ဓာငါးပါးသည် ပရမတ္ထသစ္စာဖြစ်၏။ သမုတိသစ္စာဆိုသည်မှာ အဟုတ်မရှိ၊သမုတ်ရှိမျှသာ ဖြစ်၏၊ ပရမတ္ထသစ္စာကား အဟုတ်ရှိ၏၊ သမုတ်ရှိမျှသာ မဟုတ်ချေ။ အထင်အရှား ပြသရလျှင် ရုပ်နာမ် နှစ်ပါး- ခန္ဓာ ငါးပါး-အာယတန ၁၂ ပါး-ဓာတ် ၁၈-ပါး- နိဗ္ဗာန် စသည်တို့မှာ အဟုတ်ရှိ၏၊ ယောကျ်ား-မိန်းမ- လူသတ္တဝါ ဗြဟ္မာတို့မူကား အဟုတ်မရှိ၊ ပညတ်အားဖြင့် ခေါ်ဆိုသမုတ် ကြခြင်းမျှသာဖြစ်သည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော် ဗာလ ဝဂ်၌—

ပုတ္တာမတ္ထိ ဓနမတ္ထာ၊ ကုတော ဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော ကုတော ဓနံ။

ဤပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ—သား သမီး ဥစ္စာ ပစ္စည်းသည် ရှိ၏-ဟု လူတိုင်းသည် စိုးရိမ်ပူပန်၏၊ မိမိပင်လျှင် (ဝါ) ငါသည်ပင်လျှင် မရှိပါပဲလျက် အဘယ်မှာ သား သမီး ဥစ္စာပစ္စည်းသည်လည်း ရှိနိုင်ပါအံ့နည်း-ဟု ဟောတော်မူ၏။

သမုတိသစ္စာဖြစ်သော လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့ကို ဤတွင် အလိုမရှိအပ်၊ သဘာ●သက်သက် အကြောင်းတရားနှင့် အကျိုးတရားကို တွေ့ဆက်အားဖြင့် ဖြစ်ပျက်နေခြင်းကို ပညာမျက်စိဖြင့် သိရှိရပေလိမ့်မည်၊ ဤသည်ကိုပင် ပရမတ္ထသစ္စာ-ဟူ၍ သိရှိအပ်၏။

ဤနေရာတွင် ပရမတ္ထ သဘောနှင့် တွေ့ဆက် သဘောကို ဝိသုဒ္ဓိမဂ်-တ-တွဲ မြန်မာပြန်တွင်မူ—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ကံကိုပြုတတ်သောသူသည် မရှိ၊ အကျိုးဝိပါက် ခံစားတတ်သောသူသည်လည်း မရှိ၊ သက်သက်သော နာမ်-ရုပ်ဟု ဆိုအပ်သော တရားတို့သည်သာလျှင် ဖြစ်ကုန်၏၊ ဤသို့ ပြဆိုသော သဘောရှိသော ထိုထိုသောဉာဏ်အမြင်သည်သာလျှင် မဖောက်မပြန် ဟုတ်မှန်သောအဖြစ်သည် ဖြစ်၏-ဟု ဆို၏။

တဖန် ဆိုထားပြန်သည်ကား—

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေန ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ နစကမ္မံ ဝိနာ ဖလံ။

ဝိပါက်၌ ကံသည် မရှိ၊ ဝိပါက်သည် ကံ၌မရှိ၊ ဝိပါက်နှင့် ကံ နှစ်ပါးတို့သည် အချင်းချင်း တပါးသည် တပါး၏သဘောမှ ဆိတ်ကုန်၏၊ ကံကိုကြဉ်၍ အကျိုးသည်လည်း မဖြစ်သာလျှင်တည်း၊ ဤကား ပရမတ္ထသစ္စာသဘောနှင့် တွေ့ဆက်သဘောတို့ပင် ဖြစ်လေသည်။

များစွာသော လူတို့သည် ခန္ဓာကိုယ်တွင်း၌ အတ္တ-ဟု ခေါ်အပ်သော အကောင်ကလေး ရှိသယောင်ယောင် ပြောကြ၏၊ ယူဆကြ၏၊ အတ္တကောင်ကလေး၏အလိုအတိုင်း ခိုင်းစေချက်ကို လူတို့ကလိုက်လုပ်ရသည်-ဟု ထင်ကြ၏၊ အတ္တအကောင်ကလေးက ခြေလက်သွားလာမှု-အသံထွက်မှု-စားချင်မှု-အစာကို လက်ဖြင့်ယူမှု-အိပ်ချင်မှု စသည်တို့သည် အတ္တကောင်၏သဘောဆန္ဒသာဖြစ်သည်-ဟု ပြောကြ၏၊ ထို အတ္တကောင်ကလေးကိုပင် "အသက်ကောင်-ဝိညာဉ်ကောင်-လိပ်ပြာကောင်"ဟုအမျိုးမျိုး နာမည်တပ်၍ ခွဲလန်းကြ၏၊ ပုဂ္ဂိုလ်သတ္တဝါ-ငါ-သူ ဟူသော အသုံးအနှုန်းများ-ဒီအကောင်- ဟိုအကောင် ဟူသော အသုံးအနှုန်းများသည် အတ္တကိုခေါ်သော အသုံးအနှုန်းများပင် ဖြစ်သည်၊ ခန္ဓာကိုယ်သည် အတ္တကောင်၏နေရာ ခန္ဓာအိမ်ပင် ဖြစ်သည်-ဟု မှတ်ကြ၏၊ အိုမင်းယိုယွင်းလာလျှင် အတ္တကောင်သည် ခန္ဓာအိမ်ဟောင်းကိုစွန့်၍ ခန္ဓာအိမ်သစ်ကို ရွှေ့ပြန်၏-ဟု တွက်ဆကြ၏။

တ-ကမ္ဘာလုံး၏ အယူဝါဒမှာ သဿတဒိဋ္ဌိ - ဥစ္ဆေဒဒိဋ္ဌိ- သက္ကာယဒိဋ္ဌိစသော အတ္တအယူဝါဒများဖြစ်ကြ၍ လောကဓာတ်ကြီးတရပ်လုံးကို အနာဝရဏဉာဏ်, သဗ္ဗညုတဉာဏ်တို့ဖြင့် ဗုဒ္ဓရှင်တော်မြတ် ထိုးထွင်း၍ သိမြင်တော်မူသော သဘာဝဓမ္မမှာ အတ္တမဟုတ်၊ အတ္တမရှိသော သဘာဝဓမ္မသာ ဖြစ်၏။

## အတ္တအစ ဗြဟ္မာက

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါ ထိုအတ္တမရှိကြောင်းကို ဓမ္မစကြာဟောတော်မူပြီးနောက် ၀ါးရက်မြောက်သောနေ့၌ “အနတ္တလက္ခဏ” သုတ်ကို ဟောတော်မူပါသည်။

ထို့ကြောင့် ဘုရားမပွင့်မီကထည်းက အတ္တဝါဒကြီး လွှမ်းမိုးပေါ်ပေါက်လာပုံ၏ အစ ရင်းမြစ်ကို ဖော်ပြလိုပေသည်၊ အတ္တသည် လူ-နတ်-ဗြဟ္မာ-သတ္တဝါတွင် ဘယ်မျှလောက် လွှမ်းမိုးကျက်စားနေ၍ ယင်းတို့အား အမျိုးမျိုး အကျိုးပျက်စီးအောင်လုပ်နေသည်ကို သိသာလှ၏၊ အတ္တ၏ အခိုင်အမာ ခြေကုတ်ယူနေမှုကို ဘုရားရှင်ကိုယ်တော်တိုင် အမျိုးမျိုး တိုက်ထုတ်ဖြိုခွင်းခဲ့သည်ကို ဆက်လက်တင်ပြလိုပါသည်။

ကျွန်ုပ်တို့ မြတ်စွာဘုရားကား ကမ္ဘာတည်၍ ၁၁-ကပ်ရောက်မှ ပွင့်တော်မူသည်၊မြတ်စွာဘုရားမပွင့်မီ ကမ္ဘာဦး၌ကား ဗြဟ္မာပြည်မှ စုတေခဲ့၍ လူ့ပြည်၌ လူဖြစ်ကြသော ကမ္ဘာဦးသူလူပညာရှိတို့သည် ဗြဟ္မာနှင့်တူကြ၍ ပီတိဘက္ခာ ပီတိသာလျှင်အစာရှိ၍ နေကြကုန်၏။

သယံပဘာ၊ မိမိကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပ၍ နေကြကုန်၏။ အန္တလိက္ခစရာ၊ ကောင်းကင်၌ သွားလာ၍ နေကြကုန်၏။ ဒီဃာယုကာ၊ အနှစ်ပေါင်း အသခ်ျေမျှရှည်၍ နေကြကုန်၏။ မာနုသကာ၊ ဖြဟ္မာစိုရ်စိတ်ရှိသဖြင့် မြတ်သောစိတ်ထား ရှိကုန်၏။ နပုံရိသာ နက္ကတ္တိကာ၊ ယောကျ်ား, မိန်းမလည်း မဟုတ်ကြကုန်။ ဖြဟ္မသဒိသာ၊ ဖြဟ္မာတွေနှင့်သာ တူ၍ နေကြကုန်၏။ ဤကား ကမ္ဘာဦးကလူတွေ၏ ဖြစ်နေပုံတည်း။

ယင်းတို့သည် ဘုရားကလည်း မပွင့်သေး၍ ရုပ်နာမ် ရှိမှန်းကိုလည်း မသိကြ၊ ခန္ဓာအာယတန ဓာတ်သစ္စာရှိမှန်းလည်း မသိကြ၊ ၎င်းတို့သည် တဦးပေါ်လာလျှင် ဤကဲ့သို့ မှတ်ယူကြ၏၊ သတ္တဝါ-အထည်-ဒြပ်- ပုံစံသဏ္ဌာန်ကို မြင်၍ (သတ္တော) ဟု သဒ္ဒါကဆို၍ နာမ ပညတ်ထားကြ၏။

မြင်း၏ အထည်-ဒြပ်-ပုံစံသဏ္ဌာန်ကိုမြင်၍ (အဿော) ဟု သဒ္ဒါက စကြပြီး နာမပညတ်ထားကြ၏။

ဆင်၏အထည်-ဒြပ်-ပုံစံသဏ္ဌာန်ကိုမြင်၍ (ဟတ္ထိ)ဟု သဒ္ဒါထားပြီး နာမပညတ်ထားခဲ့ကြ၏၊ သုံးဆယ့်တစ်ဘုံ၌ အရာရာတိုင်း အရာဝတ္ထု၏အထည်-ဒြပ်-ကို မြင်တိုင်းသဒ္ဒ ပညတ်ဟူ၍ ထားခဲ့ကြ၏။

အဘိဓာန်ကျမ်းများ၌ လာသော အမည်နာမပညတ်-သဒ္ဒပညတ်တို့သည် အထည်-ဒြပ်-ပုံစံသဏ္ဌာန် အတ္ထပညတ်ရှိလို့သာ ဖြစ်ပေါ်လာကုန်သည်။ သဒ္ဒပညတ်နှင့် အတ္ထပညတ်နှစ်မျိုးတို့သည် ပရမတ်ဟူသော အနက်သဘောဓာတ် ကြိယာ

ကို ထိလိုက်အောင်, ပေါက်ရောက်အောင် မဟောနိုင်ကြပါ။ ထို့ကြောင့် လောကမှာ ၃၁ ဘုံတွင် သတ္တ-ပုရိသ-ဣတ္ထိယ အစရှိသော သဒ္ဒပညတ်-နာမပညတ်အမည်သညာနှင့် အထည်ဒြပ်ပုံစံသဏ္ဍာန်တို့ရဲ့ အတ္ထပညတ်နှစ်ခုသာရှိကြကုန်၏။

ပရမတ္ထအဘိဓမ္မတ္ထ-ဓာတွတ္တ သဘာဝတို့ကိုမူက ား မသိကြကုန်၊ မထိုးဖောက်နိုင်ကြကုန်၊ သက္ကာယဒိဋ္ဌိကပ်လျက် ရှိတုန်းဖြစ်သည်၊ ဝိစိကိစ္ဆာကပ်တုန်း-အဝိဇ္ဇာကပ်တုန်းရှိ၏။ထို့ကြောင့် ကမ္ဘာဦးက လူပညာရှိကြီးများ သမုတ်ပညတ်ခဲ့သော ပညတ်များသည် အမည်များ -သဒ္ဒများသည် အထည်ဒြပ်- ပုံစံ-သဏ္ဍာန်ဆိုတဲ့ အတ္ထပညတ်တို့ကို မြင်၍ သမုတ်ခဲ့ကြခြင်းဖြစ်သည်၊ ကမ္ဘာဦး၌ အတ္ထပညတ်မျိုးနှင့် သဒ္ဒပညတ်မျိုးသာရှိကြပါသည်။

ထို့ကြောင့်သဂြိုဟ်ပစ္စည်းပိုင်း၌ "လောကသင်္ကေတနိမ္မိတာ" ဟူ၍ပြဆိုခဲ့ပါသည်။ ကမ္ဘာဦးသူလူများသည် အမှတ်အသားအားဖြင့် ဖန်ဆင်းထားသော-ဟူ၍ လာရှိပေသည်၊ ကမ္ဘာအဆက်ဆက်က ပြဟ္မာများသည် မိစ္ဆာဒိဋ္ဌိအယူကို ယူနေကြပါသည်၊ ကမ္ဘာပျက်သောအခါ သံဝဋ္ဋကပ်-သံဝဋ္ဋဌာယီကပ်-ဝိဝဋ္ဋကပ်တို့တွင်နောက်ဆုံးသုံးခုမြောက်ဝိဝဋ္ဋကပ် ကမ္ဘာတည်လာတော့ အထက်ပြဟ္မာဘုံမှ ပြဟ္မာတဦးသည်စုတေ၍ မဟာပြဟ္မာဘုံ၌ဖြစ်လာသည်၊ အန္တရကပ်ပေါင်း ၆၄ ကပ်နေရသည်၊ (ဝါ)အသင်္ချေမျှ ကပ်တကပ်နေရသည်။ တဦးတည်းဖြစ်၍ ငြီးငွေ့လာသည်၊ ယခုအချိန်အခါတွင် ငါကဲ့သို့အပေါင်းအဖော်

များသည် ဂြိုဟ်မွှာအဖြစ်နှင့် ရောက်လာကြပါမူ ကောင်းလေစွဟု တောင်းတမိ၏။ စိတ်ကကြံစည်မိ၏။

ထိုအခါန်အခါတွင် ဂြိုဟ်မွှာအချို့တို့သည်အထက်ဂြိုဟ်မွှာပြည်မှ စုတေခိုက်နှင့်ကြုံ၍ ယင်းဂြိုဟ်မွှာကြီး တောင်းတနေသောဘုံတွင် ကြုံကြိုက်၍ လာရောက်တော့၏၊ ထန်းသီးကြွေခိုက်ကျီးနင်းခိုက် ကြုံတော့သည်၊ ယင်းဂြိုဟ်မွှာများ ရောက်ရှိလာလျှင်ပင် မူလဂြိုဟ်မွှာကြီးသည် အယူမှားလာတော့သည်၊ ၎င်းဂြိုဟ်မွှာကြီးမှားပုံ၊ မိစ္ဆာဒိဋ္ဌိအယူရှိပုံကို သိအပ်လေသည်၊ငါသည် ဤဂြိုဟ်မွှာတွေကို ဖန်ဆင်း၍ထားသည်၊ ငါဖန်တီးထား၍ ဤဂြိုဟ်မွှာတွေဖြစ်လာကြရသည်၊ငါမှမဟာဂြိုဟ်မွှာအစစ်ဖြစ်တယ်ဟုယူဆ၏၊ နောက်မှ ရောက်လာကြသော ဂြိုဟ်မွှာများသည် အလတ်စား ဂြိုဟ်မွှာများ ဖြစ်၍ အန္တရကပ် ၃၂ ကပ်မျှသာနေကြရသည်၊ ထို့ကြောင့် ၎င်းဂြိုဟ်မွှာများကို "ဂြိုဟ်မွှာပုရောဟိတာ" ဟု ခေါ်ဝေါ်သမုတ်ကြသည်။

တဖန် ၎င်းတို့ထက်ငယ်သော ဂြိုဟ်မွှာ ရောက်လာပြန်သည်၊ ယင်းဂြိုဟ်မွှာများသည် အန္တရကပ်ပေါင်း ၂၁ ကပ်မျှသာနေကြရ၏၊ အငယ်စားဂြိုဟ်မွှာဖြစ်၍ အစေအပါး ဂြိုဟ်မွှာများသည်ဖြစ်ကြ၏၊ ၎င်းတို့ကို "ဂြိုဟ်ပါရိသဇ္ဇာ"ဟု သမုတ်၍ ထားကြပြန်သည်၊ မဟာဂြိုဟ်မွှာကြီးကား ဂြိုဟ်မွှာငယ်များကို ငါ့စိတ်ဖြင့် ဖန်ဆင်း၍ထားတာဖြစ်သည်၊ငါ့အလိုသို့လိုက်ကြရမည်၊ ငါသာ နိဗ္ဗာန်အစစ်ဖြစ်သည်၊ ငါသာ ထာဝရဖြစ်သည်-ဟု ဒိဋ္ဌိစွဲကြီးဖြင့် စွဲစွဲမြဲမြဲမှား၍ နေတော့၏။

ဤပြဟ္မာကြီးသည် ၎င်းထက်သာ၍ တန်ခိုးကြီးမားလှသော ပြဟ္မာကြီးတွေ များစွာရှိသည်ကို မသိရှိပေ၊ ၎င်းတို့မှာကား နှစ်ကမ္ဘာ အသက်ရှည်သည့်ပရိတ္တာဘာပြဟ္မာတွေ, လေးကမ္ဘာ အသက်ရှည်တဲ့ အပ္ပမာဏာဘာ ပြဟ္မာတွေက စ၍ ကမ္ဘာ ၆ သောင်းရှည်တဲ့ အာကိဉ္စညာယတနပြဟ္မာတွေ, ကမ္ဘာ ရှစ်သောင်း လေးထောင်ရှည်သော နေဝသညာယတနပြဟ္မာ တွေကို မသိဘူး-မမြင်ဘူးသေးလို့သာလျှင် အသင်္ချေတကပ်မျှ ရှိသော မဟာပြဟ္မာကြီးသည် ၎င်းရောက်နေသောဘုံသို့ ရောက် လာသော ပြဟ္မာများအား ငါဖန်ဆင်းထားတာဘဲ၊ ငါရဲ့ အတိုင်ပင်ခံ, အခိုင်းခံ, ပုရောဟိယ်ပြဟ္မာတွေဘဲဟု အယူမှား ပြီး အမှားကြီးမှားကာ အလွဲကြီးလွဲရလေသည်။

ပြဟ္မာငယ်များလည်း မိစ္ဆာဒိဋ္ဌိအယူယူ၍မှားကြရလေသည်၊ ပြဟ္မာကြီးသည် ငါတို့ထက်အရင်ဖြစ်နှင့်သည်၊ငါတို့ထက်လည်း အဆင်းအရောင်ကြီးမားသည်၊ ငါတို့စုတေ့တာတောင် သူမ စုတေ့ဘဲ ထာဝရကျန်ရှိသည်၊ ငါတို့ကိုဤပြဟ္မာကြီးက ဖန်ဆင်း၍ထားလေသည်။ ငါတို့သည် ဤပြဟ္မာကြီး၏ အခြံအရံအစေ အပါးမျှသာဖြစ်သည်-ဟု မှားယွင်းယူဆကြလေသည်။

ဤပြဟ္မာပါရိသဇ္ဇာဘုံမှ ပြဟ္မာငယ်များသည် ၂၃-ကပ်စေ့ ၍ကံကုန်ခဲ့သော် လူ့ဘုံ၌ လာဖြစ်ကြသည်၊ လူဖြစ်သော်လည်း ပြဟ္မာဘုံမှ အန္တရကပ်ပေါင်း ၂၃-ကပ်မျှ နေလာခဲ့သော ဝါသနာအရှိန်ကြောင့် ရပ်ထဲရွာထဲလူနယ်ထဲ၌ မပျော်နိုင်ကြပဲ တောတောင်သို့ ထွက်ကြလျက် ရသေ့ပြုကြသည်၊ သမထ

ဘာဝနာများကို ပွားများကြသည်၊ ရှေးဘဝကအလေ့အကျင့်အတိုင်း ဈာန်အဘိညာဏ်ကို ရရှိကြသည်၊ ဈာန်များရရှိပြန်တော့လည်း ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် ဖြစ်လာခဲ့သော ဘဝကိုပြန်ကြည့်သော် ရှေးရှေးဘဝက ဗြဟ္မာကြီး၏ထံမှာ ဗြဟ္မာငယ်များ ဖြစ်ခဲ့ကြရပုံ, မိမိတို့ကိုဗြဟ္မာကြီးကဖန်ဆင်းထားပုံတို့ကိုတွေ့မြင် တွေးထင်လာကြပြီး ဗြဟ္မာငယ်တုန်းက မှားလာခဲ့သော အမှားများကို ရသေ့ဘဝ၌ ထပ်ပြီးအယူမှားကြပြန်လေသည်၊ ဗြဟ္မာကြီးကို နှစ်ဘဝဆက်၍အထင်ကြီးကြပြန်သည်။"

ငင်းရသေ့များသည် ယင်းတို့ရောက်နေသော ပစ္စက္ခဘဝသည် မဟာဗြဟ္မာထက်ကြီးသည်ကို မမြင်မသိကြပေ။ မိမိတို့ထက်ကြီးသည်ကိုမမြင်မသိကြပေ၊ မိမိတို့ဥာဏ်ဖြင့် မမှီသောကြောင့် မဟာဗြဟ္မာကြီးကိုပင် ထာဝရဘုရားပင် ဖြစ်သည်၊ မသေတဲ့နိစ္စဘုရားကြီးဖြစ်သည်၊ ခိုင်ခံ့တည်တံ့သည့် ထာဝရဘုရားဖြစ်သည်–ဟု အမှားထင်ပြီး မှားကြလေသည်။

လူ့ပြည်က လူများကလည်း ငင်းတို့ထက် အကျင့်သီလကောင်းမြတ်သော ရသေ့ကြီးများကိုပင်ကိုးကွယ်ကြရာ ရသေ့ကြီးများပြောကြားသည့် ဩဝါဒကိုပင်အစွဲကြီးစွဲ၍ ရသေ့ကြီးများ၏အမှားကိုပင် ထပ်ဆင့်လက်ခံယူကြ၏။ ဗြဟ္မာကြီးကရော, ဗြဟ္မာငယ်များကရော, ရသေ့များကရော, ရသေ့များကိုကိုးကွယ်ထားကြသော လူများကပါ–

၁။ ပြဟ္မာကြီးမှ တပါးသော သတ္တဝါတွေသည်တဘဝမှ တဘဝသို့ ဇီဝက ပြောင်းရွှေ့ကာ နေရသည်၊ ဒါကြောင့် အနိစ္စပဲ၊ အဓုဝပဲ။

၂။ ငါတို့ ပြဟ္မာကြီးကတော့ တဘဝမှ တဘဝသို့ မပြောင်းလွှဲ၊ မရွှေ့ရပဲရှိသည်၊ ဒါကြောင့်နိစ္စပဲ၊ ဓုဝပဲ ဖြစ်သည်၊

၃။ ငါတို့ကား တဘဝမှ တဘဝသို့ ဇီဝ အားဖြင့် ပြောင်းရွှေ့ကာ နေရသည်၊အတ္တပင်ဖြစ်သည်။

၄။ မဟာပြဟ္မာကြီးကား မပြောင်းရ၊ မရွှေ့ရသဖြင့် နိစ္စ-ဓုဝ-ပရမတ္တတည်း-ဟု မှားပြီးရင်း မှားရင်း လွဲပြီး လွဲကြရလေသည်။

ဘုရားရှိစဉ်ပင် ပုဏ္ဏားများသည် ပြဟ္မာကြီးကို နိစ္စပဲ-ဓုဝပဲ-ထာဝရဘုရားပဲ၊ပရမတ္တပဲ-ဟု ယူလာကြသည်၊ ဤကဆက်နွယ်၍ အိန္ဒိယပြည်က ဟိန္ဒူလူမျိုးတို့သည် မဟာပြဟ္မာကြီးကို နိစ္စ-ဓုဝ-ထာဝရ-ပရမတ္တဘုရားဟူ၍ ယခုအထိ ယူဆထားကြသည်ကို တွေ့ကြရသည်။

ယေရှုခရစ်ကလည်း ကောင်းကင်ဘုံတွင် ထာဝရဘုရားရှိသည်-ဟု ရေးထားသည်၊ မဟာမက်သခင်ကလည်း ထိုနည်းလည်းကောင်း၊ ပြဟ္မာကြီးကို နိစ္စ-ဓုဝ- ထာဝရဘုရား-ဟု ကုရ်ရမ်ကျမ်းတွင် ရေးသားထားလေသည်၊ ထို့ကြောင့် ဟိန္ဒူ-ခရစ်ယံ-မဟာမေဒင်-တို့ကား ၎င်းတို့ယူဆကြသောဘုရားအယူ

များ ဆင်တူရှိမှားသာဖြစ်သည်၊ ဗုဒ္ဓဘာသာဝင် တို့သာလျှင် ဂေါတမဗုဒ္ဓနှင့်သဲလုံးအမျှ ပွင့်ကုန်ကြသော ဗုဒ္ဓတို့ကိုယုံကြည်ကြလေသည်၊ ၎င်းတို့သည် သီလက္ခန်ပါဠိတော်လာ မိစ္ဆာဒိဋ္ဌိဖြစ်ကြပုံကို ရေးသားတင်ပြရပေသည်။

ထို့ကြောင့် အချို့သောအယူဝါဒ အသီးသီးရှိကြသူများနှင့် ဗုဒ္ဓဘာသာဝင် အစွန်းရောက် အယူရှိကြသူများကား ဖော်ပြလတံ့သော သက္ကာယဒိဋ္ဌိအယူမှားကို ယူနေကြတုံးပင်ဖြစ်သည်။

## အတ္တရာဇဝင်

သတ္တဝါကား "အတ္တ" တို့တည်း၊ မဟာ ဗြဟ္မာကား "ပရမတ္တ"တို့တည်း။

"အတ္တ" ဆိုတာ-ဒီပင်္ကရာ ဘုရားလက်ထက်က သုမေဓာလဲ ဂေါတမဆိုတဲ့သူပဲ။

ဗျာဒိတ်တော်ခံယူစဉ် ၂၄-ဘဝက လူများ အသီးသီးဟာလည်း ဂေါတမဘုရားဆိုတဲ့ သူပါပဲ။

"ငါးရာငါးဆယ်"ဇာတ်တော်ထဲကလူတွေဟာလဲ ဂေါတမဘုရားဆိုတဲ့လူဘဲ။

ဇာတ်ကြီးဆယ်ဘွဲ့က လူတွေလည်း ဂေါတမဘုရားဆိုတဲ့ လူဘဲ၊

ဂေါတမ ဘုရားအလောင်းတဦးတည်းက ခန္ဓာဟောင်းကို စွန့်၍ ခန္ဓာသစ်ကို ယူကာ အဟောင်းအသစ် ပြောင်းကာရွှေ့ကာ လာနေလို့သာ ဘဝပေါင်းစုံပြီး လူများသလို ဖြစ်လာ

ရတာပဲ၊ အမှန်မှာတော့ "ဂေါတမ ဘုရားအလောင်းတဦး တည်းဘဲဖြစ်တယ်"။

ခန္ဓာဟောင်း ခန္ဓာသစ်များ "အတ္တဇီဝ"ကား တခုတည်း ပါပဲ ဝိညာဉ်ဟာ တခုတည်းပါဘဲ။

ဤကဲ့သို့ သက္ကာယဒိဋ္ဌိအစွဲကပ်ညိ၍ နေကြပါတော့သည်၊ ဝိညာဉ် တခုတည်းမို့ နိစ္စ-ဓူဝ-ထာဝရ-သာရ-အတ္တပဲဟု အတ္တ ဒိဋ္ဌိ စွဲကပ်နေသည်။

ထို့ကြောင့် လောကတွင် သက္ကာယဒိဋ္ဌိ ကပ်ညိနေသူများ သက္ကာယ ဒိဋ္ဌိဖြုတ်ရန် အတ္တဒိဋ္ဌိအစွဲရှိသူများအား အတ္တဒိဋ္ဌိ ဖြုတ်ရန်ခွာရန်ကျွန်ုပ်တို့ဘုရားရှင်ကိုယ်တော်မြတ်သည်ပွင့်လာရ လေတော့သည်။ တရားဟောလာ၍ တရား ပေါ်လာသည်။ သံဃာတော်ပေါ်ပေါက်လာသည်၊ မြတ်စွာဘုရား ပွင့်သည်နှင့် ဘာကိုအရေးတကြီးထားပြီး ဟောရသလဲဟု ရှာဖွေကြည့်တော့ သံယုတ်ပါဠိတော်လာ အောက်ဖော်ပြပါ ပါဠိဟော်ကိုတွေ့လာ ရသည်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ။

ရင်ဝမှာ လှံစူးသောသူသည် လှံကိုသာ အရေးတကြီးနှုတ် သကဲ့သို့ ငယ်ထိပ်မှာ မီးလောင်ခံနေရသောသူသည် လောင်နေ သော မီးကို အရေးတကြီး မီးဘေးမှ လွတ်အောင် ရှောင်ရှား သကဲ့သို့ပင်၊ ထို့အတူ ဘယ်ကိစ္စမှ မပြုသေးပဲ သက္ကာယဒိဋ္ဌိလို့

ခေါ်တဲ့"အတ္တဒိဋ္ဌိ" တခုတည်းကိုသာလျှင် အရေးတကြီးထား၍ ခွာကြပါ၊ ဖြုတ်ပစ်ကြပါဟု တစာစာနှင့် ဘုရားဘဂဝါ အော်ဟစ်၍ နေသည်ကို အသိပင်ဖြစ်သည်။

လူ-နတ်-ဗြဟ္မာ သတ္တဝါတိုင်းမှာခန္ဓာကိုယ်သာ အဟောင်းအသစ်လဲလှယ်၍ အမြဲရှိတဲ့ ဇီဝသာ မြဲနေသည်၊ နိစ္စ ဖြစ်၍နေသည်၊ ဓုဝဖြစ်၍နေသည်၊ သဿတ ဖြစ်၍နေသည်၊ ထာဝရ ရှိနေသည်၊ ဇီဝတခုတည်းဟာ မြဲနေလို့ တခါတရံ လူ့ဘဝနဲ့ နေသလို တခါတရံ နတ်ဘဝနဲ့နေသည်။ အကြင်အခါ ဗြဟ္မာဘဝနဲ့နေသလို ထိုအခါတိရစ္ဆာန်ဘဝနဲ့ နေသည်၊ ထိုဇီဝသည်ကား အမိကကျနေသလို ဖြစ်နေသရွေ့-

၁။ ကာရကော- ဘာမဆိုပြုလုပ်တတ်သည်။
၂။ ဝေဒကော- ဘယ်အရာမဆို သူကပဲခံစား၍နေသည်။
၃။ သာမိနိ- ခန္ဓာကိုယ်အိမ်ကြီး၏ အရှင်ဖြစ်သည်။
၄။ သယံဝသီ- ဇီဝ၏ အလို ဆန္ဒ အတိုင်း အားလုံးက လိုက်ရသည်။
၅။ ဇီဝသည် နိစ္စ-မြဲသည်။
၆။ ဇီဝသည် ဓုဝံ-ခိုင်ခံ့သည်။
၇။ ဇီဝသည်သဿတ-ကမ္ဘာမြေကြီးကဲ့သို့ အကြာအရှည်ဆုံး ဖြစ်သည်။
၈။ ဇီဝသည်ထာဝရ-တသံသရာလုံး အမြဲ တည်ရှိသည်။ အဲဒါတွေသည် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စွဲကပ်၍နေပုံ ဖြစ်သည်။

လူ-နတ်-ဗြဟ္မာတို့တွင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိစွဲကပ်ညိနေ၍ ဘုရားရှင် ကိုယ်တော်တိုင်က သတိ- သမာဓိ- ပညာ လက်ကိုင်ထားပြီး ဖြိုခွင်းလေတော့သည်။

လူ-နတ်-ဗြဟ္မာ သတ္တဝါ တို့၏ ခန္ဓာကိုယ်၌ အတွင်းရော အပြင်ပါ **ပေါသိ** ဆိုတဲ့ ရုပ်နာမ် နှစ်ပါးပဲရှိသည်။ ဝိပဿနာ အားထုတ်နည်းနှင့် အားထုတ်ကြည့်ပါက ကိုယ်တိုင်သိထင်ရှား ဖြစ်မည်။

သုံးဆယ့်တစ်ဘုံတွင် အတ္တနှင့် အနတ္တသာ ရှိသည်။ အတ္တ မပျောက်လျှင် ပုထုဇဉ်ဖြစ်သည်။ အတ္တပျောက်လျှင် အရိယာ ဖြစ်လာတော့သည်။

အနတ္တမပေါက်လျှင် ပုထုဇဉ်ဖြစ်သည်၊ အနတ္တပေါက်လျှင် အရိယာဖြစ်သည်။

၁။ ပညာဓိက ဘုရားလောင်းများ လေးသင်္ချေနှင့်ကမ္ဘာ တသိန်းကျင့်မှ အတ္တ ပျောက်၍ အနတ္တ ပေါက်ကြ ပါသည်။

၂။ သဒ္ဓါဓိက ဘုရားလောင်းများ ရှစ်သင်္ချေနှင့် ကမ္ဘာ တသိန်း ကျင့်မှ အတ္တပျောက်၍ အနတ္တ ပေါက်ကြရ သည်။

၃။ ဝိရိယာဓိက ဘုရားလောင်းများ ၁၆သင်္ချေနှင့် ကမ္ဘာ တသိန်းကျင့်မှ အတ္တ ပျောက်၍ အနတ္တ ပေါက်ကြ ပါသည်။

၄။ ပစ္စေက ဗုဒ္ဓါလောင်း တို့ကား ၂-သင်္ချေနှင့် ကမ္ဘာ တသိန်း ကျင့်မှ အတ္တ ပျောက်၍ အနတ္တ ပေါက်ကြ ရသည်။

၅။ အဂ္ဂသာဝက လောင်းလျာများ တသင်္ချေနှင့် ကမ္ဘာ တသိန်းကျင့်မှ အတ္တပျောက်၍ အနတ္တရောက်ကြ၏။

၆။ မဟာသာဝကလောင်းတို့ကား ကမ္ဘာတသိန်း ကျင့်မှ အတ္တပျောက်၍ အနတ္တပေါက်ကြပါသည်။

၇။ ပကတိ သာဝကလောင်းတို့ကား ကမ္ဘာတရာ-ကမ္ဘာ တထောင်ကျင့်မှ အတ္တပျောက်၍ အနတ္တ ပေါက်ကြ ပါသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် အတ္တ ဖြိုခွင်းရန် မည်မျှ ခဲယဉ်းပုံ-ကျင့်ကြံရရှိပုံကို သိရှိနိုင်လေသည်။

ဤနေရာတွင် အချို့ဆရာတို့သည် အတ္တကိုအလွယ်နှင့်ဖြိုခွင်း နိုင်သည်။ ဘယ်ဘုံ၊ ဘယ်စျာန်ရောက်လျှင် အတ္တဝါဒ ပျောက် တာပဲ၊ မရှိတော့ဘူး စသည်ဖြင့် ပြောဆို ဟောကြား နေကြ သည်ကို မြင်ရ-ကြားရသည်၊ ထို့ကြောင့် အတ္တ ဝါဒသည် ဘယ်လောက်အထိ အသက်ရှည်၍ လိုက်နေသည်ကို သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

အတ္တဝါဒကို စရဏ ၁၅-ပါးဖြင့် မသတ်နိုင်သောကြောင့် မပျောက်နိုင်သေးကြောင်းကို ပြလိုပါသည်။

ဒါန-သီလ-သမထ-ပုညကြိယာ-သုစရိုက်-ရသေ့ပြု-ရှင်ပြု ရဟန်းပြု- မုတင်ကျင့်- စာသင်-စာချ- ဝိဇ္ဇာအဘိညာဉ်-

သမာပတ်-ပထမစျာန်-ဒုတိယစျာန်-တတိယစျာန်-စတုတ္ထစျာန်-ပဉ္စမစျာန်-အာကာသစျာန်-ဝိညာဏစျာန်-အာကိဉ္စညာစျာန်-နေဝသညာစျာန်-ပါရမီ-စရိယာ-စွန့်ခြင်းကြီးငါးပါး-၇-သချေ်ာကျင့်-၉-သချေ်ာကျင့်-ကမ္ဘာတသိန်းကျင့်-မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ-ဗျာဒိတ်ရ ဟူသော ၃၅-ပါးသော စရဏတရားတို့ဖြင့် အတ္တကို မဖြိုခွဲနိုင်ကြသေးပါ၊ အသွင်သဏ္ဍာန်အားဖြင့် ညှိုးသလိုလို, နွမ်းသလိုလို ထင်ရုံသာ တတ်နိုင်ကြပါသည်။

ဝိဇ္ဇာရ- အဘိညာဥ်ရ - သမာပတ်ရ - စျာန်တွေ ရနေတဲ့ အာဠာရ ရသေ့ကြီး, ဥဒက ရသေ့ကြီး, ကာဠဒေဝိလ ရသေ့ကြီးများဟာ ထိုမျှသော သတ္တိမျိုးတို့ဖြင့်တောင် အတ္တကိုမဖြိုခွဲနိုင်ကြသေးပေ။

ပိဋကတ်သုံးသွယ်-နိကာယ်ငါးဖြာ-အင်္ဂါကိုးတန်-ဓမ္မက္ခန္ဓာ ပေါင်း-ရှစ်သောင်းလေးထောင်ကျမ်းကုန်အောင် တတ်မြောက်ထားကြသောကပိလ-ဟေမာဝတာရ-သာတာဂိရိ-ရှင်ပေါဋ္ဌိလ-အရှင်မဟာသီဝ- အရှင်မဟာနာဂ- အရှင်ဥပါလိ- အရှင် ဒေ္ဝသဟာယန- အရှင်ဒေဝဒတ် - ရဟန်း ၅၀၀-မိလိန္ဒမင်း- ပုဏ္ဏထေရီမ-သုက္ကာထေရီမ-ဘုရားအလောင်း ကိုးဘဝ်တို့ဟာ အတ္တကို မဖြိုခွင်းနိုင်ကြသေးပေ။

ဤမျှလောက်ကြီးမား၍ အမြစ်တွယ်လျက်ရှိသော အတ္တကြီးကို ဖြိုခွင်းရန်အတွက် ဘုရားရှင်ကိုယ်တော်တိုင်က ဝိဇ္ဇာ ၁၆-ပါးနှင့် ဖြိုခွင်းနှိမ်နင်းခိုင်းခဲ့ပါသည်၊ ဝိဇ္ဇာ ၁၆-ပါးကား-

နာမရူပပရိစ္ဆေဒဉာဏ်-ပစ္စယပရိဂ္ဂဟဉာဏ်-သမ္မသနဉာဏ်-ဥဒယဗ္ဗယဉာဏ်-ဘင်္ဂဉာဏ်-အာဒီနဝဉာဏ်-နိဗ္ဗိဒါဉာဏ်-မုစ္စိတုကမျတာဉာဏ်-ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာဉာဏ်-အနုလောမဉာဏ်- ဂေါတြဘူဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ်-ပစ္စဝေက္ခဏာဉာဏ် ဟူသည့် ၁၆-ဘန်သော ဉာဏ်တို့ဖြင့် အတ္တကြီးကို ဖြိုခွဲနိုင်ကြပါသည်။

မြတ်စွာဘုရား ဟောတော်မူသော ရုပ်နာမ်တို့၏သဘောကို သိရုံမျှနှင့် ကိုယ့်၏အနှစ်ဖြစ်သော အတ္တကား မရှိတော့ပြီ-ဟူ၍ မထင်နိုင်၊ သိမ်မွေ့နက်နဲသောအရာဖြစ်၍ ရှိသည်ကိုမှ ရှိမှန်း မသိ၍သာ မရှိဘူး-ဟု ထင်ကြသည်။

ဤသို့ သိမ်သိမ်မွေ့မွေ့ရှိမှန်းကိုမှ မသိရအောင် အင်အားကြီးမားစွာဖြင့် စိတ်နှင့်တသားတည်း ကပ်ညှိနေသည်၊ အတ္တအယူကို ရည်ရွယ်၍ ဒိဋ္ဌိအနုသယကို ဟောတော်မူပါသည်၊ အနုသယဆိုသည်ကား ပရမာနုမြူကဲ့သို့ သိမ်မွေ့စွာကပ်သော ကိလေသာတို့ကို ဆိုပါသည်။

ရုပ်နာမ်ကိုသိပြီးသော ပုထုဇဉ်သည် ဤ သင်္ခါရ ဟူသော ခန္ဓာငါးပါးတို့ မြဲသည်-ဟုမထင်, ချမ်းသာသည်-ဟု မထင်တတ်ကြပေ၊ သို့သော် စွန့်ပစ်ရမည်-လျစ်လျူရှုရမည်ဆိုလျှင်ပင် မရက်စက်နိုင်ကြပေ၊ အကောင်းရှိနိုးနိုး ထင်၏၊ မစင်ကို စွန့်ပစ်သကဲ့သို့ မစွန့်ပစ်ဝန့်သည် ဖြစ်၏၊ ရက်ရက်စက်စက် မပစ်ဝန့်၊ အကောင်းရှိသယောင်ယောင်-ဟု စွဲလန်းခြင်းသည် အကုန်သိမ်မွေ့သောအားဖြင့် အတ္တကို စွဲလန်းခြင်းဖြစ်သည်-ဟု မှတ်ကြရမည်။

အနှစ်သာရအတ္တမရှိ-ဟုထင်သော မစင်အမှိုက်တို့ကိုမူကား ငဲ့ကွက်ခြင်းမရှိ၊ ရက်ရက်ရောရော စွန့်ပစ်နိုင်ကြသည်၊ အနှစ်သာရ အတ္တ-ဟုထင်သော ဤခန္ဓာကိုယ်ကြီးကိုမူကား စွန့်ပစ်ရမည်ကို မဆိုထားနှင့်၊ စိုးစိမျှ အခြားပုဂ္ဂိုလ်တို့က နှုတ်ဖြင့် လည်းကောင်း, လက်ဖြင့်လည်းကောင်း ထိပါးခဲ့လျှင်ပင် မခံမရပ်နိုင်ဖြစ်၍ တရားလက်လွှတ်ပြုကျင့်ခြင်း, ထိပါးမည်ထင်သူကို တတ်နိုင်သမျှ နှိမ်တတ်ခြင်းတို့ကို ပြုလေသည်၊ လျစ်လျူမရှုနိုင်ကြကုန်၊ ဤ မိမိခန္ဓာနှင့်စပ်၍ မကောင်းဖြစ်မည်ကို မခံနိုင်ခြင်းအားကြီးလေ၊ ဤခန္ဓာကိုယ်၌ အနှစ်သာရ အတ္တ-ဟု စွဲလန်းခြင်းကြီးလေ ဖြစ်သည်ကို သတိပြုကြရမည်။

ထို့ကြောင့် ရုပ်နာမ်တို့ကို အကြမ်းသိပြီးနောက် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၍ သိမ်မွေ့သော အတ္တအယူကို ပယ်နိုင်အောင် “ဒွိကောဋိက”စသော သုညတနည်းတို့ဖြင့် အထပ်ထပ်ခန္ဓာငါးပါးတို့ကို ဉာဏ်ဖြင့်ထုချေလျှင် သင်္ခါရုပေက္ခာဉာဏ်ကိုရမှ သင်္ခါရတို့ကို လျစ်လျူရှုနိုင်ရုံမျှ ရှိသည်၊ ပထမဉာဏ်ကိုရမှ သက္ကာယဒိဋ္ဌိ ဟူသော အတ္တအယူကို စွန့်ပယ်နိုင်သည်၊ အနိစ္စဟူ၍ကား ထင်မှတ်၏၊ ဒုက္ခ-ဟူ၍ကား ထင်မှတ်၏၊ မစွန့်ပစ်နိုင်ကြ၊ ကောင်းနိုးနိုးထင်သော အတ္တအယူကိုမူကား အနတ္တ-ဟု ထင်ရန် အလွန်ပင် ခဲယဉ်းလှပါသေးသည်။

အကြောင်းမူကား ရုပ်နာမ်တို့ကို အကျယ်သိ၍ ရုပ်နာမ်မှ တပါး အခြားတပါး အလိုမရှိ-ဟုသိကြလျက် အဘယ်ကြောင့် သိမ်မွေ့လှသောအတ္တဒိဋ္ဌိကိုမစွန့်နိုင်သနည်း-ဟူမူကားအနမတဂ္ဂသံသရာက အတ္တအစွဲကြီးရှိ၍လာသောကြောင့် တခါတည်း ရုပ်

နာမ်တင်ရုံမျှနှင့် စိတ်သဘောမပိုက်နိုင်ကြပေ၊ အတ္တအစွဲဟာ အားကြီးလှ၍, ရင့်သန်လှ၍ အမြစ်တွယ်နေသည်မှာ ကြာမြင့်ပြီ ဖြစ်၍ အခွာရခက်သည်ကို သိရှိကြရမည်။

နာမရူပပရိစ္ဆေဒဉာဏ်ကစ၍ ဂေါတြဘူဉာဏ်အထိခွာခဲ့ရာ မကုန်သေး၍ မဂ်ဉာဏ်က ထပ်ခွာရသည်ကို သတိပြုကြရ၏၊ ရုပ်နာမ်ကိုရှုတာ အထပ်ထပ် အထစ်အဖုကုန်အောင် ဘာဝနာ ပွား၍ ဘာဝနာအားကိုရမှ အတ္တအယူကို ခွာနိုင်လျှင် ခွာနိုင် ပါတော့သည်။

"ဘာဝိတော၊ ဗဟုလီကတော"ကို ထောက်ရှုခြင်းအားဖြင့် ရုပ်နာမ်ကို တွေ့၍ ဘာဝနာကိုမပွားနိုင်လျှင် သိပြီးဉာဏ်, ရှိ ပြီးဉာဏ် ပယ်ဖျက်ပျောက်ရသည်-ဟု ဆို၏။

ပေါက်လတံ့သောကြက်ဥထဲ၌ ကြက်ငယ်ကောင်လေးသည် ကေန်ရှိနေသော်လည်း ကြက်မကြီးက ဝပ်ခြင်းမပြုကြပါလျှင် ကြက်ဥပုတ်၍ပျက်စီးသကဲ့သို့ ရုပ်နာမ်ကို သုတမယဉာဏ်မျှနှင့် ပျောက်ပျက်ရပေါသည်။ ကြက်ဥပေါ်၌ ကြက်မကြီးဝပ်သကဲ့သို့ ဝပ်လျှင် ကြက်ငယ်ကလေး ပေါက်သကဲ့သို့ သုတမယဉာဏ် ပေါ်၌ ဘာဝနာမယဉာဏ်က အုပ်၍နေလျှင် ပွားများ၍ နေ လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက်၍ သက္ကာယဒိဋ္ဌိပျောက်တော့ မည်ဟု ဘုရားက ဟောတော်မူပါသည်။

ဥပမာကား- ကာလကြာမြင့်စွာ စွဲကပ်နေသော နာတာ ရှည် ရောဂါရှင်သည် အမှန်ကေန်ပျောက်မည့်ဆေးကို ၄-ရက် ၅-ရက် စားလျှင် ရောဂါဆုတ်၍ သက်သာရာရ၏။ ၁၀-ရက်မျှ စားလျှင် ရောဂါသည် ဆက်၍ မထကြွတော့ဘဲ ငြိမ်ဝပ်ကာ

နေမည်၊ ဤကဲ့သို့ ရောဂါငြိမ်ဝပ်ကာ နေရုံမျှဖြင့် ရောဂါ ပျောက်ပြီဟု ထင်မှတ်ကြ၏။ သင့်တော်သောဆေးဝါးကို ထပ် မစားလျှင် ရောဂါပြန်ထ၍ အသက်ကိုပင် စိုးရိမ်ရသည်။

ထို့အတူ ရုပ်နာမ်ကို အကျယ်အားဖြင့် သိခြင်းသည် အတ္တ ဒိဋ္ဌိ ပျောက်လတံ့၊ မှန်ကန်သောဆေးပင် ဖြစ်ပါသည်။ ထကြွ ကြမ်းတမ်းသော အတ္တဒိဋ္ဌိကို ဆုတ်နစ်စေ၏၊ ငြိမ်ဝပ်နေစေ၏၊ အဲဒါကို အဲဒီလောက်ကိုပင် အတ္တဒိဋ္ဌိမရှိတော့ပြီဟု ထင်မှတ်၍ ရုပ်နာမ်ကို မပွားများဘဲနေခဲ့လျှင် ထကြွလာ၍ ဒုက္ခရောက်တတ် ပါသည်။

ရုပ်နာမ်ကြောင့်အတ္တဒိဋ္ဌိငြိမ်ဝပ်၍နေစဉ်တွင် "ဘာဝိတော၊ ဗဟုလီကတော"အရ ထပ်ကာထပ်ကာ ရှုပွားမှသာလျှင် အတ္တ ဒိဋ္ဌိ စင်ကြယ်ကုန်ခမ်းမည် ဖြစ်ပါသည်။ ရုပ်နာမ်ကို သိရုံမျှနှင့် အတ္တဒိဋ္ဌိကို မစွန့်နိုင်သေးပါ။ ဝပ်နေရုံမျှသာ ရှိပါသည်၊ ဘာ ဝနာ အထပ်ထပ်ပွား၍ ဝိပဿနာဉာဏ်ဆယ်တန်တွင် ကိုးဆင့် က သင်္ခါရုပေက္ခာဉာဏ်ကိုရမှ လျစ်လျူ ရှုနိုင်သည်၊ ပထမ- မဂ်ကို ဧကန်ရမှ အတ္တဒိဋ္ဌိ ပြာကျရပါတော့သည်။

ခန္ဓာငါးပါးဟူသော သက္ကာယတို့တွင် တခုခုကို အတ္တဟူ၍ စွဲလမ်းပြီးလျှင် ဖြစ်ရသော ဒိဋ္ဌိဖြစ်ရသောကြောင့် သက္ကာယ ဒိဋ္ဌိဟု ဆိုလိုသည်။ သက္ကာယပရမတ်၌ အမှားဒိဋ္ဌိ ကပ်တာကို သက္ကာယဒိဋ္ဌိဟု ခေါ်သည်။

ဥပမာ- ညောင်ပင်၌ ကပ်နေသော တစ္ဆေကို ညောင်ပင် တစ္ဆေဟု ခေါ်ကြသလို ဖြစ်၏၊ ကုက္ကိုပင်ကပ်လျှင် ကုက္ကိုပင် တစ္ဆေ။ ဤနည်းအတိုင်း အမြဲပြု၍နေသော မူလ ပညတ်ကို

မှီ၍ ခေါ်ခြင်း ဖြစ်သည်။ အတ္တဟူသော ဝတ္ထု စွဲ၍ ဖြစ်သော မိစ္ဆာဒိဋ္ဌိဖြစ်သောကြောင့် အတ္တာနုဒိဋ္ဌိဟူ၍ရင်း၊ အတ္တဒိဋ္ဌိဟူ၍ လည်းကောင်း၊ အတ္တဂါဟ ဟူ၍ လည်းကောင်း၊ အတ္တဝါဒု ပါဒါန် ဟူ၍ လည်းကောင်း, သက္ကာယဒိဋ္ဌိဟူ၍ လည်းကောင်း အမည်အမျိုးမျိုးနှင့် ခေါ်သည်။ အတူတူပင် ဖြစ်သည်။ ဤ အတ္တဇီဝသည် အကြမ်းအားဖြင့် တခုဘဲ ဖြစ်ပါသည်။

ဆိုအပ်ပြီးခဲ့သော ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်း တတ်ပါသည်ဟု ပုထုဇဉ်တို့ ထင်မှတ်သောအသက်ဇီဝမရှိ သော မြတ်စွာဘုရား အလိုတော်ကို မသိရသောကြောင့် လည်းကောင်း, အမှားကြီးမကအောင် မှားရလေသည်။ ဤနေ ရာတွင် အနတ္တအကြောင်းကို ဘုရားဟောနှင့် ပတ်သက်၍ ရှင်းလင်းရေးသားလိုပေသည်။

အတ္တဟူသောပုဒ်၌ အတ္တသဒ္ဒါကို ဟော၍ အတ္တသဒ္ဒါ အယူကိုတားမြစ်ခြင်းငှာ "အနတ္တာအသာရကဋ္ဌေန" ဟူ၍ တရားစစ်သူကြီး ရှင်သာရိပုတ္တရာသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၌ အကြိမ်များစွာ ဟောတော်မူသည်။ ဝိသုဒ္ဓိမဂ်အစရှိသော များစွာသော အဋ္ဌကထာဋီကာတို့၌လည်း "အနတ္တာအသာရ ကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဧဝံပရိကပ္ပိတဿ အတ္တသာရဿအဘာဝေန" ဟူ၍ ပြတော်မူသည်။

အနတ္တာအနှစ်မရှိ၊ အနတ္တာအစိုးမရ၊ အနတ္တာ အလိုသို့ မလိုက်၊ အနတ္တာ ငါမဟုတ်-ဟူသော ပါဠိတော်အတိုင်း ယူကြမှ ဘုရားအလို၊ ဘုရားအယူနှင့်ကိုက်ညီပါမည်။

သစ်သီး၏ အစေ့ကဲ့သို့ နောင်ဘဝ၌ ဖြစ်ဘို့ရန် ဤကိုယ်တွင်း၌ မပျက်မစီး ခိုင်ခံ့သော မျိုးစေ့ အနှစ်သာရမရှိ-ဟု ဆိုလိုပါသည်။

"ရူပံ အတ္တတော သမနုပဿတိ" အစရှိသော ပါဠိတော်လည်း-ရူပံ ရုပ်ကို အတ္တတော၊ ကိုယ်ဟူ၍၊ သမနုဿတိ၊ ရှု၏။ ဤကားအနက်မှားတည်း။

ရူပံ၊ရုပ်ကို၊အတ္တတော၊အနှစ်သာရအားဖြင့်။ သမနုပဿတိ၊ ရှု၏။ ဤသို့ဆိုမှ အမှန်ဖြစ်ရပေမည်။

ရူပံ-ရုပ်ကို၊အတ္တတော၊ အနှစ်သာရအားဖြင့်(ဝါ) နိဝါသီ ခန္ဓာအိမ်၌ အမြဲနေထားရှိသည် ဟူသော အယူအဆအားဖြင့် (ဝါ)ကာရကော၊ အရာရာကို ပြုတတ်သည်ဟူသောအယူအဆ အားဖြင့် (ဝါ) ဝေဒကော၊ ခံစားတတ်သူရှိသည်- ဟူသော အယူအဆအားဖြင့် (ဝါ)သယံဝသီ၊မိမိအလိုသို့ လိုက်စေတတ်သူရှိ၏-ဟူသောဝါဒအားဖြင့်၊သမနုပဿတိ၊ရှု၏၊ဤအဋ္ဌကထာ အတ္တအနက်တည်း။ ဆေးကျမ်းအရာဝယ် ဆေးအမည် အနက်ပေးလွဲမှားလျှင် လူနာသေတတ်သည်၊ ဝိပဿနာအရာ၌ အနက်ပေးလွဲမှားလျှင် ယထာဘူတ မဆိုက်နိုင်၍ မဂ်ဖိုလ်နိဗ္ဗာန်မရပါ။ ကျမ်းဂန် ဆိုသည်မှာ အလွန်မှ ခက်ခဲလှပါသည်။ စာတတ်ပေတတ်များပင်လျှင် အလွန်တရာ သတိချပ်ရပါသေးသည်။

ဤသို့အနတ္တအရာသည် သဘောအားဖြင့် အလွန်ခက်ခဲမှုရှိသည်၊ အနက်ပေးနေရာမကျသောကြောင့် မျက်စိမမြင်သောသူ လမ်းသွားသကဲ့သို့ အမှန်အမှားကိုမသိတတ်ပါ၊ အရမ်းကာရော သွားနေတတ်ပါသည်။

အနတ္တကို သေချာစွာ ပြနိုင်ရန်ခက်ခဲ၍၊ ပစ္စေကဗုဒ္ဓါများ ပင်လျှင် ဤဟာ အနတ္တဘဲဟု မဟောပြနိုင်ကြချေ။

ဟိသစ္စံ၊မှန်၏။ သစေ-အကယ်၍၊ တေ-ထိုပစ္စေကဗုဒ္ဓါတို့ သည်၊သမ္ပတ္တာ ပရိသာယ၊ ရောက်လာကြသော ပရိသတ်အား၊ အနတ္တာတိ၊အနတ္တဟူ၍၊ဝတ္တုံ-ဟောပြခြင်းငှာ။ သက္ကုဏေယျုံ၊ တတ်နိုင်ကုန်ငြားအံ့၊ သမ္ပတ္တာပရိသာ၊ရောက်လာသော ပရိသတ် သည်။မဂ္ဂဖလပဋိဝေဓ-မဂ်ကိုထိုးထွင်း၍သိနိုင်သည်။ ဘဝေယျ၊ ဖြစ်ရာ။

အနိစ္စ-ဒုက္ခလက္ခဏာတို့သည် ထင်ရှား သိသာနိုင်စေကုန် ၏၊ အနတ္တလက္ခဏာမူကား သိမ်မွေ့သော ပရမတ်သဘောမို့ အလွန်ခက်ခဲသော ရုပ်နာမ်အတွင်း၌ တခုခုပင်တည်း-ဟုဟော ပြ၍ထားသောကြောင့် ရုပ်နာမ်တို့ကို ဉာဏ်ဖြင့် စိတ်ဖြာ၍၊ စေ့စေ့ဆင်ခြင်မှ အတော်အသင့်မြင်နိုင်သည်၊ မထင်မရှား ရုပ်နာမ် သဘော-ပရမတ်ကို နားမလည်သော သူတို့ကား မသိနိုင်ရာ၏၊ မိမိကသိနေသော်လည်း သူတပါးအား မပြနိုင် ပါ၊ အလွန်ခက်ခဲလှ၏၊ သဗ္ဗညုတဘုရားမှတပါး အရှင်ပစ္စေက ဗုဒ္ဓါနှင့် တန်ခိုးကြီးသော သရဘင်္ဂရသေ့ကြီးတို့လည်းကောင်း ဟောပြခြင်းငှာ မတတ်နိုင်ကြပါကုန်။

အကယ်၍ အနတ္တလက္ခဏာကို ဟောပြနိုင်ငြားအံ့၊ မိမိထံသို့ ရောက်လာသော ပရိသတ်သည် မဂ်ဖိုလ်ကို ရရှိကုန်ရာ၏-ဟု ဆိုသောကြောင့် အနိစ္စ-ဒုက္ခ-လက္ခဏာနှစ်ပါးတို့ကို သိရုံမျှနှင့် မဂ်ဖိုလ်မရနိုင်သေးပေ၊ အနတ္တလက္ခဏာသိမှ မဂ်ဖိုလ်ရမည်-ဟု ဆိုလိုပါသည်၊ ဤ အနတ္တလက္ခဏာကို သိပြီးသော်လည်း သူ

ဘာပါးအားဟောပြရန်ခက်သောကြောင့် သဗ္ဗညုဘုရားတောင်မှ အနိစ္စ-ဒုက္ခ နှစ်စုံကို ဟောပြီးမှ ၎င်း အနိစ္စ-ဒုက္ခ နှစ်ပါးဖြင့် အနတ္တကို ပြခဲ့သည်၊ ခေတ်တရားတွေ့မှ အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင်ကြီး ထင်မြင်နိုင်သည်၊ခေတ်ပေါ်၍ ဃနတုံးကြီးကို ဖြိုခွဲနိုင်မှ အနတ္တကို ပိုင်မည်၊ အနတ္တပိုင်မှ သက္ကာယဒိဋ္ဌိ-ဝိစိကိစ္ဆာ ကွာမည်၊ နှစ်ပါးကွာမှ သောတာပတ္တိမဂ်ကိုရမည် ဖြစ်၏။

ခေတ်ပေါ်၍ ဝိပဿနာဉာဏ် ဆယ်တန်တို့တွင် သမ္မသနဉာဏ်ကစ၍ မုစ္စိတုကမျတာဉာဏ်အထိ လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စနှင့် ဒုက္ခကိုသာ များစွာ ထင်မြင်လာပါသည်၊ ဝိပဿနာဉာဏ်အားကြီး၍ပဋိသင်္ခါဉာဏ်သို့ရောက်မှပင် ဒွိကောဋိကသုညတနည်း စ၍ ဒွါဒသကောဋိကသုညတ ရတိုင်အောင် အထူးထူး အထွေထွေသော နည်းတို့ဖြင့် အနတ္တလက္ခဏာ အားကြီးအောင် ကမ္မဋ္ဌာန်းစီးဖြန်းရမည်-ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထား၏။

ထိုစကား မှန်၏၊ ဥပါဒါန် လေးပါးတို့တွင် အတ္တဝါဒုပါဒါန်သည် သတ္တဝါတို့၌ စွဲလန်း အား ကြီး သော ကြောင့် လည်းကောင်း, ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း အတ္တဟူ၍ အသိခက်ခဲသောကြောင့်လည်းကောင်း အသိလွယ်သည့် အနိစ္စ-ဒုက္ခနှင့် ဝိပဿနာကို ရင့်စေပြီးမှ အနတ္တကား အသိခက်ခဲသောကြောင့် မြဲသည်-ဆိုတဲ့ အနတ္တအယူကား ခိုင်မြဲသွားပေသည်၊ အတ္တဝါဒတွေ, အတ္တဒိဋ္ဌိတွေကွာအောင်-ရှင်းလင်းသွားအောင် မြတ်ဘုရားက အနတ္တလက္ခဏာသုတ်ကို ဟောကြားရသည်။

# အခန်း ( ၆ )

## ဥဘာစာဂီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းနည်း

### ကမ္မဋ္ဌာန်း ထိုင်ပုံ

ကမ္မဋ္ဌာန်းထိုင်မည်ကြံလျှင် ရှေးဦးစွာ နိဗ္ဗာန်သို့ ဝင်တော်မူကြကုန်သော၊ သဲလုံးအမျှမက ပွင့်တော်မူကြကုန်သော ဘုရားရှင်အနန္တ- တရားတော်အနန္တ - သံဃာတော်အနန္တ - ပစ္စေကဗုဒ္ဓါ အနန္တတို့ကို မိမိ၏ခန္ဓာကိုယ်ပေါ်သို့ ပင့်ပြီး ထိုခန္ဓာကိုယ်ကြီးကို ပလ္လင်အဖြစ်ဖြင့် ပူဇော်၍ ထိုဘုရားရှင်အနန္တတို့၏ တန်ခိုး- တရားတော်အနန္တတို့၏တန်ခိုး-သံဃာတော်အနန္တတို့၏ တန်ခိုး- ပစ္စေကဗုဒ္ဓါတို့၏တန်ခိုးတေဇော်အာနုဘော်ကြောင့် အကုသိုလ်ကံမှုစ၍ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်အနန္တတို့သည် ချုပ်ပျောက်ကွယ်ငြိမ်း၍ သွားပါစေသတည်း။

ယခုအားထုတ်မည့် ရုပ်ဓာတ်-နာမ်ဓာတ် ပေါ်ပေါက် တွေ့မြင်ရပါစေသတည်း-ဟု ဆုပတ္ထနာပြုပြီးလျှင် အမိ၊ အဘ၊ ဆရာ သမားတို့အား ကန်တော့ပြီး သီလကိုခံယူ၍ လူ-နတ်-ဗြဟ္မာ- သတ္တဝါအပေါင်းတို့အား ကန်တော့ပြီး သီလကိုခံယူ၍ "လူ- နတ်-ဗြဟ္မာ-သတ္တဝါအပေါင်းတို့ ချမ်းသာပါစေ" ဟု မေတ္တာ ပို့ရမည်။

ပြီးလျှင် သရဏဂုဏ်ဖြင့် ဖြစ်စေ၊ ၂၄-ပစ္စည်းဖြင့် ဖြစ်စေ စည်းချ၍ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းတောင်းရမည်။

ထို့နောက် ကမ္မဋ္ဌာန်းထိုင်ရမည်၊ထိုင်သောအခါ ယောကျ်ား ဖြစ်လျှင် တင်ပလ္လင်ခွေ ထိုင်ရမည်၊ မိန်းမဖြစ်လျှင် ဒူးချလျက် မိန်းမထိုင် ထိုင်ရမည်၊ တဘက်တခုကို သိုင်းထားလျှင် သာ၍ ကောင်း၏၊ လက်နှစ်ဘက်ကို တင်ပလ္လင်ခွေပေါ်၌ ထပ်ပြီး တင် လျက် ကိုယ်ကို မကိုင်းမညွတ်စေပဲ တည့်မတ်စွာ ချမ်းသာသလို ထိုင်ရမည်၊ အားစိုက်၍ မထားရ၊ ညှစ်၍မထားရ၊ အလိုက်သင့် ကလေးသာ ထိုင်ရမည်။

တနာရီ-နာရီဝက်ခန့် အဓိဋ္ဌာန်ထား၍ သတိ ကောင်းစွာ တည်လျှင် ရုပ်ဓာတ်-နာမ်ဓာတ်ကို တွေ့ရမည်-ဟု ယုံယုံကြည် ကြည် လိုလိုချင်ချင်ဖြစ်စေ၍ မျက်စိကိုမှိတ်လျက် ဝမ်းဗိုက်၌ ဒင်္ဂါးဝိုင်းတကွက်စာမျှလောက်သောနေရာ၌ စိတ်ကိုထား၍ ရှုရ မည်။

သို့မဟုတ် ခန္ဓာကိုယ်တွင် မိမိကြိုက်နှစ်သက်ရာနေရာ၌ စိတ် ကိုထား၍ ရှုရမည်၊ ဘာကိုမျှ မတွေးတော မကြံစည်ပါနှင့်၊ ရပြီးသားစာတွေကို ရွတ်၍မနေပါနှင့်၊တွေးတော၍မနေပါနှင့်၊ ညှိနှိုင်း၍မနေပါနှင့်၊အရင်ကကြားဘူးနားဝရှိတာတွေကိုအကုန် ပယ်လိုက်ပါ၊ ဝမ်းထိပ်၌သာ စိတ်ကိုထား၍ ပေါ်ပေါက်လာ သောဓာတ်ကို ဘမ်း၍ရှုရမည်၊ ပေါ်လျှင်ပေါ်ချင်း သိလိုက်ရ မည်၊ ဝမ်းထိပ်၌ စိတ်ကို အမြဲ အစောင့်ခိုင်းထားရမည်၊ စိတ် သည် တခြားသို့ထွက်သွားတတ်ပါသည်၊ သွားမှန်းသိလျှင် ဝမ်း ထိပ်၌ ပြန်ထားပါ၊ ထွက်သွားလိုက်,ပြန်ထားလိုက် လုပ်နေရာမှ စိတ်သည် ထိုနေရာ၌ ဘမိနစ်မှ ငါးမိနစ်၊ ၁၀-မိနစ်မျှ တည်တံ့ နေပါလျှင် ဓာတ်ပေါ်ပါတော့မည်၊ သိလာပါလိမ့်မည်။

ဤနေရာ၌ သူ့အလိုအလျောက် သဘာဝအတိုင်း ပေါ်လာတဲ့ရုပ်, ပေါ်နေတဲ့ရုပ်ကိုသာ ရှုရမည်၊ ချုပ်ပြီးရုပ်ကို မှန်းမျှော်၍ မရှုပါနှင့်၊ လာလတံ့သော အနာဂတ်ရုပ်ကို မှန်းမျှော်၍ မရှုပါနှင့်၊ ပစ္စုပ္ပန်၌ဖြစ်နေတုန်းရုပ်ကိုသာ ရှုရမည်။

**ဥပမာ**– ကတွတ်ပေါက်တွင် ငါးတည်းဟူသော အစာကို စောင့်နေသော ဗျိုင်းသည် မပေါ်လာသောငါးကို ကောက်ရန် မကြံစည်ပါနှင့်၊ စိတ်လည်းမကူးပါနှင့်၊ ပေါ်သွားပြီး,လွန်သွားပြီးသောငါးကိုလည်း ကောက်ရန် လိုက်၍မကြံစည်၊စိတ်တောင် မကူးလိုက်ပါနှင့်၊ ရုတ်တရက်ပေါ်လာသော ငါးကိုသာ ပေါ်လျှင်ပေါ်ချင်း မိအောင်ကောက်ယူသကဲ့သို့ ကမ္မဋ္ဌာန်း၌လည်း ဗျိုင်းငါးဘမ်းသကဲ့သို့ ရှုရမည်။

ပေါ်လာသည့်ဓာတ်ကို လက်မလွတ်တန်း သိနေ–မှတ်နေဘို့ရန် တရားထိုင်နေသူတို့၏တာဝန် ဖြစ်ပေသည်။ ဥပမာဘနည်းကား–ဘိုင်စကုတ်ကြည့်သောသူသည် ပြပြီး, ပေါ်ပြီး, ပျောက်သွားပြီးသောအရုပ်တွေကို မစဉ်းစားတော့ပါ၊မကြံစည်တော့ပေ၊ ပေါ်လာတော့မည့် အရုပ်တွေကိုလည်း မှန်းမျှော်ပြီး မစဉ်းစားပါ၊ စိတ်မကူးပါ၊ လက်ငင်း လက်တွေ့ ယခုပေါ်နေတုန်း အရုပ်တွေကိုသာလျှင် မြင်နေ ထင်နေ တွေ့နေအောင် ရှုရမည်၊ အဓိဋ္ဌာန်စေ့လျှင် အညောင်းဖြေပြီး မကြာမကြာ ထပ်ထပ်ဆိုင်ပါ၊ ဤနေရာတွင် တရားအားထုတ်သော ယောဂီသူတော်စင်တို့အတွက် အတော်အရေးကြီးလှ၏၊ အချို့ အယူအဆ တလွဲထင်ပြီး စိတ်ပျက် လက်လျှော့သူတွေက များလှ

သည်၊ ဤသည်ကို ကျော်လွှားနိုင်မှသာ ဝိပဿနာ၏ အနက်အဓိပ္ပာယ်ကို ပေါက်ပေမည်။

ဤနေရာ၌ သုခပဋိပဒါပုဂ္ဂိုလ်နှင့်ဒုက္ခပဋိပဒါပုဂ္ဂိုလ် နှစ်မျိုးရှိရာ သုခပဋိပဒါပုဂ္ဂိုလ်မှာ သက်သက်သာသာနှင့် ရုပ်ဓာတ်များကိုတွေ့မြင်၍ အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေးသုံးပါးကို ထင်တတ်၏၊ ဒုက္ခပဋိပဒါပုဂ္ဂိုလ်မှာ ဒုက္ခသဘောတွေကိုသာ များစွာ ထင်၍လာသောအခါ၊ ပြင်းထန်စွာ တွေ့ရသောအခါ နောက်မဆုတ်ပါနှင့်၊ ရှုမြဲတိုင်းသာ ရှု၍နေပါ၊ ယခု တွေ့ကြုံခံစားရသော ဒုက္ခသာမညကလေးကို သည်းခံနိုင်လျှင် ထိုဒုက္ခကလေးထက် အဆပေါင်း အသင်္ချေအနန္တ ကြီးကျယ်လှသော အပါယ်ဒုက္ခကြီးမှ လွတ်မြောက်နိုင်သည်-ဟု ယုံယုံကြည်ကြည် သဘောထား၍ သည်းခံပြီး ဆက်လက်အားထုတ်ပါ။

ယခု တရားအားထုတ်ရာ၌ ဒုက္ခတရားတို့ကို သည်းမခံနိုင်အောင် ပိုသည်ထက်ပို၍ ထင်ရှားလာလေလေ အပါယ်ဘေးမှ လုံးလုံးကြီးလွတ်မြောက်ဘို့ နီးလေလေ- ဟု သဘောထား၍ သည်းခံအားထုတ်ပါ၊ ရှုနေရင်းပင် ဒုက္ခသစ္စာတရားကို ပိုင်းခြား၍သိလာပြီဆိုလျှင် အပါယ်တံခါးပိတ်တော့သည်၊ထိုအခါ၌ တရားအားထုတ်ရင်း မြင်သိနေရသော ဒုက္ခတရား-ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည်နှင့်တပြိုင်နက် ''သန္တိသုခ'' အေးငြိမ်းခြင်း ဖြစ်သွားသည်ကို ယောဂီသူတော်စင်တို့ သိလာပါလိမ့်မည်၊ သိသူလည်း များခဲ့ပါသည်၊ ဤသည်ကို အထူး သတိပြုရပေမည်။

ခါတ်ပေါ်လာသောအခါ ရင်ထဲက ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့်လည်းကောင်း လှပ်လှပ် လှပ်လှပ်နှင့် လည်းကောင်း, ရှိန်ရှိန် ရှိန်ရှိန်နှင့် လည်းကောင်း, ရွရွ ရွရွဖြင့်လည်းကောင်း အေးချမ်း ဝ'ခါ ပူချည်တလှည့်ဖြစ်တတ်သည်လည်း ရှိ၏၊ ပုရွက်ဆိတ်များ လျှောက်သွားသလို ရွရွ ရွရွနှင့်လည်း ဖြစ်တတ်၏၊ အပ်ကလေးနှင့် ဆွသကဲ့သို့လည်း ဖြစ်တတ်၏၊ မနှစ်သက်ဘွယ်, စက်ဆုတ်ဘွယ် ဝေဒနာတို့လည်း ဖြစ်တတ်သည်။

ဤကဲ့သို့ တွေ့ရသော်လည်း ဘာမျှ မတွေးတောပါနှင့်၊ မမြဲတဲ့ အနိစ္စ, ဆင်းရဲတဲ့ ဒုက္ခ, အစိုးမရ အလိုသို့မလိုက်တဲ့ အနတ္တသဘောချည်းမျှသာ၊ ဖြစ်ချင်သလို ဖြစ်၍နေပါစေ-ဟု စိတ်ကို ငြိမ်ငြိမ်ထားလျက် လျှော့ထားပါ၊ ရှုဖန်များသော ရုပ်တရား နာမ်တရားတို့ ဖြစ်လိုက်, ပျက်လိုက်နှင့် သုတ်သုတ် သက်သက် ချုပ်ပျက်၍ နေမှုတို့ကို အစဉ်မပြတ် တလစပ်ရှုမြင်ပွားများနေရင်း မျက်စိတမှိတ်ခန့်မျှ၌ စိတ်ပေါင်းကုဋေတသိန်း ပျက်တယ်၊ ရုပ်ပေါင်း ကုဋေငါးထောင်ကျော် ပျက်တယ်ဆိုတာ ခုမှပဲ အမှန်တွေ့ရတော့တယ် ဟု ယုံကြည်၍ ဟောကြားတော်မူသွားသော မြတ်စွာဘုရား သခင်ကို အလွန် ကျေးဇူးတင် ကြည်ညိုပြီး ရှိခိုးမိသွားတတ်သည်။

ဤကဲ့သို့ရှုရင်း ရုတ်တရက် ဖြစ်ပျက် သင်္ခါရတရားမှ လွတ်မြောက်၍မဖြစ်သော တရားကို ပါရမီအလျောက် တွေ့ရတတ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဥဒါန်းပါဠိတော်များ၌ (ပဝတ္တံ၊ ခန္ဓာနာမ်ရုပ်တို့သည် အစဉ်မပြတ် မရပ်မနားဖြစ်နေခြင်းကို၊ **အဘိဘုယျတွာ၊ လွန်မြောက်၍၊ အပဝတ္တံ၊** ရုပ်နာမ်

ခန္ဓာတို့၏ မဖြစ်သောနိဗ္ဗာန်သို့၊ ပက္ခန္ဒတိ-ပြေးဝင်၏)။ ၎င်းပြင် (ပဝတ္တံသင်္ခါရာ၊ အပဝတ္တံ နိဗ္ဗာနံ) သင်္ခါရာ၊ ရုပ်နာမ်သင်္ခါရ တို့သည်။ ပဝတ္တံ၊ လှုပ်လှုပ်ရွရွ အစဉ်မရပ်မနားဖြစ်ခြင်းတည်း၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊ အပဝတ္တံ၊ ရုပ်နာမ်သင်္ခါရတို့၏ မဖြစ်ခြင်း တည်း၊ ဖြစ်ပျက်သခ်ာတတွေ့ပြီးမှ မဖြစ်မပျက် အသင်္ခတတွေ့ရ တတ်သည်။

ဤနေရာတွင် တရား ထိုင်ပုံထိုင်နည်း-သမာဓိရအောင် ရှုပုံ ရှုနည်းကို ကျွန်ုပ်သည် ဥာဏစာဂီဆရာတော် ဘုရားကြီး၏မူကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ယောဂီ သူတော်စင်အပေါင်း တို့သည် မည်သည့်ရှုမှတ်နည်းဖြင့်ဖြစ်စေ သမာဓိကိုထူထောင်ပြီး ဝိပဿနာကို လိုက်ရန်ဖြစ်၏၊ မိမိစိတ်အား သန်ရာကို ရှုမှတ် နိုင်သည်။ ဥပမာ- ရင်ချိုင့်ဝ၌ စိတ်ကိုထားသော ယောဂီက လည်း မိမိခန္ဓာကိုယ်၏ ရင်ချိုင့်ဝမှာ စိတ်ကိုထား၍ အပေါ် ကြာလျှင် ရင်ချိုင့်ဝ၌ ထုံးစံအတိုင်း ထွက်သက်ဝင်သက်၏သတ္တိ ကြောင့် ပူလာလိုက်၊ ပိန်သွားလိုက်နေလိမ့်မည်၊ သို့နေစဉ်လည်း ဘာကိုမှ မတွေးတောပါနှင့်၊ ရှုမြဲတိုင်းရှုပါ။

နေဖန်များသော် ရင်ထဲက ဒိတ်ဒိတ်ဒိတ်ဒိတ်၊ လှုပ်လှုပ်လှုပ် လှုပ်၊ ရှိန်ရှိန်ရှိန်ရှိန်နှင့် တခုပြီးတခု ဖြစ်လာတတ်သည်။ ပရွက် ဆိတ် တက်သလို ရွရွမွမွဖြင့် ခန္ဓာကိုယ်ပေါ်မှာ ထင်လာတတ် သည်။ မည်သို့ပင်ရှုပါသော်လည်း ခန္ဓာကိုယ်က တရားပြနေတာ ဖြစ်၍ ပေါ်ပေါ်လာသော ဓာတ်ကို မပြတ်တန်းသိနေဘို့က အဓိကဖြစ်၏။ ပေါ်လိုက် သိလိုက်၊ ပေါ်လိုက် သိလိုက်နှင့် **ပေါ်သိ ပေါ်သိနိဗ္ဗာန်ထိသို့** ခန္ဓာကိုယ် ဓာတ်တရားများကဆွဲ၍

သူ့အလိုအလျောက် ခေါ်ဆောင် သွားပါလိမ့်မည်။ ထွက်လေဝင်လေရှုသူများလည်း ထိုနည်းနှင့်ပင် လိုက်နာကြပါရန်။

## ဓာတ်ကြီးလေးပါးသဘော

တရားထိုင်သည့်အခါ ခန္ဓာကိုယ်မှ ပေါ်ပေါက်လာသော ဓာတ်တရား တို့အား ဓာတ်ကြီးလေးပါး (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) တို့ဖြင့်တင်ပြီး ကိုက်ညီခွဲခြားကြည့်ကြစို့-

၁။ တေဇောဓာတ်ပေါ်လာသောအခါ-
ပူပူ-အေးအေး- နွေးနွေး-ရှိန်းရှိန်း- အခိုးထွက်- အပူထုတ်သလို ၆-မျိုး။

၂။ အာပေါဓာတ် ပေါ်လာသောအခါ-
စီးထမ်း၊ စီးထမ်း၊ ချွေးယိုသကဲ့သို့ ၂-မျိုး။

၃။ ဝါယောဓာတ်ပေါ်လာသောအခါ-
ရှေ့သို့ညွတ်၍လုပ်ခြင်း, လက်ဝဲလက်ယာသို့ ညွတ်၍လုပ်ခြင်း, ထက်ဝန်းကျင်ညွတ်၍လုပ်ခြင်း, နောက်သို့တွန်းလိုက် သကဲ့သို့ ညွတ်၍ လုပ်ခြင်း, အသားလုပ်သကဲ့သို့ ရိုးရိုးလုပ်ခြင်း, ကြောက်သွေး တုန်သကဲ့သို့လုပ်ခြင်း, ယိမ်းယိုင်၍လုပ်ခြင်း, မြွေလျှောက်ကဲ့သို့လုပ်ခြင်း, ခုန်၍လုပ်ခြင်း, ရင်ထဲက တလှုပ်လှုပ်လုပ်ခြင်း ၁၁-မျိုး။

၄။ ပထဝီဓာတ်ပေါ်လာသောအခါ-
ရွရွမွမွ-တောင့်တောင့်တင်းတင်း- ထိုင်းထိုင်းမှိုင်းမှိုင်း

အုံ့တုံ့တုံ- ခေါင်းကြီး- ကိုယ်ကြီး- လေးလေးလံလံ- ကြပ်တပ်တပ်-ကျဉ်ကျဉ်-စစ်စစ်ဟူ၍ ၁၃-မျိုး ပေါ်ပေါက်လာတတ်သည်။

ဤကဲ့သို့ ရုပ်သဘာဝအတိုင်း ဓာတ်၏ဖြစ်ပေါ်မှုကိုတွေ့ရမည်၊ တွေ့သမျှကား **ရုပ်ဓာတ် ပရမတ်ခ ည်းဟုမှတ်၊ စိတ်က သိသမျှ နာမ်ချည်းဟု မှတ်ပါလေ။**

ထို့ကြောင့် ပေါ်တာကရုပ်၊ ပေါ်တာကို သိတာကနာမ်၊ ရုပ်နာမ်တစုံရပါပြီ၊ ပေါ်တာကမဂ်၊သိတာကဉာဏ်၊ မဂ်ဉာဏ်တစုံရပြန်ပြီ၊ သေသေချာချာ တွေးကြည့်ပါက ခန္ဓာက ပြနေသော တရားတို့သည် တရားထိုင်ရင်း မိမိစိတ်အလိုအလျောက် သိလာပြီး ခန္ဓာက တရားပြသွားပါလိမ့်မည်၊ ဆရာက မပြပဲ ခန္ဓာကအလိုအလျောက် တရားပြသွားပါလိမ့်မည်။ ခန္ဓာတရားပြသော လုပ်ငန်းကို အမှတ်စဉ်နှင့်ခွဲ၍ ကြည့်ကြပါစို့-

## အရိယာအဆင့်ဆင့်ဖြစ်နေပုံ

**ပထမလုပ်ငန်း-**

စိတ်ကိုသမာဓိရအောင် ခေါင်း၌ ငယ်ထိပ်ပေါ်တွင် ဒင်္ဂါးပြား တကွက်စာမျှ တနေရာတည်းတွင် သတိထား၍ နေပြီး လှုပ်ရင်သိမည်၊ ပူရင်သိမည်၊ အေးလျှင်သိမည်ဟု စိတ်ကိုထားရမည်၊ စိတ်ကို တခြားရောက်သွားလျှင် ငယ်ထိပ်မှာ ပြန်ပြီးသတိချပ်ပါ၊ တခြားကို စိတ်က ထွက်သွားလိုက် ငယ်ထိပ်မှာ ပြန်သတိထားလိုက်နှင့် လုပ်နေစဉ်တွင် "အာစာရ အရိယာ" ဖြစ်ပါပြီ။

**ဒုတိယလုပ်ငန်း–**

စိတ်ကိုငယ်ထိပ်မှာ ငုတ်စိုက်သလို တည်မြဲ၍ သမာဓိရလျှင် ခန္ဓာကိုယ် တနေရာရာက ပူ၍ပေါ်လျှင်သိပြီး နေ၊ အေး၍ပေါ် လျှင် သိပြီး နေ၊ ခါတ်ပေါ်မှု ပျောက်သွားလျှင် စိတ်ကို ငယ် ထိပ်မှာ ပြန်ပြီး ထားပါ၊ ပေါ်လျှင်ရှုပါ၊ ပျောက်လျှင် ပြန် ထားပါ။ "ဒသဿနအရိယာ" ဖြစ်သွားပြန်ပြီ။

(ဤကဲ့သို့ပေါ်သည်ကို ရှုရာ၌ လက်က ခါတ်ပေါ်လျှင် ပေါ်တာကိုပင်သိရမည်၊ လက်ဟုမမှတ်ရ၊ ပေါင်ကပေါ်လျှင် ပေါ်သည်ကိုသိရမည်၊ ပေါင်ဟုမသိရ။ လက်–ပေါင်ဟုသိနေ လျှင် ပညတ်မလွတ်ပေ)။

**တတိယလုပ်ငန်း**

ခန္ဓာပေါ်တွင် တရားက ပြ၍နေသဖြင့် စိတ်က လိုက်ရှုနေ ရော၊ ဥပမာ–ပူ၍ပေါ်သဖြင့် ထိုနေရာကိုသိမှတ်နေတုန်း တနေ ရာကပြ၍ ပေါ်လာ၏၊ ၎င်းတို့ကို လိုက်၍သိနေပါ၊တခနေရာက ရွ၍ပေါ်လျှင်သည်း လိုက်၍ သိလိုက်ပါ၊ ဤလို ခန္ဓာကိုယ်မှ ခါတ်တရားတို့သည် သူ့အလိုအလျောက် တဆင့်တက်၍တက်၍ တရားက ပြနေပါသည်၊ တရားက ခေါ်၍ပြနေ၏၊ "ဟေိပဿိ ကော" လာလှဲ့ ရှုလှဲ့ပင်တည်း၊ မှန်၌ အရိပ်ထင်၍လာသလို ပါရမီက အရိပ်ထင်လာပေသည်။

**စတုတ္ထလုပ်ငန်း**

တကိုယ်လုံး၌ ဟိုကပေါ်–ဒီကပေါ်နှင့် အမျိုးမျိုး အထွေ ထွေ ပေါ်၍နေခြင်းသည် တရားကပင် ပြ၍နေပေသည်၊ ၎င်း

တို့အထဲတွင် စိတ်အကျေနပ်ဆုံး၊ အကြီးအကဲအကျဆုံး အဓိပတိပစ္စည်းအနေနှင့် ပေါ်တဲ့ ခေါင်းဆောင်ဓာတ်ပေါ်မှုတခုကိုသာ ရှုပါ-ဟု တရားကပင် ပြလာပေလိမ့်မည်၊ မိမိ၏ ဘုန်းကံအလျောက် စကြဲ့ရောက်လာ၏၊ ပါရမီရှိလာ၍ ဓာတ်တွေ့လာသည်၊ အလေ့ာင်းမှန်လို့ ရထားဆိုက်ခြင်း ဖြစ်၏၊ အဓိပတိတခုတည်းကိုသာ အာရုံစိုက်ရှုပြီး အနိစ္စ-ဒုက္ခ-အနတ္တ တို့ အနက်တခုတည်းကိုသာတင်ပြီး ရှုပါ။

## ပဥ္စမလုပ်ငန်း

ဓာတ်ပေါ်မှုသည် ကြမ်းကြမ်းပေါ်ရာမှ နု နုလာ၏၊ ထမင်းစားသကဲ့သို့ ဝခါနီးလာလေ နှေးကန်၍လာလေ ဖြစ်၏၊ တခါတခါ ဓာတ်ပေါ်မှု ပျောက်ကွယ်သွားတတ်၏၊ ဤသည်ကိုအချို့က သမာဓိလျော့သွားလို့ပဲ - အကုသိုလ်ဝင်လို့ပဲ တရားပျောက်သွားရသည်-ဟု ထင်တတ်ကြသည်၊ ထင်တိုင်း မဟုတ်ပါ၊ ရုပ်ဓာတ်ပေါ်မှုအတွက် လုံလောက်၍ နာမ်ဓာတ်ဘက်သို့ကူးတော့မည်-ဟု တရားကပင် နိမိတ်ပြနေလေသည်၊ ထိုအခါကမ္မဋ္ဌာန်းစာအုပ်များကို များစွာဖတ်၍ အသိဉာဏ် ဖြည့်စွက်ပေးကြပါရန်၊ (ပိုလျှင်လျှော့၊ လျှော့လျှင် ဖြည့်ပါတဲ့)၊ ၎င်းအတိုင်း ရုပ်-နာမ်တရား - ဉာဏ်စဉ်တရားများကို နာကြား၍ဖြည့်ပါ၊ အားထုတ်လျှင် မပေါ်ပဲ အားမထုတ်မှ ပေါ်နေတတ်၏၊ ရုပ်အပေါ်မှ နာမ်အပေါ်သို့ ပြောင်းတော့မည်-ဟု တရားကပင် နိမိတ်ပြ၍ နေပေတော့သည်။

**ဆဋ္ဌမလုပ်ငန်း**

တကိုယ်လုံးမှာ တဖြန်းဖျန်းနှင့် ခေတ်ပေါ်တတ်၏၊သူတပါး က ရုပ်နာမ်အကြောင်းပြောပြလျှင် ခေတ်ကူး၍ ပေါ်တတ်၏၊ ဖြန်းဖြန်း စသည်တို့၏မမြဲပုံ အနိစ္စ, သေပျက် ဒုက္ခ, သူ့သဘော သူဆောင်၍ဖြစ်နေသော အနတ္တတို့ကို ရိပ်မိလာတတ်တော့၏၊ အလိုလို ငြိုးငွေ့၍နေတော့ အားကျစရာမြင်လျှင် အားမကျပဲ အပြစ်ချည်းသာ မြင်၍နေတော့၏၊ သူတပါးကို သနား၍လာ တတ်၏၊ မသိသေးသူများနှင့် ဓမ္မမိတ်ဆွေ ယောဂီသူတော်စင် များကို ဟောချင် ပြောချင်စိတ် ရှိလာ၏၊ ဤအဆင့်သို့ ရောက် လျှင် "လိင်္ဂအရိယာ" ဖြစ်လေတော့သည်။

**သတ္တမလုပ်ငန်း**

ခေတ်ပေါ်စဉ် လန်းသလိုလိုနှင့်တွန်းထိုးဖြစ်သော အနုသယ ကို မဂ်ဗီဇက ထိသဖြင့် မြွေကိုထိသကဲ့သို့ တွန့်သကဲ့သို့ ဝိထိက တွန်း၏၊ "စူဠသောတာပန်" လက်မှတ်ရ၍ နေလေပြီ။

တဖန် ခန္ဓာထဲမှ ရွရွမွမွ တွေ့နေတော့၏၊ စိတ်ထဲ မျက်စိထဲ မှာတော့ ဝိုးဝိုးဝင်းဝင်း စသည်ကား မဂ်တရားအမှားဖြစ်သည်၊ ပညတ်သာ ဖြစ်၏၊ အမဂ္ဂ ဖြစ်သည်၊ သူ့အဆင့်မှီ သူ့တရားက ပြသ၍နေသည်၊ ဤအဆင့်ရောက်လျှင် "မဇ္ဈိမသောတာပန်" ဖြစ်ပြန်သည်။

တဖန် တရက်နှစ်ရက်အတွင်းတွင် စိတ်အာရုံတမျိုးစီ ခြား နားလျက် တကိုယ်လုံး ဖြစ်ပျက်တွေ သိသိသာသာကြီးဖြစ်ပြီးမှ ပြုးကနဲ ချုပ်ပျောက်ရပ်စဲသွားတတ်၏၊ ဖြစ်ပျက် သခါရသဘော

ဖြစ်သည်၊ သိသိနေတာက ဝိပဿနာ ဖြစ်သည်၊ ချုပ်ပျောက် ရုပ်စဲသွားတာက "နိရောဓသစ္စာ" နိဗ္ဗာန်ဖြစ်သည်၊ သိတာက မဂ်တရားတည်း၊ မဟာသောတာပန် ဖြစ်ရပြန်ပြီ။

ဤ ၇-ဆင့်စလုံးကား စာသဘောကပြောတာလဲ မဟုတ်၊ ဆရာက ပြောတာလဲ မဟုတ်၊ ခန္ဓာက တရားပြနေတာမို့ **တရားတော်၏ ဂုဏ်တော်ခြောက်ပါး** ခန္ဓာ၌ ဌာပနာပြီး ဖြစ်ပါတော့သည်၊ (တရားဂုဏ်တော် ၆-ပါးကား သွာက္ခာတ ဂုဏ်တော်၊ သန္ဒိဋ္ဌိက ဂုဏ်တော်၊ အကာလိက ဂုဏ်တော်၊ ဧဟိပဿိကဂုဏ်တော်၊ ဩပနေယျိကဂုဏ်တော်၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်တို့ ဖြစ်ကြပါသည်)။

အထက်က ရေးသားခဲ့သည့် လက်တွေ့ကျင့်စဉ်များသည် ဗုဒ္ဓ၏ ဟောကြားခဲ့သော တရားတော်အစစ်များဖြစ်ကြောင်းကို သက်သေထူပြလိုက်ပါဦးမည်။

အထက်ပါနည်းအတိုင်း အားထုတ်ကြ၍ အရိယာများ ဖြစ်ကြလျှင် အပါယ်တံခါး လုံးဝပိတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနေကြပေတော့သည်၊ ဘုရားဟောထားသည်ကတော့—

စတ္တာရော ဟိ အရိယာ အာစာရအရိယော
ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိ-
ယောတိ။ (တိကနိပါတ်တိလမုဋ္ဌိဇာတ်အဋ္ဌကထာ)။

ဟိ၊ ရုပ်နာမ်မြင်က ကျိုးဖလမို့ မိုးမျှမကပုံကို ပြဆိုဦးအံ့။

(၀၁) ပုထုဇဉ်နှင့် အရိယာတို့ သိသာအောင် ခွဲ၍ပြဦးအံ့။ အရိယာ၊ အပါယ်လည်းကင်း ဆင်းရဲလည်းလွတ် ဒုက္ခမှ ကျွတ်

သဖြင့် မုချပင် ကင်းလွတ်ကြကုန်သော အရိယာကြီးတို့သည်။ ဤလမေ စတ္တာရော၊ ရေတွက်စစ်ပွား အတွေး မမှားရအောင် လေးပါးသာလျှင် ရှိကြပေကုန်၏။ အာစာရအရိယော၊ ရုပ်ယာဉ်နှင့် နာမ်ယာဉ်ကို အမှန်ပင်စီးတော့မည်ဟု တွင်တွင်ကြီး အားထုတ်ကြသော အာစာရ အရိယာ သည် လည်းကောင်း။ ဒဿနအရိယော၊ အဝိဇ္ဇာပျောက် အလင်းရောက်သဖြင့် ခေါက်ပေါက် ရုပ်မြင် နာမ်အစဉ်ကို အမှန်ပင်မြင်ရသော ဒဿနအရိယာသည်လည်းကောင်း။လိင်္ဂအရိယော၊ပုထုဇဉ်နဂိုဟောင်း ရှုစဉ်ပင် ခေါက်စုံပြောင်းသဖြင့် အဖော်အပေါင်း တရားတမျိုးထွင်ပြီးတော့ အားကိုးချင်အောင် ကမ္မဋ္ဌာန်းစိတ်ဖြင့် တစခန်းချိတ်ကြသော လိင်္ဂအရိယာသည်လည်းကောင်း။ ပဋိဝေဓအရိယော၊ သောတာပန်ခရီးဆိုက်သဖြင့် ပြည်နိဗ္ဗာန်အပြီးပိုက်လို့မို့စီးလိုက်ကြသော ပဋိဝေဓအရိယာသည်လည်းကောင်း။ တော၊ ထို လေးမျိုးလေးစား လေးပါးသာလျှင် ရှိကြကုန်သော အရိယာကြီးတို့သည်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ဆိုတဲ့ ပြည်ကြီးသို့။ (ဝါ) ဘေးမခ ရန်မသန်းပဲ အေးချမ်းလှတဲ့ နိဗ္ဗာန်ပြည်ကြီးသို့။ (ဝါ) ကိုလေသာမှန်သမျှ အနန္တတို့က ဆလန်အတန်တန် သ ရတဲ့ နိဗ္ဗာန်ပြည်ကြီးသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ ဂစ္ဆန္တိ၊ ရောက်ကြတော့မှာပါတကား။ ဂစ္ဆန္တိ၊သံသရာဗွေခေတ်ရဲ့ နေရစ်တော့ ငါမဆိုင်ပြီဟု ဝဋ္ဋဂိုဏ်းကို ခြေနင်း၍ ခွဲခွာခြင်းပြုကြလေကုန်သတည်း။

**ဆောင်ပုဒ်**။ ၁။ ရုပ်နာမ်မြင်ကာ၊ ကျိုးဖလာ၊ မိုးမျှမကာပါ။

၂။ ရုပ်နာမ်ကိုစီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်သွား။

သူတော်စင် ယောဂီအပေါင်းတို့သည် ဓမ္မပဒပါဠိတော်၌ ဘုရားကိုယ်တော်တိုင် ဆုံးဖြတ်ထားသော ဂါထာတပုဒ်ကို မြင်လျှင် အလွန်အားတက် ဝမ်းသာသွားကြပေလိမ့်မည်။

ယထာပုဗ္ဗုဋ္ဌကံပဿ၊ ယထာပဿေ မရီစိကံ၊
ဧဝံလောကံအဝေက္ခန္တံ၊ ပစ္စုရာဇာ နပဿတိ။

ပုဗ္ဗုဋ္ဌကံ၊ ရေပွက်ကို။ ပဿေယျယထာ၊ မြင်သကဲ့သို့လည်းကောင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယျယထာ၊ မြင်သကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ အဖြစ်အပျက် ဥဒယဗ္ဗယကို။ အဝေက္ခန္တံ၊ ရှုပွားၡနေသော ယောဂီကို။ မစ္စုရာဇာ၊ သေမင်းကြီးသည်။ နပဿတိ၊ မမြင်။

ယောဂီအပေါင်းတို့သည် တရားအားထုတ်တော့ ဟိုကတမျိုး-ဒီကတဖုံ-စိုးစိုး-စစ်စစ်-ဖြိုးဖြိုး-ဖျဉ်းဖျဉ်းနှင့် တွေ့ရတာဟာ "ယထာပုဗ္ဗုဋ္ဌကံပဿ" ပါပဲ၊ ရေပွက်ကို တွေ့ရတာပါပဲ၊ တဖန် တရှိန်ရှိန်-တသုတ်သုတ်-တရိပ်ရိပ်-တလျှင်လျှပ်နှင့် ခါတ်ပေါ်နေ၍ နေတာကတော့ "ယထာပဿေမရီစိကံ" ပါပဲ၊ တံလျှပ်ကိုမြင်တာပါပဲ၊ ဒီပုံအတိုင်းမြင်လျှင် ကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရားရှင်က သေမင်းနယ်က လွတ်မြောက်သွားပါပြီ၊ သေမင်းကြီး မမြင်နိုင်ပြီ-ဟု ဘုရားကိုယ်တော်တိုင်က ဆုံးဖြတ်ချက်ချထားတာမို့ **တသံသရာလုံး နိယတဂတိကဖြစ်ပြီး-မြဲသွားပါပြီ။**

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဗျာဒိတ်ကြီး လေးပါးထားခဲ့သေးသည်။

## ဗျာဒိတ်တော် လေးပါး

၁။ ယောဂီသည် လူ့ပြည်တုန်းက ဝိပဿနာ အားထုတ်ခဲ့၏၊ ကံကုန်သော် နတ်ပြည်ရောက်၍ မဂ်ဖိုလ်ရခြင်း။

၂။ ထိုအတူ နတ်ပြည်၌ နတ်က တရားဟောခြင်းဖြင့် မဂ်ဖိုလ် ရခြင်း။

၃။ ထိုအတူ နတ်ပြည်ရောက်၍ ဗြဟ္မာက တရားဟောသဖြင့် မဂ်ဖိုလ် ရခြင်း။

၄။ ထိုအတူ နတ်ပြည်ရောက်၍ သတိပေးသဖြင့် မဂ်ဖိုလ် ရခြင်း။

စတုက အင်္ဂုတ္တရပါဠိတော်လာ ဗျာဒိတ်လေးပါးကိုထောက်၍လည်း ဝိပဿနာဆိုသည့် စူဠမဂ်-မဇ္ဈိမမဂ်- (ဝါ)စူဠသောတာပန်-မဇ္ဈိမသောတာပန်လောက်ကပင် ဘုံစဉ်စံသဘောဖြင့် အကျဆိုလျှင် လုံးဝမရှိတော့ပဲ အပါယ်တံခါး ပိတ်၍သွားပုံ-ဆင်းရဲသံသရာ ဖြတ်တောက်၍ သွားပုံကို ဤဘုရားဟော ဗျာဒိတ်တော် လေးချက်ဖြင့် သိသင့်လှပေ၏။

အထက်ပါ တရားအားထုတ်နည်းတွင် ရေးသားထားသကဲ့သို့ မိမိကိုယ်တိုင်အားထုတ်၍ခန္ဓာကိုယ်ကပေါ်ပေါက်လာသော ဓာတ်တရားတို့ကို သိခြင်း-ထင်မြင်ခြင်းအားဖြင့် အပါယ်တံခါး ပိတ်, ဆင်းရဲသံသရာပြတ်ပုံကို ဘုရားဟောဒေသနာနှင့် ကိုက်ညှိကြည့်ကြပါဦးစို့။

စတုန္နံ မဟာဘူတာနံ အညတ္တတ္တံ ပထဝီဓာတု-
ယာ အာပေါဓာတုယာ တေဇောဓာတုယာ

ဝါယောဓာတုယာ နတွေဝစ ဓမ္မေအဝေစ္စ-
ပဿာဒေန သမ္ပန္နာဂတော အရိယသာဝကော
နိရိယံဝါ တိရစ္ဆာန ယောနိယံဝါ ပေတ္တိဝိသယံ
ဝါ ဥပပဇ္ဇိဿတိ။ (တိကနိပါတ် - အင်္ဂုတ္တရ
ပါဠိတော်)။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ စတုန္နံ၊ ရတနာအလားကဲ့သို့
လေးပါးသာလျှင် ရှိကြကုန်သော။ မဟာဘူတာနံ၊ မြေ-ရေ-
လေ-မီး ဓာတ်ကြီးလေးပါးတို့၏။ အညတ္ထတ္တံ၊ တခြားစီတခြားစီ
နေခြင်းကို။စေဇာ ;ထာယျ၊ အကယ်၍ ကိုယ်တွေ့ဖြင့် သိငြားအံ့။
ပထဝီဓာတုယာ၊ တောင့်တင်းခိုင်မာ ကျင်နာဖျဉ်းဖျဉ်း လေး
လံခြင်း စသော ပထဝီဓာတ်သဘောအားဖြင့် လည်းကောင်း။
အာပေါဓာတုယာ၊ စီးထန်းသော အာပေါဓာတ်သဘောအား
ဖြင့်လည်းကောင်း။တေဇောဓာတုယာ၊ ပူအေး နွေးရှိန် စသော
တေဇောဓာတ်သဘောအားဖြင့်လည်းကောင်း။ ဝါယောဓာတု
ယာ၊ ထောက်ကန်လှုပ်ရှားသော ဝါယောဓာတ်သဘောအား
ဖြင့်လည်းကောင်း။ စေဇာနေယျ၊ အကယ်၍ ကိုယ်တွေ့ဖြင့်
သိငြားအံ့။ ဓမ္မေ၊ မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးပါး တရား
တော်၌။ အဝေစ္စပသာဒေန၊ တကယ်တွေ့သဖြင့် တကယ်ကို
ယုံကြည်ခြင်းသဒ္ဓါတရားနှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံလုံလောက်
သော။ အရိယသာဝကော၊ အရိယာဖြစ်သော သာဝကသည်။
နိရိယံဝါ၊ အသဲတုန်စရာကောင်းတဲ့ ငရဲဘုံစဉ်၌လည်းကောင်း။
တိရစ္ဆာနယောနိယံဝါ၊ အဆိပ်တွေထန်လှတဲ့ တိရစ္ဆာန်ဘုံသို့

လည်းကောင်း၊ ပေတ္တိဝိသယံ ဝါ၊ ထိပ်စရာစုံလှတဲ့ ပြိတ္တာဘုံသို့လည်းကောင်း။ (ပြိတ္တာဘုံမှ ခွဲထုတ်၍) အသုရကာယယောနိယံ ဝါ၊ ဇမ္ဗူတနယ်မှာဖြင့် အလှူတွေကွယ်၍နေတဲ့ အသူရကာယ်ဘုံသို့လည်းကောင်း။ နတွေဝဥပပဇ္ဇိဿတိ၊ ဓာတ်လေးဖြာ တကယ်မြှောက်သဖြင့် ဘယ်တော့ကမှ မရောက်နိုင်တော့သည်သာတည်း။ ဤသည်ကား ဓာတ်လေးဖြာကိုတွေ့၍ အပါယ်သို့ မကျရပုံ ဘုရားဟောပင်တည်း။

## ရုပ်ဓာတ်နာမ်ဓာတ်ပေါ်ပုံ

အားထုတ်၍ ဓာတ်ပေါ်သမျှ တွေ့ရသည်ကား ရုပ်ဓာတ် ပရမတ်တရားချည်းသာဖြစ်၏။ စိတ်ကသိသိနေသဖြင့် နာမ်တရားချည်းပဲ ဖြစ်၏။ ဌာနအားဖြင့် ပြောရလျှင် လက်ဖျားက ရွရွမွမွ တဒိတ်ဒိတ်နှင့် ဓာတ်ရုပ်များပေါ်နေ၏၊ ရင်ထဲက စိတ်က သိနေ၏၊ ထိုရုပ်နှင့် နာမ်ကား ဌာနအားဖြင့် တတောင့်ထွာ နှစ်တောင်လောက်ဝေးကွာနေရာ သဘောအားဖြင့် ရုပ်တခြား၊ နာမ်တခြားကွဲ၍ တွေ့ရ၏။

ဤသို့ကွဲလျှင် နာမရူပ ပရိစ္ဆေဒ ဉာဏ်သို့ ဆိုက်ရောက်တော့၏၊ "သက္ကာယဒိဋ္ဌိယာပဟီနံဟောတိ" ဟူသော သံယုတ်ပါဠိတော်နှင့်အညီ သက္ကာယဒိဋ္ဌိပြုတ်၍ စူဠသောတာပန်ဖြစ်၏၊ အရိယာ အငယ်စားရောက်၍ ပုထုဇဉ်ဘဝပျောက်၊ အပါယ် တံခါးပိတ်သဖြင့် ဆင်းရဲသံသရာကြီး ပြတ်ရပြန်တော့သည်။

ဤတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်စခန်းပြီး၏၊ ဉာဏ်စဉ်စခန်းနှင့် ထွက်သူအများ တိုင်းတာ၍ရပြီထင့်။

တဖန်ယောဂီ သူတော်စင်တို့သည် ငယ်ထိပ်၌ သတိစိုက်၍ သမာဓိ စိုက်သောကြောင့်သာလျှင် ရုပ်ဓာတ်တရား ပေါ်လာရတာဖြစ်သည်။ သမာဓိ ၂-ပါးအနက် နာမ်တရားကအကြောင်းတရား၊ နောက်မှ ပေါ်လာသော ရုပ်က အကျိုးတရား ဖြစ်၍ နာမ်ကအကြောင်းပဲ၊ ရုပ်ကအကျိုးပဲဟု သိလာရတော့၏။

တဖန် ရုပ်ပေါ်လို့သာ သိတဲ့ နာမ်ကလေးက ပေါ်လာရတာပဲဟု ရုပ်အကြောင်း, နာမ်အကျိုးကိုသိသော သိမ်းဆည်းနိုင်သော ပစ္စယပရိဂ္ဂဟ ဉာဏ်စခန်းပြီး၏။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ ထိုဉာဏ် ၂-ပါးကိုရရှိပါလျှင် အောက်ပါ ပါဠိအတိုင်း ဘုရားဗျာဒိတ်ကို ရတော့၏။

ဣမိနာ ပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓပ တိ ဋ္ဌော နိယတ ဂ တိကော
စူဠသောတာပန္နောနာမ။

ဣမိနာ ပန ဉာဏေန၊ နာမရူပ ပရိစ္ဆေဒဉာဏ်- ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော၊ ဝိပဿကော၊ ကမ္မဋ္ဌာန်းရှုသော ယောဂီသည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌၊ လဒ္ဓဿာသော၊ သက်သာရာရသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ထောက်ရာတည်ရာရသည်ဖြစ်၍။ နိယတဂတိကော၊ သုဂတိဘဝ၌မြဲသော၊ စူဠသောတာ

ပန္နောနာမ၊ သောတာပန် အငယ်စား မည်သည်။ ဟောတိ, ဖြစ်တော့၏။

နောက်ထပ်တပုဒ်ကိုလည်း ဆက်လက်လေ့လာပါဦးစို့။

စေ၀ံ သင်္ခါရေ သလ္လက္ခေတွာ ဌိတဿ ပနဘိက္ခုနော
ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏနာမ ဟောတိ
လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော
စူဠသောတာပန္နောနာမ ဟောတိ။

(ဝိဘင်း အဋ္ဌကထာ)

စေ၀ံ၊ ဤသို့။ သင်္ခါရေ၊ ပြုပြင်အပ်တဲ့ ရုပ်နာမ်တို့ကို။ သလ္လက္ခေတွာ၊ ပိုင်းခြားမှတ်သား၍။ ဌိတဿပနဘိက္ခုနော၊ တည်ရှိသော ရဟန်းအား။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်ကြီး၌။ မူလံ၊ အမြစ်အရင်းသည်။ ဩတိဏ္ဏနာမ၊ သက်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။လဒ္ဓဿာသော၊ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍။နိယတဂတိကော၊ သုဂတိဘုံ၌သာ ဂတိမြဲမြံသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ သောတာပန်အငယ်စားမည်သည်။ ဟောတိ၊ ဖြစ်ရတော့၏။

သာသနေ မူလံ ဩတိဏ္ဏနာမ-အရကား—ဘုရားကိုယ်တော်မြတ် ပိုင်ဆိုင်သော နေပြည်တော်ကြီး၌ နန်းတော်ကြီးရ၍ နန်းစံရပါသည်၊ ဘုရားသစ်- တရားသစ်- သံဃာသစ် ရှာနေစရာ မလိုတော့ပြီ။

သဒ္ဓါသာသော-အရ—သိဒ္ဓိကြီး ကိုးတန် ရ၍ နိဗ္ဗာန်အထိ သက်သာရာကြီး ရနေပါပြီ။

လဒ္ဓပတိဋ္ဌော-အရကား—အနိစ္စ စကြာယာဉ်- ဒုက္ခ စကြာယာဉ်-အနတ္တ စကြာယာဉ်-ရုပ် စကြာယာဉ်-နာမ် စကြာယာဉ် ပျံကြီးကို နိဗ္ဗာန်အထိ စီးနင်းလိုက်ပါရသဖြင့် တသံသရာလုံး ထောက်ရာ တည်ရာကြီးကို ရသွားလေပြီ။

နိယတဂတိကော-အရ–ဇကာယ နမဂ္ဂေါသို့ ရောက်နေသဖြင့် သုဂတိ ၇-ဘုံ၌သာ ဂတိမြဲတော့၏၊ အပါယ် ၄-ဘုံမှ လွတ်တော့၏။

စူဠသောတာပန္နောနာမ-ကား—ပုထုဇဉ် နယ် မှ လုံးလုံး မလွတ်မြောက်သေးသော်လည်း အရိယာ အငယ်စား ဘ၀သို့ ရောက်နေပါတော့သတည်း။

သူတော်စင် ယောဂီအပေါင်းတို့သည် အထက်ပါ နည်း အတိုင်း ဝိပဿနာတရား အားထုတ်နေစဉ် အရိယာအဆင့် ဖြစ် နေပြီး တကယ့်အရိယာကြီးတွေ ဖြစ်နေပေတော့သည်၊ ယခု တဖန် အားထုတ်ရင်း တွေ့လာသော ဓာတ်ပေါ်မှု-ကလာပ် ပေါ်မှုတို့အပေါ်မှာ စီစစ်ပြီး ရရှိလာသော ဉာဏ်စဉ်များကို အဆင့်ဆင့် တင်ပြလိုပေသည်၊ (ဉာဏ်စဉ် ဉာဏ်စဉ်နှင့် မကြာ ခဏ မေးလေ့ရှိသော ယောဂီများအတွက်)။

ပဋိဝေဓ ဆိုသည်မှာ ကျမ်းဂန်အရ ဥက္ကဋ္ဌ-အကြီးအကဲပင် ဖြစ်သည်၊ ပရိစ္ဆေဒအားဖြင့် ဉာဏ်စဉ် ၁၀-ပါး၊ ၁၃-ပါးကို ဆိုလိုပါသည်။

## ဉာဏ်စဉ်တက်လမ်း

ဟိနပရိစ္ဆေဒအားဖြင့် အသားထဲက အလိုလို သူ့ဓမ္မတာ အတိုင်း အနုတ္တအနေဖြင့် ပေါ်လာသော ပထဝီဓာတ်အပေါ် ၁၃-မျိုး၊ ဝါယောဓာတ်အပေါ် ၁၁-မျိုး၊ တေဇောဓာတ် အပေါ် ၆-မျိုး၊ အာပေါဓာတ်အပေါ် ၂-မျိုးတို့ကို ဆိုလိုပါ သည်၊ တနည်းအားဖြင့်ပြောရလျှင် ရုပ်ပေါ်-နာမ်ပေါ်-ပညတ် ပေါ်-ပရမတ်ပေါ်-ဓာတ်ပေါ်-ကလာပ်ပေါ်-အာကာသပေါ်- အနိစ္စပေါ်-ဒုက္ခပေါ်- အနတ္တပေါ် တို့ကို ဆိုပြန်ပါသည်၊ (ပဋိဝေဓ သာသနာအငယ်စား)။

အဆင့်ဆင့် အမြင့်မြင့် တိုးတက်နေပုံကား-ကမ္မဋ္ဌာန်း ထိုင် ရင်းပင် တည်ကြည်နေခဲ့ပါလျှင် (သမာဓိရနေပါလျှင်) သမထ စခန်းကို အောင်ပန်းရပါပြီ၊ (ပထမဉာဏ်စဉ် တက်သွားပါပြီ)၊ တည်ကြည်တာကို ကုသိုလ်, တခြားသို့ စိတ်ရောက်သွားတာက အကုသိုလ် (ဥဒ္ဓစ္စ)ဟု ကုသိုလ်နှင့် အကုသိုလ် ခြားနေပုံ-ကွဲနေ ပုံ-စစ်တိုက်၍နေပုံတို့ကို တွေ့ရတော့၏၊ (ဒုတိယ ဉာဏ်စဉ်)။

ဤပုံအတိုင်း ဖြစ်၍နေတော့ကာ(ပုထုဇ္ဇနော ဥမ္မတ္တကော) ပုထုဇဉ်လူသားတို့သည် အရူးချည်းသာဖြစ်သည်ကို သဘောမိ လိုက်တော့သည်၊ (တတိယဉာဏ်စဉ် တက်သွားပါပြီ)။

အသားထဲက သူ့ဖာသာသူ အလိုလိုပင် ဓာတ်ကြီးလေးပါး တခုခုတွေ့ရချက်က ဓာတ်ပရမတ် တွေ့ရခြင်း ဖြစ်ပါသည်၊ အပြင်မှ အလင်းရောင်ကိုတွေ့ခြင်းက ပညတ်အတွေ့သာ ဖြစ်ပါ သည်၊ ဤကဲ့သို့ ပရမတ်နှင့်ပညတ်တွေ့ခြင်းက(စတုတ္ထဉာဏ်စဉ်

ဘက်သွားပါပြီ)၊ ဒီတော့ လက်ာကလေးကို မှတ်သားထား လိုက်ပါ။

**ဆောင်ပုဒ်။** မရှိတာသိ၊ ရှိတာသိ၊ ဒိဋ္ဌိပျောက်ကြောင်းသာ။

ဂုင်းလက်ာနှင့် ညီညွတ်လှပေ၏၊ ထိုကြောင့် တွေ့ခဲ့ရသော တွေ့နေတုန်းဖြစ်သော ခါတ်ကြီးလေးပါးတို့ဟာ ဖြစ်ပျက်-ဖြစ်ပျက်နှင့်နေတာကို တွေ့ရပြန်၏၊ အနိစ္စဝိဇ္ဇာပင်တည်း၊ (ပဋ္ဌမဉာဏ်စဉ်)။

ခါတ်ကြီးလေးပါးတို့ ပျက်သေရ-ပြုန်းသေရ-ဆုံးသေရ-ချုပ်သေရ-ပျောက်သေရ နှင့် တသေထဲ သေလို့သာနေသော ကြော ့ ခါတ်မရဏကို တွေ့ရတော့၏၊ ဒုက္ခဝိဇ္ဇာ တွေ့၏၊ (ဆဋ္ဌမဉာဏ်စဉ်)။

ခါတ်ကြီးလေးပါးတို့သည် မဖြစ်လျှင်လည်း မနေရ၊ မပျက်ချင်လည်း မနေရ၊ ဆွဲမရ၊ တားမရ၊ ဆီးမရ၊ ရွှေ့မရ၊ ယူမရ၊ သူ့သဘောအတိုင်း အလိုသို့ မလိုက်ပုံ-အကြိုက်မပါပုံတို့ကို တွေ့ရတော့၏၊ အနတ္တဝိဇ္ဇာ သိ၏၊ (သတ္တမဉာဏ်စဉ် တက်ပါပြီ)။

ဖြစ်ပျက် ဖြစ်ပျက်နှင့် တသဘောတည်း တွေ့ရလို့ ဥစ္ဆေဒဒိဋ္ဌိကြီးပြုတ်၍ ဧကတ္တနည်းသို့ ရောက်တော့၏၊ ဤနေရာတွင် (အဋ္ဌမဉာဏ်စဉ် တက်ပြန်ပါပြီ)၊ တဖန် ဖြစ်ပျက်အစဉ်ကို တွေ့ရသဖြင့် ရှေးရှေးဖြစ်ပျက်နှင့်နောက်နောင်ဖြစ်ပျက်ကား တခြားစီပဲ-ဟု မုချပင်တွေ့ပေရာ သဿတဒိဋ္ဌိပြုတ်၍ နာနတ္တနည်းသို့ ရောက်တော့၏၊ ဤသည်ကား- (နဝမဉာဏ်စဉ် တက်ပြန်၏)။

ဤဖြစ်ပျက်အစဉ်ဟာ လူ-နတ်-ဗြဟ္မာ ဖန် ဆင်း ထား လို့ မဟုတ်၊ ထာဝရဘုရားက ဖန်ဆင်းထားလို့ မဟုတ်၊ ထာဝရ ဘုရားက ဖန်ဆင်းထားလို့ မဟုတ်ပဲ ကံ-စိတ်-ဥတု-အာဟာရ အကြောင်းတရား ၄-ပါးကြောင့်သာဖြစ်တာပဲ-ဟု မြဲမြဲစွဲစွဲကြီး သိနေသဖြင့် အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိပြုတ်၍ အဗျာပါဒရနည်းသို့ ရောက်တော့၏၊ (ဒုသမဉာဏ်စဉ် တက်ပြန်၏)။ ဖြစ် ပျက် အစဉ်ကြီးသည် သူ့သဘာဝ-သူ့ဓမ္မတာအတိုင်းဖြစ်၍နေတာကို အဟုတ်တွေ့ရသဖြင့် အကြိယဒိဋ္ဌိပြုတ်၍ ဝေဓမ္မတာနည်းသို့ ရောက်တော့၏၊ (ကောဒုသမဉာဏ်စဉ် တက်ပြီ)။ ထို့နောက် မှာကား မဇ္ဈိမပဋိပဒါသောသနာလမ်းစဉ်အတိုင်း မဂ်လေးပါး-ဖိုလ်လေးပါး-နိဗ္ဗာန်အထိ အဆုံးတိုင်အောင် တက်ရောက်ရလေ တော့သတည်း။

## ဤဉာဏ်စဉ်ကို ဥပမာနည်းနှင့် ပြရလျှင်

ရောဂါရှိ၍ ဆေးစားသောလူနာသည် ဆေးတွေ့သဖြင့် ရောဂါမှ သက်သာစပြုလာလျှင် မည်မျှတော့ သက်သာသည်၊ မည်မျှတော့ ကျန်ရှိသေးသည်-ဟု ဒိဋ္ဌပင် မျက်မှောက်ပြုရတာ လို တရားအားထုတ်ရာ၌လည်း ဤဥပဒေအတိုင်းပင် ဒိဋ္ဌစိတ်ချ မျက်မှောက်ပြုရသဖြင့် သက်သာရာ ရကြသဖြင့် ယင်းတို့ကို ယုံယုံကြည်ကြည်ဖြင့် မုချတွေ့လိုပါလျှင် အားထုတ်၍ ကိုယ်တွေ့-မနောတွေ့-သဘောတွေ့များတွေ့ရအောင် ကြိုးစားကြပါကုန်၊ ခန္ဓာကိုယ်ထဲက ပေါ်တာ-ဓာတ်ပြောင်းတာ-စိတ်ပြောင်းတာ ကို ပြောပြ၍ မဖြစ်ချေ၊ ပရမတ်သဘောကို ပညတ်သဘောဖြင့်

ထင်စား၍ ပြောခြင်းမျှသာဖြစ်ရာ လုံလောက်ပြည့်စုံမှု မဖြစ်သေးချေ။ (အထူး မှတ်ဘွယ်ကောင်း၏)။

## အဆင့်အတန်း ကွဲပြားပုံ

တရားအားထုတ်ရာ၌ တွေ့မြင်ရပုံ အဆင့်အတန်း များကို ခွဲခြားရပါလျှင်—

၁။ ခါတ်စုံသော အဆင့်အတန်း။

၂။ နယ်စုံ ကိုယ်လုံခြုံသော အဆင့်အတန်း။

၃။ အားထုတ်သောအခါခါတ်မပေါ်တော့ပဲ အားမထုတ်မှ ပေါ်သော အဆင့်အတန်း။

၄။ ခေါင်းပျောက် - လက်ပျောက် - ခြေပျောက် - တပိုင်းပျောက်သော အဆင့်အတန်း။

၅။ တကိုယ်လုံးပျောက်သော အဆင့်အတန်း ဟူ၍ ခြားနားလျက် ခါတ်ပေါ်တတ်၏။

ဒုက္ခရောက်၍ ပေါ်သော ဒုက္ခပဋိပဒါပုဂ္ဂိုလ်မျိုး - ဒုက္ခမရောက်ပဲပေါ်သော သုခပဋိပဒါပုဂ္ဂိုလ်မျိုးဟု ၂-မျိုး ၂-စား ၂-ပါးအားဖြင့် ခြားနားလျက် တွေ့ရတတ်သည်။

## ခါတ်ပေါ်, ကလာပ်ပေါ်, ဉာဏ်ပေါ်

တရားအားထုတ်ရာ၌ ယောဂီအပေါင်းသည် တရားပေါ်မှုအပေါ်၌ ၃-မျိုး တွေ့ရပေမည်။

၁။ ခါတ်ပေါ်မှု၊

၂။ ကလာပ်ပေါ်မှု၊

၃။ ဉာဏ်ပေါ်မှု - ဟူ၍ ၃-မျိုးရှိ၏။

**ဥပမာပြရလျှင်–**

ပွဲကြည့်သူတွေအားလုံးသည် မိမိတို့ အတွင်းခံတတ်သဘော အတိုင်း လွမ်းသံ–ဆွေးသံ–ဆွဲသံ–ရွှသံ–မြူးသံ– ထကြွစေတတ် သော ကာမဂုဏ်အသံမျိုးကိုသာ နားထောင်လိုကြ၏၊ မြူးကြွ သော အကမျိုးကိုသာ မြင်လိုကြ၏၊ ထိုအခိုက် ဇာတ်မင်းသား မင်းသမီးတို့ကလည်း အရှုံ့အရှိုက်ဖြင့် အပူတိုက်လျက် လွမ်းသံ ဆွေးသံ–အညှုအခရာသံတို့ဖြင့် မဲ့ကာရွဲ့ကာ ဆို၍ပြလိုက်၏၊ အမျိုးမျိုး ကပြလိုက်ကြ၏။

ဥပမာ– (ဦးဘိုးစိန်ကြီးတို့၊ စိန်အောင်မင်းတို့၊ ရွှေမန်း တင်မောင်တို့ ဆိုကြပါစို့)၊ နားထောင်သူတို့မှာလည်း ကြားရ သည်နှင့်တပြိုင်နက် ခံတတ်ကြောခိုက်၍ ဖြန်းကနဲ – ဖြန်းကနဲ ခံတတ်တွေပေါ်၍ နေပေတော့သည်၊ ဖိန်းကနဲ–ရှိန်းကနဲ–ဖိုကနဲ- မိုက်ကနဲ ရုပ်ခံတတ်များပေါ်၍နေပုံကို ကိုယ်တိုင်ပင် တွေ့ကြုံ၍ နေကြရသည်၊ ဤသည်တို့ကား လောကယုတ္တိ–ကိုယ်တွေ့ပေါ်ပုံ ဖြစ်သည်။

ဝိပဿနာနည်းအရ အဘိဓမ္မာဉာဏ်ဖြင့် ဝေဘန်ရသော်–

၁။ ဦးဘိုးစိန် – ရွှေမန်းတင်မောင် – စိန်အောင်မင်း တို့၏ ဆိုသံ–ငိုသံတို့ကား သဒ္ဒရုပ်ပင် ဖြစ်သည်။

၂။ နားထောင်သူများ ကြားရခြင်းကား ကြားသိသည့် ဆိုတဲ့ စိတ်ပင် ဖြစ်သည်။

၃။ ကြားသဖြင့် ခံတတ်ကြောခိုက်ခြင်းကား ပရိယုဋ္ဌာန ကိလေသာ ထကြွသောင်းကျန်းခြင်းပင် ဖြစ်သည်။

၄။ နှစ်သက်ခြင်းသည်ကား ပီတိဆိုသည့် စေတသိက်ပင် ဖြစ်သည်။

၅။ ၎င်းပီတိ၏ တန်ခိုးသတ္တိကြောင့် တဖြန်းဖြန်း-တဖိန်းဖိန်း-တသိမ့်သိမ့်- ထူထူထိုင်းထိုင်း- မှိုင်းမှိုင်း ဖြစ်ခြင်းကား ကုဋ္ဌေငါးထောင်ကျော်မကသော ရုပ်ကလာပ် အနိစ္စများ ပေါ်လာခြင်းပင် ဖြစ်သည်။

၆။ ဖြန်းဖြန်း ဖြန်းဖြန်းနှင့် ကုဋ္ဌေငါးထောင်ကျော်မက အောင် ပေါ်နေခြင်းသည်ကား "အသားနှင့် ဖြန်းဖြန်းတို့"မရောနှောကြပဲ ပေါ်နေလို့ ကလာပ်အပေါ် အနိစ္စအပေါ်ပါပဲလို့ သိ သိနေတော့၏။

ဘုရားဟောတဲ့ ကုဋ္ဌေငါးထောင်ကျော် ဖြစ်တယ်-ပျက်တယ် ဆိုတာ ဒါပါပဲ၊ ဒါပဲ-ဟု နာမရူမ ပရိစ္ဆေဒဉာဏ်မှစ၍ ဉာဏ်စဉ်အတိုင်းတက်နေတာကို တွေ့ရတော့၏၊ ဤသည်ကား ဉာဏ် ပေါ်ပင် ဖြစ်၏၊ တရားကိုအားထုတ်တော့ ဟိုနေရာက ကွက်၍ ပေါ်၊ ဒီနေရာကကွက်၍ပေါ်၊ ပူပေါ်-အေးပေါ်-လှုပ်ပေါ်-စသည်တို့ကား အသားမှ ထူးခြား၍ ခတ်သဘောမျှသာ ပေါ် နေခြင်းကြောင့် ခတ်ပေါ်သောစခန်းသာ ရှိသေး၏၊ ထပ် တလဲလဲ အကြိမ်ကြိမ်အဖန်ဖန်၊ (ဘာဝိတော)အရ၊ (ဗဟုလီ ကတော)အရဖြင့် ပွားများတော့ ကြက်သီးများ ထဘိသကဲ့သို့ ဖြန်းကနဲ-ဖြန်းကနဲ ကုဋ္ဌေငါးထောင်ကျော်မကအောင် တွေ့ရ ၏၊ ကလာပ်ပေါ်ခြင်းတည်း။

ထပ်မံအားထုတ်ပြန်သော် ရုပ်နှင့် နာမ် ခွဲခြား၍သိခြင်း-သမ္မသနကစ၍ ဉာဏ်စဉ်အတိုင်း သူ့ပါရမီနှင့်သူ တွေ့ရပြန်၏၊

ဉာဏ်စဉ်အတိုင်း ပေါ်မှုတည်း၊ ဤကား လိုရင်း အတိုချုပ်မျှ ပင် ဖြစ်သည်။

၁။ တပြင်ထဲ ပူပေါ်-အေးပေါ် စသည်တို့ကား **ဓာတ် အပေါ်** ဖြစ်၏။

၂။ ရှုရှု ဖြန်းဖြန်း စသည့် အပေါ်မျိုးတို့ကား **ကလာပ် အပေါ်** ဖြစ်၏။

၃။ ရုပ် နာမ် အနိစ္စ-ဒုက္ခ-အနတ္တတွေပဲ-ဟု သိခြင်းကား **ဉာဏ်အပေါ်** ပင် ဖြစ်၏။

**ဆောင်ပုဒ်လင်္ကာ-**

၁။ တပြင်တည်းပ၊ ပူအေးက၊ မှတ်ကြ ဓာတ်အပေါ်။

၂။ ရှုရှုဖြန်းဖြန်း၊ မရောတန်း၊ မှတ်စမ်းကလာပ်ပေါ်။

၃။ ရုပ်နာမ်တွေ့က၊ အနိစ္စ-ဒုက္ခ-အနတ္တ၊ မှတ်ကြဉာဏ်အပေါ်။

၄။ ဤသို့တွေ့မှ၊ နိဗ္ဗာန၊ တက်ကြ လမ်းမချော်။

တဖန် အာကာသဓာတ် ၅-မျိုး တွေ့ရှိရပုံကို ဆက်လက် ရေးသားလိုပေသည်။

၁။ ပူရာမှအေး-အေးရာမှ ပူ စသည့်ပေါ်ပုံတို့ကား ဓာတ် ချင်း ခြားနားလျက် ပေါ်သောကြောင့် "ဓာတ် အာကာသ" ဖြင့် ပေါ်သည်-ဟု ဆို၏။

၂။ ရှုရှု ဖြန်းဖြန်း စသည်ဖြင့် ပေါ်ပုံတို့ကား သူ့ကလာပ် နှင့်သူ ခြား၍ပေါ်ခြင်းကြောင့် "ကလာပ်အာကာသ" ဟု ခေါ်ဆို၏။

၃။ ရုပ်သဘောသိသော ဉာဏ် - နာမ်သဘော သိသော ဉာဏ်-အနိစ္စဟုသိသောဉာဏ်-ဒုက္ခဟုသိသောဉာဏ်-အနတ္တဟုသိသောဉာဏ် စသော ၁၃-ဉာဏ်၊ ၁၆ ဉာဏ်တို့သည်ကား တခုနှင့်တခုမတူပဲ ခြား၍သိသောကြောင့် "ဉာဏ်အာကာသ"ဟု ခေါ်ဆို၏။

၄။ အားထုတ်လိုက်တော့ ပူ, ပေါ်တာက ရုပ်-သိတာက စိတ်-စေတနာသဒ္ဓါထူးတာက စေတသိက်-ဟု ရုပ်-စိတ်-စေတသိက်တို့ သဘောချင်းမရောပဲ ခြားပေါ်တာက "ပရမတ်အာကာသ" ဟု ခေါ်ဆိုရ၏။

၅။ ဦးခေါင်းအရပ်၌ လေးလံ၍ပေါ်သဖြင့် ရင်ချိုင့်ဌာနမှ မနေဘဲ သိ သိနေ၏၊ ဤကဲ့သို့ ပေါ်ရာဌာနချင်း ခြားတာကို "ဌာနအာကာသ"ဟု ခေါ်ဆိုရ၏။

သူတော်စင် ယောဂီအပေါင်းတို့ အာကာသပေါက်ရန် ရည်စူး၍ မိမိတို့ပေါ်ပုံကို မရောကြောင်း, ခြားနားကြောင်းကို သေချာစွာ သိစေလို၏။

သူတော်စင် ယောဂီအပေါင်းတို့ အလွယ်နည်းနှင့် သိရှိစေရန် မိမိပြုသမျှ ကုသိုလ်တရားတို့က လမ်းညွှန် ပို့ဆောင်ပေးသော ၃-ဌာန ရှိ၏။

၁။ ဒါန-သီလ ကံတရားကား လူ့ပြည် - နတ်ပြည်သို့ ပို့ဆောင်ပေး၏။

၂။ သမထစျာန်တရားကား ဗြဟ္မာပြည် ၂၀-သို့ ပို့ဆောင်ပေး၏။

၃။ ဝိပဿနာဉာဏ်တရားကား လူ-နတ်-ဗြဟ္မာ-မဂ်-ဖိုလ် နိဗ္ဗာန်သို့ သက်ငင်း လက်တွေ့ ပို့ဆောင်ပေးနေလေသည်။

ယောဂီတို့သည် ခါတ် ၆-ပါးစုံအောင် တွေ့တဲ့အခါမှ သက္ကာယဒိဋ္ဌိ ပြုတ်သည်၊ ကွာသွားပြီ၊ အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဉာဏ်တွေ ရောက်လာလေသည်၊ အပါယ်တံခါးလည်း လုံးဝပိတ်သွားတော့၏၊ပထဝီဓာတ် ၁၃-ပါး၊ အာပေါဓာတ် ၂-ပါး၊ တေဇောဓာတ် ၆-ပါး၊ ဝါယောဓာတ် ၁၁-ပါး၊ အာကာသဓာတ် ၅-ပါး၊ ဝိညာဏဓာတ် ၆-ပါး တွေ့ပါက သက္ကာယဒိဋ္ဌိတို့သည် ပြုတ်ကျ- ကွာကျသွားတော့သတည်း၊ အထောက်အထားကား-

ပထဝီဓာတုံ ခေါ ရာဟုလအနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆံပဇဟာတိ။
(သံယုတ်ပါဠိတော်နှင့်အညီ ဖြစ်၏)။

ထို့နည်းလည်းကောင်းပင် ခါတ် ၆-ပါးတွေ့က အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာရောက်တော့သည်၊ အထောက်အထားကား–

ပထဝီဓာတုံ ခေါ ရာဟုလအနိစ္စတော ဇာနတော အဝိဇ္ဇံပဇဟာတိ၊ ဝိဇ္ဇာဉပ္ပဇ္ဇတိ။ (သံယုတ်ပါဠိတော်လာနှင့်ညီပြန်၏)။

တဖန် ခါတ် ၆-ပါးတွေ့၍ အပါယ်တံခါး လုံးဝပိတ်ပုံကိုလည်း ဘုရားရှင်က ဟောပြန်၏။

ပထဝီဓာတုယာ အာပေါဓာတုယာ တေဇော
ဓာတုယာ ဝါယောဓာတုယာ ယော ဇာနာတိ၊
ယော ပဿတိ၊ နတ္တေဝသော နိရယံဝါ
တိရစ္ဆာန ယောနိယံဝါ ပေတ္တိဝိသယံဝါဂစ္ဆတိ။
ဟူသော တိကနိပါတ်–အင်္ဂုတ္တိုရ်ပါဠိတော်အရ သိရ၏။

ယောဂီအပေါင်းအား ဘုရားရှင်လက်ထက်က ကမ္မဋ္ဌာန်း အားထုတ်ပုံ–လုပ်ထုံးလုပ်နည်းကို ရေးသား ပြသလိုပေသည်။

ဘုရားရှင် လက်ထက်တော်က သဒ္ဓေးသား ရဟန်းတော် တပါးသည် ရဟန်းဝတ်နှင့် သုတ္တန်–ဝိနည်း–အဘိဓမ္မာကျင့်စရာ များပြားသည်ဖြစ်၍ မကျင့်နိုင်တော့၍စိတ်ပျက်ပြီး လူထွက်မည် အကြံဖြင့် ဘုရားရှင်ထံမှောက်ရောက်ရာ ဘုရားရှင်က စိတ်တခု သာထိန်းရန် တရားဟောတော်မူလိုက်၏။

အတ္တနော စိတ္တမေဝ ရက္ခာဟိ သက္ကာ ဒုက္ခာဝိမုစ္စိတုံ။

ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်ချစ်သားသည်။ အတ္တနော၊ မိမိ၏။ စိတ္တမေဝ၊ စိတ်တခုထဲကိုသာလျှင်။ ရက္ခာဟိ၊ စောင့် ရှောက်နေပါတော့လော့။ ဧဝံ၊ ဤသို့ စိတ်တခုထဲကိုသာ စောင့် ရှောက်နေသည်ရှိသော်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ ဝိမုစ္စိတုံ၊ လွတ်မြောက်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းပါသတည်း–ဟု စိတ္တာနုပဿနာကို ပေးတော်မူ၏။

တဖန် ဘုရားရှင်သည် သားတော်ရာဟုလာက ရွှေအိုးကြီး လေးလုံးကို အမွေတောင်းရာ ဘသံသရာလုံးစားမကုန်နိုင်သော ဓာတ်ရွှေအိုးကြီးလေးလုံးကို ပေးလိုက်လေသည်။

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ ပထဝီဓာတုံ၊ တောင့်တင်း–လေးလံ၍ ပေါ်သော ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲသော သဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့ သိသော သူအား။ ပဿတော၊ ကိုယ်တွေ့မြင်သောသူအား။ သက္ကာယဒိဋ္ဌိ ၊ အပါယ်ဗီဇ ညီးညီးထတဲ့မီး သက္ကာယဒိဋ္ဌိကြီးကို။ ပဇဟတိ၊ နင်သေ–နင်ချုပ်–နင်ပြုတ်–နင်ကုန်–နင်ခမ်းကြကုန်–ဟု ပယ် သတ် နိုင်တော့၏။ ဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာ–ရုပ်ဝိဇ္ဇာ–နာမ်ဝိဇ္ဇာ စသော ဝိဇ္ဇာတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတော့၏။

တဖန် ဘုရားရှင် လက်ထက်ကပင် စာပေ ကျမ်းဂန် တွင် အကျော်အမော်ဖြစ်သော ပိဋကတ် ၃–ပုံ– နိကာယ် ၅–ရပ်– အင်္ဂါ ၉–တန်–ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တတ်သော ပေါဋ္ဌိလအကျော်အမော် ဆရာတော်ကြီးကို စာမတတ်သော ရှင်သူငယ်ကလေးက ဓာတ်ကမ္မဋ္ဌာန်း ပေးပို့တာ ကို ယောဂီအပေါင်း မှတ်သားလိုက်နာသင့်၏။

ဘန္တေကေသိမ္ဟိ ဝမ္မိကေ ဆဆိဒ္ဒါနိ၊ တတ္ထ ဧကေန်
ဆိဒ္ဒေန ဂေါဓာအန္တော ပဝိဋ္ဌာ၊ တံ ဂဏှိတု
ကာမော ဣတရာနိ ပဉ္စဆိဒ္ဒါနိ ထကေတွာ
ဆဋ္ဌံ ဘိန္ဒိတွာ ပဝိဋ္ဌေနေဝ ဆိဒ္ဒေန ဂဏှာတိ၊
ဧဝံ တုမှေ ဆဒ္ဒွါရိကေသု အာရမ္မဏေသု
သေသာနိ ပဉ္စဒွါရာနိ ပိဓာယ မနောဒွါရေ

ကမ္မံပထပေထာတိ ဗဟုသုတာဿဘိက္ခုနော
တွေ့ကောနေ့ဝ ပဒိပုဇ္ဇလန် ဝိယ အဟောသိ။
(ဓမ္မပဒအဋ္ဌကထာ-ဒုအုပ်-နံပါတ်-၂၆၃)

**အဓိပ္ပာယ်ကား-**

အရှင်ဘုရား ပေါဋ္ဌိလ၊ ခြောက်ပေါက် ရှိသော တောင်ပို့၌ တပေါက်ဖြင့် ဖွတ်တို့ကိုထည့်သွင်း၍ထားပေရာ ထိုထိုဖွတ်တို့ကို ဖမ်းလိုသော ပုဂ္ဂိုလ်သည် ငါးခုသော အပေါက်တို့ကို ပိတ်၍ ကျန်သောအပေါက်တခုဖြင့်သာလျှင် ထွက်တိုင်း ဖမ်းရပါသည်၊ ဤနည်းအတူသာလျှင် အရှင်ဘုရားသည်လည်း စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ ဟု ဆိုအပ်ကုန်သော ငါးခုသော ဒွါရ ပေါက်တို့ကို ပိတ်ထား၍ စိတ်မနောပေါက် တခုတည်းဖြင့်သာလျှင် ခန္ဓာကိုယ်ပေါ်၌ ပေါ်တိုင်းပေါ်တိုင်းသော ဓာတ်၏ အဖြစ်အပျက်-ရုပ်၏ အဖြစ်အပျက်-နာမ်၏ အဖြစ်အပျက်တို့ကို ရှုတော်မူပါဘုရား-ဟု နည်းပေးလေသည်။

ထို့နောက် ပေါဋ္ဌိလ ကမ္ဘာကျော် စာတတ်ဆရာတော်ကြီးသည် အပြင်အာရုံငါးပါးတို့ကို ပိတ်၍ ပေါ်တာကိုသာ ရှု၍နေပေရာ ရဟန္တာဖြစ်သွားရပါသတည်း။

ဦးခေါင်း ငယ်ထိပ်တွင် ဒင်္ဂါးပြားကွက်မျှ သတိထား၍ ရှုရမည်-ဟူသောမှု (နည်း)သည် ဥာဏစာရီမဟာထေရ်၏နည်း-ဟု အများက ပြောဆိုလျက်ရှိကြ၏၊ဆရာတော်ကလည်း ဘုရားဟောသည်ကလွဲ၍ တစခန်းထ- စတန့်ထွင်သည် မဟုတ်ပါ၊ ဘုရားဟောအစစ်ရှိ၍သာ ဖော်ထုတ်ပြီး ဟောကြား ပို့ချ သင်

ယူစေခြင်း ဖြစ်ပါသည်၊ ဆရာတော်က ဘုရားဟောအစစ်အမှန်မှ လွဲ၍ မည်သည့်ပါဠိတော်ကိုမျှ တီတွင်ပြီး မရေးသားပါ၊ မဟော ကြားသည်ကို သက်သေပြပါမည်။

ထို့ကြောင့် ငယ်ထိပ်မှာမှဘ်ရမည် ဆိုတာကို ဦးခေါင်း ကမ္မဋ္ဌာန်း ကာယဂတာသတိ ၁၃-ပါးရှိပုံကို ရေးသားတင်ပြ ပါမည်။

၁။ ကာယေကာယနုပဿနာကမ္မဋ္ဌာန်းဟု ဟောပါသဖြင့် တကိုယ်လုံးဝယ် မိမိ သမာဓိအား ရှိရုံလောက် ခါန်ဆ၍ ရှုရ၏၊ အားလုံးကို သမာဓိထားနိုင်လျှင် အားလုံးကိုပင် ရှုနိုင်၏၊ မထားနိုင်လျှင် ထားနိုင် သလောက် ကွက်၍ ရှုရမည်၊ ၂-ပုံခွဲရှု, ၃-ပုံခွဲရှု, ၄-ပုံခွဲရှု စသည်ဖြင့် လယ်တီဆရာတော်ဘုရား ရေး သားထားခဲ့ပါသည်။

၂။ "ကာယေ၊ အလျား တစ်လံ- အနံက တထွာမျှသာ ရှိသော ကိုယ်ကောင်ကြီး၌"ဟု ဆိုထားရာ ပညာရှိ များ စဉ်းစားပါက မည်မျှလောက် တာသွားသည်ကို သိနိုင်ပေမည်။

၃။ အတ္ထိက္ခမသ္မိံ ကာယေ ကေသာ - လောမာ – နခါ- ဒန္တာ-တစောက သက်သေထူပြလျက် ရှိ၏၊ တဖန် အတ္ထိ က္ခမသ္မိံ ကာယေ- ကေသာကို ထားပြန်တော့ ခေါင်းဟာ ကိုယ်ဖြစ်နေပြန်သည်။

အတ္ထိ ဣမသ္မိံ ကာယေ နခါတဲ့-ကိုယ်၌ ခြေသည်း လက်သည်း ရှိ၏-ဟု ဆိုထားသဖြင့် လက်ချောင်းတွေ ဟာလည်း ကိုယ်ပင် ဖြစ်တော့သည်။

အတ္ထိ ဣမသ္မိံ ကာယေ ဒန္တာ-ဆိုပြန်တော့ ဤ ကိုယ်ကြီး၌ သွားတွေရှိ၏-ဟု ဆိုပြန်ရာ ပါးစပ်ဟာလဲ ကိုယ်ပါပဲ။ ဘုရားဟောတဲ့ ကိုယ်ခန္ဓာတကိုယ်လုံး ဖြစ် နေပါပြီ။ ယခုခေတ် သုံးနေကြသော လူတို့၏ ကိုယ် ကတော့ ခေါင်းမပါ၊ ခြေ, လက် မပါ ဖြစ်နေ၍ ခွဲခြားသိရန် လို၏။

၄။ ကာယပသာဒဟာ တကိုယ်လုံး၌ပင် ပျံ့နှံ့၍ တည် တယ်၊ ဒါကြောင့် ခေါင်းရော လက်ရော ကိုယ်သာ ဖြစ်တော့သည်။

၅။ သမထကမ္မဋ္ဌာန်း ၄၀-ရှိခဲ့ရာ အနုဿတိ ၁၀-ပါး၌ ကာယဂတာသတိ ဆိုတာ ပါနေပါတယ်၊ အဲဒီတော့ ကာယဂတာသတိ ဆိုရာ၌ ကေသာ - လောမာက စ၍ မုတ္တံ အထိ ၃၂-ကောဋ္ဌာသပဲ မဟုတ်လား။

ခေါင်း၌ ၃၂-ကောဋ္ဌာသဖြင့် စစ်တမ်းထုတ်၍ ကြည့်ပါလျှင်—

(က) ကေသာအရ ဆံပင်ရှ။

(ခ) ငယ်ထိပ်၌ တစေ့ရှိ၏၊အရေထူအရေပါး ရှ။

(ဂ) ငယ်ထိပ်၌ မံသံရှိ၏၊ အသားရှ။

(ဃ) ငယ်ထိပ်၌ နာဂရိရှိ၏၊ အကြောရှု။
( င ) ငယ်ထိပ်၌ အင္ဂိရှိ၏၊ အရိုးရှု။
( စ ) ငယ်ထိပ်၌ မတ္ထလုင်္ဂရှိ၏၊ ဦးနှောက်ရှု။
(ဆ) ငယ်ထိပ်၌ လောဟိတံရှိ၏၊ သွေးရှု။
( ဇ ) ငယ်ထိပ်၌ သေဒေါရှိ၏၊ ချွေးရှု။

အဲဒါတွေဟာ ဘုရားဟောချည်းပါပဲ။

နောက် ငယ်ထိပ်၌ သမထ ၄၀-ထဲက စတုဓာတုဝဝတ္ထာန် အရ-

(ဈ) ငယ်ထိပ်၌ ပထဝီဓာတ်ရှိ၏၊ ရှုပါ။
(ည) ငယ်ထိပ်၌ အာပေါဓာတ်ရှိ၏၊ ရှုပါ။
( ဋ ) ငယ်ထိပ်၌ တေဇောဓာတ်ရှိ၏၊ ရှုပါ။
( ဌ ) ငယ်ထိပ်၌ ဝါယောဓာတ်ရှိ၏၊ ရှုပါ။
( ဍ ) ငယ်ထိပ်၌ ကာယပသာဒရှိ၏၊ ရှုပါ။

ယင်းတို့သည် ဘုရားဟောပင်တည်း၊ သမထကမ္မဋ္ဌာန်းချည်း ပင်တည်း၊ ၂-ပုံ ပုံလိုက်လျှင် တပုံက ကာယဂတာသတိ နယ် ထဲက ကမ္မဋ္ဌာန်း ၆-ချက်၊ ကျန် တပုံကတော့ စတုဓာတု ဝဝတ္ထာန်နယ်ထဲက ကမ္မဋ္ဌာန်း ၄-မျိုး၊ အားလုံး ဘုရားဟော ချည်း ဖြစ်၏။

## ဒါနစင်ကြယ်ခြင်း အကြောင်းတရား

အခါအခွင့်သင့်၍ ယောဂီအပေါင်းအား စင်ကြယ်ခြင်းနှင့် ပတ်သက်သည်တို့ကို ရှင်းပြလိုပေသည်၊ အရေးကြီးသည်မှာ

သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိသည် တရားအားထုတ်ရာ၌ အလွန် အရေးကြီး၍ နည်းယူထိုက်လှ၏။

ဒါနအရာ၌ ပုဗ္ဗစေတနာလည်း ဒါနမမြောက်၊ ပရစေတနာလည်း ဒါနမမြောက်၊ လှူစဉ်-လှူတုန်း-လှူနေဆဲဆဲ မုဉ္စစေတနာ အခိုက်အတန့်ကလေးအချိန်၌ ရှိသော စေတနာသည်သာလျှင် ဒါနမြောက်၏၊ သီလအရာ - သမထအရာ၌လည်း ဤနည်းအတိုင်းပင် ဖြစ်သည်၊ ဤကဲ့သို့ပင် တရားကို အားထုတ်ရာ၌လည်း အားမထုတ်သေးမီ ရှေးအဘို့၌ သီလကြီးလေးပါး မရရှိသော်လည်းကောင်း, အားထုတ်ပြီး၍ သီလကြီးလေးပါးတို့ကို မရရှိသော်လည်းကောင်း အရေးမကြီးလှပေ၊ အားထုတ်ပုံ အားထုတ်ခိုက်-အားထုတ်စဉ်-အားထုတ်ဆဲဆဲ အခိုက်အတန့်၌သာ သီလကြီးလေးပါး ရရှိဘို့သာ အရေးကြီးလှပါသည်၊ အရေးကြီးသည့်အတိုင်းလည်း တရားကိုအားထုတ်လျှင် သီလကြီးလေးပါးစလုံး လုံခြုံပြည့်စုံလျက် ရှိပေသည်၊ အားထုတ်၍ ကြည့်လျှင် သီလကြီးလေးပါးစလုံးကလည်း တပါတည်း လာ၍ ပြည့်စုံနေပေသည်၊ အားထုတ်သူများ ပညာဉာဏ်ရှိ၍ အမှန်သိပါလိမ့်မည်။

စိတ္တဝိသုဒ္ဓိ အရာ၌လည်း အားထုတ်ဆဲဆဲ ၌ပင် သမာဓိရသဖြင့် စိတ္တဝိသုဒ္ဓိ ဖြစ်၍နေချေပြီ၊ ပုဗ္ဗဘာဂတို့ ပရဘာဂတို့ အဘို့ ပြည့်စုံလျှင် သာ၍ကောင်းလှပေသည်၊ ပုဗ္ဗပရ၌ မပြည့်စုံသော်လည်း အရေးမကြီးလှပါ၊ အားထုတ်ဆဲကာလ သမာဓိသာ လိုရင်းဖြစ်၏၊ ညှိတတ်လျှင် သင်္ဂြိုဟ်အဆိုနှင့် တထပ်တည်း

ညီညွတ်ပါသည်၊ ညီအောင်မညှိတတ်ပါလျှင် သဘောမတွေ့တတ်ပါ။

**ဥပမာ**–ဓမ္မစကြာဟောစဉ်က သဒ္ဒေးသမီး မယ်ကာဠီသည် ရှေးအဘို့က သီလဝိသုဒ္ဓိ–စိတ္တဝိသုဒ္ဓိကို ရှိ၍မထားပါ၊ နတ်နှစ်ပါးတို့ စကားပြောနေကြစဉ်–တရားနာစဉ် အခိုက်အတန့်တွင် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ လုံခြုံမှုရှိပြီးဖြစ်၍ တရားအဆုံး၌ သောတာပန် တည်သည်၊ ပဉ္စဝဂ္ဂီတို့သည် ရှေးအဘို့၌ သီလ–စိတ္တ ကျင့်၍မထားကြပါ၊ ဘုရားကိုပင် ယုံတောင် မယုံသေးပါ၊ ဓမ္မစကြာဟောစဉ်ပင် သီလ–စိတ္တဝိသုဒ္ဓိ ပြည့်စုံနေသဖြင့် တရားအဆုံး၌ သောတာပန် တည်သည်။

ထို့အတူ အာဠဝက ဘီလူး–သာတာဂိရိ နတ်ဘီလူး–သူစိလောမဘီလူး – ခရလောမဘီလူး – ဟေမဝတာရ နတ်ဘီလူး–တံငါအရိယ–တမ္ဗဒါဌိက– အင်္ဂုလိမာလ– အရှင်ယသ– ဘဒ္ဒဝဂ္ဂီ သုံးကျိပ်တို့သည်လည်း ရှေးအဘို့၌ သီလကြီးလေးပါး– စိတ္တဝိသုဒ္ဓိတို့ကို သင်္ဂြိုဟ်အတိုင်း ကျင့်၍မထားကြသေးပါ၊ တရားနာ၍နေစဉ် အခိုက်အတန့်၌ သီလဝိသုဒ္ဓိ– စိတ္တဝိသုဒ္ဓိ အလိုလို ပြည့်စုံလာသဖြင့် အရိယာများဖြစ်ကြကြောင်းကို ဘုရားဟော၌ တွေ့ရပါသည်၊ ဖြစ်ပြီးသော ဝတ္ထုတို့ကား ဘုရားဟောဖြစ်၍ သင်္ဂြိုဟ်ထက် ခိုင်လုံ ပြည့်စုံပါသည်။

## မှတ်သားစရာ အဖြာဖြာ

ဤနေရာတွင် ယောဂီသူတော်စင်များ ဗဟုသုတအရ သိစေရန်အတွက် သင်္ဂြိုဟ်နှင့်ပဇ်သက်၍ရေးသားသူသည်ရှင်အနုရုဒ္ဓါ

ဖြစ်ပါသည်၊ ဗမာအခေါ် လက်သန်းခေါ် သင်္ဂြိုဟ် ၄-ပိုင်းကို ရှင်အနုရုဒ္ဓါသည် အိန္ဒိယပြည် တောင်ပိုင်း (Kaneiqura) ကေစီပူရရှိ အမ္ဗာရမ္မကျောင်းတွင် သွားရောက် ပညာလေ့လာစဉ် ရေးသားခဲ့ပါသည်၊ ထိုသင်္ဂြိုဟ် ၄-ပိုင်း ရေးသားသောခေတ်ကို ကြည့်လျှင် ခရစ်သက္ကရာဇ် ၁၂-ရာစုက ဖြစ်၏၊ ဗုဒ္ဓရှင်တော်ဘုရားခေတ်နှင့် ယှဉ်လိုက်လျှင် နှစ်ပေါင်း ၁၆၀၀ ကျော် ကွာခဲ့သည်၊ ကျမ်းပြုစုခဲ့သောနေရာကြည့်လျှင် အိန္ဒိယပြည် ကွန်ဂျီဗာရမ်အရပ်တွင် ဗုဒ္ဓဝါဒီပျက် ဗြဟ္မဏဝါဒ အကြီးအကျယ် လွှမ်းမိုးချိန် ဖြစ်၏၊ ၎င်းအကြောင်းကို မာလာလာစတ္တာရရေးတဲ့ (Pali literalture of ceylon)ထဲမှာ ဖတ်ရှုကြပါကုန်။

ဉာဏစာရီမဟာထေရ်ဆရာတော်ဘုရားကြီးကမူ သင်္ဂြိုဟ်နှင့် ဘုရားဟောကို ညီအောင်ညှိတတ်၍ ဆရာတော်အား မေးလျှောက်ကြလျှင် အမှန်မြင်၍ စိတ်ကျေနပ်ကြပါမည်။

ယောဂီအပေါင်းတို့၏ ကမ္မဋ္ဌာန်းတရား အားထုတ်နေဆဲ ဖြစ်ပေါ်တတ်သော ခေတ်တို့၏ လက္ခဏာသဘောကို ပြောပြလိုပေသည်။

ဝါယောခေတ်ဖြစ်ပေါ်ပုံ ၄-ပါးအကြောင်းကို ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ကြီးနှင့် ဝိနည်းအဋ္ဌကထာကြီး - ပါဠိတော်ကြီး (ဟံ-မူနှိပ်ပါတ် ၁၇၀)၌ ဟောထားပါသည်။

ယထာရုပေဟိ ကာယသင်္ခါရေဟိ ယာကာယဿ
အာနာမနာ ဝိနာမနာ သန္နာမနာ ပဏာမနာ
ဣဉ္ဇနာ ဖန္ဒနာ စလနာ ကမ္ပနာ လဃိနာ။

**အနက်ကား -**

ယထာရှုပေဟိ၊ အကြင်သို့ သဘောရှိကုန်သော။ ကာယသဒ္ဒါရေဟိ၊ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းတရားလေးပါး အကြောင်းတို့သည် ပြုပြင်အပ်ကုန်သော။(၀၁) ပြုပြင်ခြင်းတို့ကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏-

၁။ ယာအာနမနာ၊ အကြင်ရှေ့သို့ညွတ်၍ လှုပ်ခြင်း။
၂။ ယာဝိနာမနာ၊ အကြင် လက်ဝဲ-လက်ျာသို့ အထူးထူး ညွတ်၍ လှုပ်ခြင်း။
၃။ ယာသန္နာမနာ၊ အကြင် ထက်ဝန်းကျင်သို့ညွတ်၍ လှုပ်ခြင်း၊ (တွန်းသကဲ့သို့တည်း)။
၄။ ယာပဏာမနာ၊ အကြင် နောက်သို့ညွတ်၍ လှုပ်ခြင်း၊ (တွန်းသကဲ့သို့တည်း)။
၅။ ယာဣဉ္ဇနာ၊ အကြင် တုန်၍လှုပ်ခြင်း၊ (ရိုးရိုး)။
၆။ ယာဖန္ဒနာ၊ အကြင်ကြောက်သွေးတုန်သကဲ့သို့လှုပ်ခြင်း။
၇။ ယာစလနာ၊ အကြင် ယိမ်းယိုင်၍ လှုပ်ခြင်း။
၈။ ယာတမ္ပနာ၊ အကြင် မြေငလျင်လှုပ်သကဲ့သို့ လှုပ်ခြင်း။
၉။ ယာလဃိနာ၊ အကြင်ခုန်၍လှုပ်ခြင်း၊ (အဋ္ဌကထာအလို)

**တဖန် မိန့်ဆိုထားသည်ကား -**

ကာယဒရတော္ဝူပသန္တေကာယောပိ စိတ္တမ္ပိလဟုကံ ဟောတိ။ သရီရံအာကာသေ လဃိနာကာရပတ္တံ ဝိယဟောတိ။ တတိယ ပါရာဇိကကဏ် အဋ္ဌကထာပါဠိ၊ (ဟံသာမူ-၃၆၀)။

ကိုယ်-စိတ်၏ ပူပန်ခြင်း ငြိမ်းအေးသည်ရှိသော် ကိုယ်သည် သည်းကောင်း, စိတ်သည်လည်းကောင်း ပေါ့ပါးလာရတော့၏၊ ခန္ဓာကိုယ်ကြီးသည်လည်း ကောင်းကင်၌ ခုန်သကဲ့သို့-ပျံတက်သကဲ့သို့ မြင့်တက်၏၊ ဤကား အဋ္ဌကထာ၏ အဓိပ္ပာယ် လိုရင်း အတိုချုပ် ဖြစ်သည်။

တရားထိုင်သောအခါ ယောဂီများ ခတ်ပေါ်မှု၌ ရွရွမွမွ-ပွပွ-ကြွကြွ ပေါ်ပုံကို ဘုရားဟော အာဂမယုတ္တိဖြင့် ပြဆိုပါမည်။

၁။ ဝိကိရိယတိ၊ ဖရိဖရဲ မွမွကြဲ၏၊ ဘုရားဟော ဖြစ်ပါသည်၊ (မွမွပေါ်ပုံကို ပြသည်)။

၂။ ကုထိထာသန္ဒတိ၊ ပွပွကြွကြွတက်၍(ဝါ)ကျိုက်ကျိုက်ဆူ၍ စီး၏၊ (ပွပွနှင့် ကြွကြွ ပေါ်ပုံတည်း)။

၃။ ဝါတဝေဂေနဉဒ္ဓဟိတွာဘိဇ္ဇန္တေပုဗ္ဗုဠကေဒိသွာ၊ ရေကန်ထဲ အင်းအိုင်ထဲသို့ မိုးရွာကျသောအခါ ရေတပြင်လုံးသည် တရိုးရိုး-တမွမွ-တရွရွ ကြဲပြန့်လျက် ခတ်ပေါ်ပုံ, ခတ်ပျက်ပုံကိုမြင်ရသကဲ့သို့ ခန္ဓာကိုယ်အသားထဲကလည်း တရိုးရိုး- တရွရွ- တမွမွ ကြဲပြန့်လျက်နေသည်ကို တွေ့ရ၏။

ထို့ကြောင့် ဘုရားသခင်က "ယထာပုဗ္ဗုဠကံပဿ" ဟု ဟောခဲ့ပါသည်၊ ရေစပ်၌ နေရောင်ခြည်ကျရောက်သောအခါ တရိပ်ရိပ်-တလှုပ်လှုပ်-ရိုးရိုး-ရွရွမွမွ-လူလူနှင့် တံလျှပ်တွေ တက်၍နေ

သည်ကို မြင်ရမည်၊ ဤသည်ကို ဘုရားရှင်က "ယထာပသေယမရိစိကံ"လို့ တိုက်ရိုက်ဟောခဲ့ပါသည်၊ ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ နေသမျှကို "ရုပ္ပတီတိရူပံ" ဟု ဟောခဲ့ပါသည်၊ ရွရွ မွမွ ကြွကြွ တွေကို မပါအောင် ယူ၍ ပြနိုင်ပါမည်လား၊ ခန္ဓာကိုယ်နှင့် ပြလျှင်—

(က) ခန္ဓာကိုယ်ထဲ၌ ရုပ် ၂၈-ခုသာ ရှိ၏၊ အားထုတ်၍ တွေ့လျှင် ပေါ်လျှင် ၂၈-ခုထဲက တခုခုသာလျှင် ဖြစ်ရမည်၊ ရွရွ မွမွ ကြွကြွတွေသည်လည်း အသားထဲက ပေါ်တာမို့ ရုပ်တခုခုပင် ဖြစ်၏။

**ဥပမာ**–ရေထည့်ပြီးသားအိုးကို နှိုက်၍ကြည့်လျှင် ရေကိုပဲ တွေ့ရမည်၊ ရေမှလွဲ၍ ဘာမှအထွေအထူး မတွေ့နိုင်ပေ၊ ထိုနည်းတူ ခန္ဓာကိုယ်၌ ရုပ်နာမ်သာ ရှိ၍ တွေ့လျှင် ရုပ်နာမ်ကိုသာ တွေ့ရပေမည်။

(ခ) ဆဓာတုရောအယံပုရိသော–ဘုရား ဟော ရှိသည်၊ ခန္ဓာကိုယ်ထဲ၌ ဓာတ်ကြီး ၆-ပါးသာရှိ၍ တွေ့လျှင် ဓာတ် ၆-ပါးကိုသာ တွေ့ရပေမည်။

(ဂ) ကမ္မဋ္ဌာနဝိနိမုတ္တောဓမ္မောနာမနတ္ထိ- ခန္ဓာကိုယ်ထဲ၌ ကမ္မဋ္ဌာန်းများသာရှိ၍ တွေ့လျှင် ကမ္မဋ္ဌာန်းကိုသာ တွေ့ရပေမည်။

(ဃ) စတုသစ္စဝိနိမုတ္တောဓမ္မောနာမနတ္ထိ- ခန္ဓာကိုယ်ထဲ၌ သစ္စာလေးပါးသာရှိသဖြင့် တွေ့ရှိနိုင်လျှင် သစ္စာလေးပါးကိုသာ တွေ့ရမည်။

(င) ခန္ဓာနုပဿနာပဋ္ဌာန်ဒီပနီ ဓာတုအာယတနဒီပနီ စသည်—ခန္ဓာကိုယ်ထဲ၌ ဓာတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ ခန္ဓာ ၅-ပါး တွေသာ ရှိသဖြင့် တွေ့လျှင် ၎င်းတို့ကိုသာ ,တွေ့ရ မည်။

အထက်ဖော်ပြပါ အထောက်အထားများသည် ဘုရားဟော ချည်းသာ ဖြစ်လေသည်။

ရွရွ-မွမွ-ကြွကြွ တို့သည် အာဂမယုတ္တိ ဖြစ် ကြ ကုန် ၏၊ သဘာဝယုတ္တိကား—ပဲကြီးကို ရေစိမ်ကြည့်လျှင် ပွ၍ ပွ၍ လာ သည်၊ ပရမတ်အစစ် ဖြစ်၏၊ ဆားကို ရေထဲထည့် ကြေမွသွား သည်၊ ပရမတ်အစစ် ဖြစ်၏၊ မျက်စိနာနှင့် အနာရှိသူများသည် ဉာဏ်မိလျှင် ရိုးရိုး-ရွရွ-တစစ်စစ်-တဖျင်းဖျင်း ဖြစ်၍နေသည်၊ ဤကား ပရမတ်အစစ် ဖြစ်၏။

တဖန် ရှင်တော်ဘုရားဟောကြားခဲ့သော အထောက်အထား တခုကို ပြပါဦးမည်။

သောပဒဟတိ ပဟိတတ္တော ကာယေနစေဝ ပရမတ္ထသစ္စံ သစ္ဆိကရောတိ ပညာယစ ပဋိဝိဇ္ဈ ပဿတိ။ (စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဟံသာမူ နံပါတ် ၃၅၆)။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍။ ပဒဟတိ၊ မနေမနား ဝီရိယ ၄-ပါးဖြင့် အားထုတ်၏။ ကာယေနစေဝ၊ ကာယဒွါရ ဝီထိကျသဖြင့်လည်း။ ပရမတ္ထသစ္စံ၊ မျက်စိတမှိတ်ခန့် ကုဋေ တသိန်းမျှသော နာမ်- တစက္ကန့်ခန့်၌ ကုဋေငါးထောင် ကျော်

သော ရုပ်တရား- ပရမတ်အစစ်ဖြစ်သော သဘာဝတရားကို။ သစ္စိကရောတိ၊ ကာယဒွါရ ဝီထိကျ၍ ကိုယ်တွေ့သိ၏။ (၀၁) မျက်မှောက်ပြုတော့၏။ ပညာယစ၊ နောက်မှ ကျလာသော တဒနုဝတ္တက မနောဒွါရဝီထိ၌ပါသော ဝိပဿနာ ဉာဏ်ပညာ ဖြင့်လည်း။ ပဋိဝိဇ္ဈ၊ "သင်၊ မေး၊ နာ၊ ဆောင်၊ ဆင်ခြင်၊ နှောင်" ဟူသော အသိဘောင် ၅-ဆင့်ကို ကျော်မြင်လျက် ထိုးထွင်း၍။ ပဿတိ၊ မြင်၏။(ဤပါဠိသည်လည်း ဘုရားဟောဖြစ်၍ အလွန် ထင်ရှားလှ၏)။

ဝိပဿနာဆိုသည်မှာ ၂-ဉာဏ် စွယ်စုံဖြစ်သတည်း။

၁။ စက္ခုဒွါရဝီထိ၌ ကိုယ်တွေ့, တဒနုဝတ္တက မနောဒွါရ ဝီထိ၌ ဉာဏ်တွေ့ ၂-ပါး။

၂။ သောတဒွါရဝီထိ၌ ကိုယ်တွေ့, ဉာဏ်တွေ့ ၂-ပါး။

၃။ ဃာနဒွါရဝီထိ၌ ကိုယ်တွေ့, ဉာဏ်တွေ့ ၂-ပါး။

၄။ ဇိဝှာဒွါရဝီထိ၌ ကိုယ်တွေ့, ဉာဏ်တွေ့ ၂-ပါး။

၅။ ကာယဒွါရဝီထိ၌ ကိုယ်တွေ့, တဒနုဝတ္တက မနော ဒွါရ ဝီထိ၌ ဉာဏ်တွေ့ ၂-ပါး။

ပထမဝီထိကား-ပဉ္စဒွါရဝီထိ ဖြစ်သည်၊ နောက်ဆက်ကား မနောဒွါရဝီထိ ဖြစ်၏။

ကာယံပထမစိတ္တေန၊ တီတံဒုတိယစေတသာ။

နာမံတတိယစိတ္တေန၊ အတ္ထံစတုတ္ထစေတသာ။

ပတိရူပံ ပဉ္စမစိတ္တေန၊ ဧဝံဇာနန္တိလောကိကာ။

(မဏိသာရမဉ္ဇူဋီကာနှင့် အဋ္ဌကထာကြီးတို့၏ အဆိုအမိန့် ပင်တည်း)။

သူတော်စင် ယောဂီအပေါင်းအား အမှတ်ရ လွယ်စေရန် ကမ္မဋ္ဌာန်းထိုင်ပုံ လင်္ကာများကို မဟာစေတနာဖြင့် ထည့်သွင်း ရေးသားလိုက်ပါသည်၊ အရဆောင်၍ အကျင့်အောင်နိုင်ကြ ပါစေ။

## ခါတ်အပေါ်စခန်း

၁။ ခန္ဓာ၃၁သာ၊ တရားရှာ၊ မှန်စွာတွေ့လိမ့်မည်။
၂။ ခါတ်ပေါ်-ကလာပ်ပေါ်၊ ဉာဏ်အပေါ်၊ အပေါ် သုံးပါးမို့။
၃။ နုမာ-ဖွဲ့စေး၊ ပူအေး-ထောက်ကန်၊ ဤလေးတန်၊ အမှန်တွေ့ရမည်။
၄။ မြင်-ကြား-နံ-လျှက်၊ တွေ့သိဖက်၊ ကွဲလျက်တွေ့ရမည်။

## ကလာပ်ပေါ်စခန်း

၅။ သဘောကွဲမှ၊ အာကာသ၊ တွေ့ကဖို့ဌပြီ။
၆။ ကြက်သီးတွေဖြန်း၊ ကလာပ်ပန်း၊ ကိုယ်လွှမ်းခြုံ ပေါ် မည်။
၇။ ဖြန်းတခုမှ၊ ကလာပ၊ ခြားကြ မရောပြီ။
၈။ ဖြန်းနှင့်ဖြန်းကြား၊ ကလာပ်ခြား၊ ပျက်ပြားသန္တတိ။
၉။ သန္တတိပျက်၊ ဃနပျက်၊ တန်းတက်ဉာဏ်ပေါ်မည်။

ဉာဏ်ပေါ် ၁၆-မျိုးကို ပြချက်များကား—

၁။ ဖောက်ပြန်သမျှ၊ ရုပ်မှတ်ကြ၊ နာမ်ကသိတာပဲ၊
(နာမရူပ)။

၂။ ရုပ်နာမ်ဖြစ်ကြောင်း၊ ကံစရှောင်း၊ ကောင်းကောင်း
သိမ်းဆည်းမြဲ၊ (ပစ္စယ)။
၃။ ရုပ်နာမ်နှစ်ရပ်၊ လက္ခဏာပ်၊ သုံးသပ် သမ္မသနပဲ၊
(သမ္မသန)။
၄။ ရုပ်နာမ်နှစ်ခု၊ ဖြစ်ပျက်ရှု၊ တွေ့မှု ဥဒယဗ္ဗယပဲ၊
(ဥဒယဗ္ဗယ)။
၅။ ရုပ်နာမ်နှစ်ခု။ အပျက်ရှု၊ တွေ့မှု ဘင်္ဂပဲ၊ (ဘင်္ဂ)။
၆။ ရုပ်နာမ်ပျက်မှု၊ ဘေးဟုရှု၊ တွေ့မှု ဘယပဲ၊ (ဘယ)။
၇။ ရုပ်နာမ်ပျက်မှု၊အပြစ်ရှု၊တွေ့မှုအာဒီနဝပဲ၊(အာဒီနဝ)။
၈။ ရုပ်နာမ်ပျက်မှု၊ ငြီးငွေ့ရှု၊ ခက်မှုနိဗ္ဗာန်ပဲ၊ (နိဗ္ဗိန္ဒ)။
၉။ ရုပ်နာမ်ပျက်မှု၊ထွက်လိုကြ၊မဂ်ဝ ကမျဘာပဲ၊(မုစ္စိတု)။
၁၀။ မဂ်ဖိုလ်အမြိုက်၊ ရလိုခိုက်၊ အားတိုက် ပဋိသင်္ခါပဲ၊
(ပဋိသင်္ခါ)။
၁၁။ ရုပ်နာမ်နှစ်ခု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာပဲ၊ (သင်္ခါရု)၊
၁၂။ ရှေးနောက်နှစ်တန်၊ အလျော်ညာဏ်၊ လောမံ အနုပဲ။
(အနုလောမ)။
၁၃။ ပုထုကိုဖြတ်၊ ရိယာဇာတ်၊ ရောက်လတ် ဂေါတြပဲ၊
(ဂေါတြဘူ)။
၁၄။ သစ္စာလေးတန်၊ သိမြင်ပြန်၊ မဂ်ညာဏ်ကောန်ပဲ၊
(မဂ်ညာဏ်)။
၁၅။ လေးသစ္စာမြင်၊ ဂရက်သွင်၊ ဖိုလ်ပင်ခေါ်ကြမြဲ၊
(ဖိုလ်ညာဏ်)။

၁၆။ မဂ်ဖိုလ်နိဗ္ဗာန်၊ တိပယ်ကျန်၊ ငါးတန်ဆင်ခြင်မြဲ၊
(ပစ္စဝေက္ခဏာ)။

၁၇။ မဂ်ဖိုလ်နိဗ္ဗာန်၊ ကံမကျန်၊ လေးတန်ဆင်ခြင်မြဲ၊
(ရဟန္တာဘို့)။

၁၈။ ဝိပဿနာဉာဏ်၊ ဆယ့်ခြောက်တန်၊ ကေန်ရအောင်ခဲ"
(ဉာဏ်ပေါ်စခန်းတည်း)

## သစ္စာသုံးမျိုး အဆင့်တက်ပါစေ

သမုတိသစ္စာ။ ။ငါ-သူ-လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်- သတ္တဝါ။ (ကမ္ဘာက သမုတ်ခေါ်ဝေါ်ခြင်း-ပုဂ္ဂိုလ် သတ္တဝါ)။

သဘာဝသစ္စာ ။ရုပ်-နာမ်-ခန္ဓာ-ဓာတ်-သစ္စာ-အာယတန။ (သူ့သဘောအတိုင်း ဖြစ်သော ရုပ် နာမ် ၂-ပါး)။

အရိယသစ္စာ။ ။မဂ်ယှဉ် ဖိုတွဲ ဒုက္ခ- သမုဒယ- နိရောဓ-မဂ္ဂ။ (မဂ်-ဖိုလ်-သစ္စာလေးပါး ဖြစ်သတည်း)။

# ဆရာတော်ဘုရားကြီးများ၏ သတိပေး နှိုးဆော်ခဏ်းကြီး

## ၁။ စတုဂိရိ တောင်လေးလုံးဆရာတော်ဘုရား၏ နှိုးဆော်ချက်

ဘုရားရှင်ကြီးကပင် အရှုံးပေးခဲ့ရသော လူတမျိုး။

ယော ဘိက္ခဝေ တထာဂတေန ဧဝံ အာစိက္ခိ
ယမာနေ ဒေသိယမာနေ ပညာပိယမာနေ ပဋ္ဌ
ပိယမာနေ ဝိဝရိယမာနေ ဝိဘဇိယမာနေ
ဉတ္တာနီကရဏီယမာနေ န ဇာနာတိ,နပဿတိ၊
တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ
အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိကရောမိ။
(သံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ တထာဂတေန၊ ငါဘုရား ကိုယ်တော်တိုင်ကပင်လျှင်။ ဧဝံ၊ ဤသို့။ အာစိက္ခိယမာနေ၊ အဖန်တလဲလဲ အနဲနဲဖြင့် ခွဲခွဲခြားခြား ပြောကြားအပ်ပါလျက်။ ဒေသိယမာနေ၊ ဟောဖော်ညွှန်ပြ ဆုံးမအပ်ပါလျက်။ ပညာ

ပိယမာနေ၊ ထင်စွာပညတ် သိစေအပ်ပါလျက်။ ပဋ္ဌပိယမာနေ၊ ထင်စွာပညတ် ပုံစံညှပ်၍ ပြထားအပ်ပါလျက်။ ဝိဝရိယမာနေ၊ ဖွင့်လှစ် ဖော်ပြအပ်ပါလျက်။ ဝိဘဇ္ဇိယမာနေ၊ ဝေဘန်ခွဲခြား အစားစားနှင့် ပြထားအပ်ပါလျက်။ ဥတ္တာနီ ကရဏီယမာနေ၊ ထင်ထင်ရှားရှားပေါ်အောင် ထုတ်ဖော်၍ ပြထားအပ်ပါလျက်။ နဇာနာတိ၊ ဘုရား၏သားကဲ့သို့ မသိတတ်။ နပဿတိ၊ ဘုရားသားကဲ့သို့ မမြင်တတ်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဗာလံ၊ တွေဝေ ထုထဲ မိုက်မဲလှစွာသော။ ပုထုဇ္ဇနံ၊ ကိလေသာ ဒိုက်သရောဖြင့် ထူပြောလှစွာသော။ အန္ဓံ၊ ပညာမျက်စိ ဘိတ်ဘိတ်သားပင် မရှိသော။ အစက္ခုကံ၊ ခါတ်စက္ခု- ကလာပ်စက္ခု- ပရမတ် စက္ခုလည်း ကင်းကွာ မွဲတေ၍သာနေသော။ အဇာနန္တံ၊ ပရမတ်အရေး၌ ဘာကလေးတခုမျှ အသိ,အတွေ့ မရှိသော။ အပဿန္တံ၊ ခါတ်ကလာပ်အရေး၌ ဘာကလေးတခုမျှ အတွေ့ အမြင်မရှိသော။ တံပုထုဇ္ဇနံ၊ ထို လူပုထုဇဉ်-ရှင်ပုထုဇဉ်- ရဟန်းပုထုဇဉ်အပေါင်းကို။ (ဝါ) ကန်းလဲကန်း-ရမ်းလဲရမ်း- မိုက်လဲမိုက်- ရူးလဲရူး- လူထူး- ရှင်ထူး- ရဟန်းထူးကို။ အဟံ၊ မဟာဂ ရုဏာ အမှုရှာ၍ လုကာနေရသော ငါဘုရားကြီးသည်။ ကိန္တိကရောမိ၊ ဘယ်လိုနည်းဖြင့် ဘယ်လိုချွတ်ရမှန်းပင်မသိနိုင်၍ လက်မှိုင်ချကာ ငေးငေးမောမောနှင့် အံ့သြ၍သာ နေခဲ့ရပါ သတည်း။

## ၂။ ပန်းတောင်းဆရာတော်ဘုရားကြီး၏သြဝါဒကထာ အရိယာ လေးမျိုး

သောပန အရိယော စတုဗ္ဗိဓော ဟောတိ၊
အာစာရအရိယော, ဒဿနအရိယော လိင်္ဂ
အရိယော, ပဋိဝေဓ အရိယောတိ။

တိလက္ခဏဒီပနီ ဖြစ်သော ပါဠိတော် အဋ္ဌကထာကျမ်းလာ စကားကို ထောက်ထား နိုင်းညှိသော် အရိယာဟူက—

၁။ အာစရ,
၂။ ဒဿန,
၃။ လိင်္ဂ,
၄။ ပဋိဝေဓ—

ဟူ၍ လေးပါး အပြားရှိကြောင်းကို အလိုတော်ကျ မိန့်ဆို ရာဝယ် အကယ်၍ မိမိတို့၏ကိုယ်တွင်း၌ အဇ္ဈတ္တဓာတ်-ဝိဇ္ဇာ ဓာတ် သစ္စာလေးအင်ကို အဟုတ်အဟတ် သိမြင်တတ်သော ပဋိဝေဓတရား မရှိငြား၍ ပဋိဝေဓ အရိယာ အဆင့်အတန်းသို့ မရောက်စွမ်းနိုင်စေကာမူ အရိယာသခင် အရှင်မြတ်တို့၏ ကျင့် လမ်း-ကျင့်စဉ်နှင့် အရိယာတို့၏ အရှုအမြင်- အရိယာတို့၏ အသွင်အပြင်- ကြန်အင် လက္ခဏာကို ကောင်းစွာ ရည်မှန်း၍ ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းတကုတ် အားထုတ်ကြကုန်သော ဥပါသကာ, ဥပါသိကာ ယောဂီအပေါင်း သူတော်ကောင်းတို့ မှာ စင်စစ်သဖြင့် အကျင့်ဖြူစင်သည်ကို ကျင့် ပေ တတ် သော **အာစရ အရိယာကြီး**။

မိစ္ဆာမဆန် အမြင်မှန်သဘောရှိ၍ လောကီ ယထာဘူတ အားဖြင့် ရှုမြင်တတ်သော **ဒဿနအရိယာကြီး**။

သမာဓိကူ သတိမူအပ်သော ကိုယ်မှုယာဟန် ကြန်လက္ခဏာ အင် အသွင်အပြင်ဟူသော **လိင်္ဂအရိယာကြီး**။

ရင့်သီးသတ်မှတ် ဤသုံးရပ်သော အရိယာဇာတ်တို့ကား မုချဆတ်ဆတ် ရောက်ကြ ရ မည် ကား မလွဲတော့သည်သာ၊ ထို့ကြောင့် မဟာဇနကဇာတ် အဋ္ဌကထာ၌လည်း-

အရိယာဂဏောတိပြဟ္မဏာဂဏော၊ တော ကိရ
တဒါ အရိယာစာရာ အဟေသုံ-

ဟူ၍ တိကနိပါတ် အဋ္ဌကထာစကားကဲ့သို့ မ ကွဲ မ ပြား တသားတည်း ဖွင့်ဆိုတော်မူအပ်၏။

အရိယဂဏောတိ၊ အရိယာတို့၏ အပေါင်းဟူသည်။ ပြဟ္မဏာ ဂဏော၊ညစ်ကြေးမတင်၊ ဖြူစင်သန့်ရှင်းကုန်သည်ဖြစ်၍ ပြဟ္မဏာ မည်ရှိ အရိယာအပေါင်းတို့ကို။ ကိရ၊ တဒင်္ဂဟူ လုံ့လမူ၍ ဖြူစင်သန့်စွာ ကျင့်တတ်ပါသဖြင့် အရိယာမည်တောင်း ဤ အကြောင်းကို ထပ်လောင်းရင့်ကျူး ဆိုလိုက်ဦးအံ့။ တဒါ၊ ထိုအခါ၌။ တော၊ ထို တိုင်းနေပြည်သူ အများဗိုလ်လူတို့သည်။ အရိယာစာရာ၊ အရိယာတို့၏ အမူအရာ အကျင့်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ (ဤကား အနက်)။

ဤကဲ့သို့ အရိယာတို့၏အကျင့်ကို မသွေမဖင့် ခံယူလင့်၍ ပုထုဇဉ်တို့ပင် ကျင့်စေကာမူ ထိုပုထုဇဉ်တို့ကိုပင် အရိယာဟူ၍ ဆိုသင့် ဆိုထိုက်ကြောင်းများကို အဋ္ဌကထာအရှင်တို့၏ အဖွင့်

သံဝဏ္ဏနာ စကားရပ်တို့ဖြင့် ကောင်းစွာ သိအပ်လှတော့၏၊ ဤအရာ၌ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ စကားရပ်ဖြင့် သာ သိအပ်သည် မဟုတ်လေသေး၊ ထုံးပေးနည်းပြ သမ္မာသမ္ဗုဒ္ဓ သခင် အရှင်မြတ်ဘုရားကြီးကိုယ်တော်တိုင် မွေးကြိုင်ကြာကုမုဒ် ရွှေအာလုပ်တော်ဖြင့် ကျူးရင့်နစ်နော စံပြဟောခဲ့သည်ကား-

တယော ခေါမေ ဝိသာခေ ဥပေါသထာ

အစရှိသော တိကအင်္ဂုတ္တိုရ် ပါဠိတော်လာ ဝိသာခု ပေါသထသုတ်တော်ပေတည်း။

## ဥပုသ်သုံးမျိုး

ဝိသာခုပေါသထသုတ်ဝယ် ဂေါပါလဥပုသ်, နိဂဏ္ဌဥပုသ်, အရိယာဥပုသ်-ဟူ၍ ဥပုသ်သုံးပါးကို ဟောကြားတော်မူ၍ ပုထုဇဉ်ပင်ဖြစ်စေ အရိယာတို့၏ နေနည်း, ကျင့်နည်းဖြင့် သိပ်သည်းစွာကျင့်၍ ဥပုသ်သုံးလင့်မူကား အရိယာပုဂ္ဂိုလ်နှင့် အလားတူစွာ အရိယာတို့၏ အမူအရာထုံးကို ကျင့်သုံးအားထုတ်သည်ဖြစ်၍ ထိုဥပုသ်ကို အရိယာဥပုသ် ဟူ၍ ဟောတော်မူသည်။

ထိုနည်းမှန်စွာ အရိယာတို့၏လုပ်ငန်းကို ကြိုးပမ်းပေတတ်သော အာရဒ္ဓဝိပဿက ယောဂီဟူသမျှကိုလည်း အရိယာတို့ စာရင်းတွင် မှတ်ပုံတင်သွင်း၍ အရိယာပုဂ္ဂိုလ်တို့ ဟူ၍ စံနမူနာထားထိုက်ပေရကား ဘုရားမြတ်စွာ အရိယာတို့ အလွန်လိုလားအပ်သော ဝိပဿနာတရားကို ပွားများလေ့ကျက် ဆောင်ရွက်နိုင်ကြပါစေသတည်း။ (ဝါ) ဆောင်ရွက်နိုင်ကြပါစေကုန်။

## ၃။ ရတနာ့ထွဋ်ခေါင်ဆရာတော်၏ နှိုးဆော်ချက်

၁။ သဗ္ဗသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။
၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ။
၃။ ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
၄။ သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီးလှလေပြီ။
၅။ လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ။
၆။ ပိုးဖလန်မျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ။
၇။ ကာမဂုဏ်မွဲ၊ သည်မိုက်နဲ၊ မခွဲနိုင်ကြပြီ။
၈။ မခွဲနိုင်ကြ၊ လူဗာလ၊ မိုက်စသိမ်းသင့်ပြီ။
၉။ ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆုဆုများလှပြီ။
၁၀။ များအသင်္ချေ၊ ရှင်စောတွေ၊ ရှောင်သွေလွဲခဲ့ပြီ။
၁၁။ တဆူမသင့်၊ တဆူသင့်၊ ဖူးခွင့်ထိုက်လှပြီ။
၁၂။ မဘော်မလျား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။
၁၃။ အလိုမလိုက်၊ သည်အမိုက်၊ ပယ်ဆိုက်သင့်လှပြီ။
၁၄။ မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
၁၅။ ဟုတ်နိုးသမှု၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
၁၆။ တရားလက်လွတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့်မကင်းပြီ။
၁၇။ မနုဿတ္တ၊ ဒုလ္လဘ၊ မရများလေပြီ။
၁၈။ အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
၁၉။ ကြုံကြိုက်တော်စွာ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
၂၀။ သတိရရ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။
၂၁။ တနေ့တနေ့၊ နက်ဖြန်ရွှေ့၊ မမေ့ကောင်းသင့်ပြီ။

၂၂။ ငါ့ကိုယ် ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
၂၃။ ထင်မှားတတ်စွာ၊ သက္ကာယာ၊ မိစ္ဆာကင်းသင့်ပြီ။
၂၄။ ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
၂၅။ သမ္မုသန၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။
၂၆။ နင်ဖြင့် နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်။
၂၇။ နင်မဆုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်။
၂၈။ နှလုံးဖိုဖို၊ ထုံတုန်တုန်၊ နင့်ပုံ ကြော့ကြမ်းသည်။
၂၉။ နင်နှင့်နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။
၃၀။ ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကိုပြည့်စုံသည်။
၃၁။ နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
၃၂။ နင့်ကိုယ် နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
၃၃။ ဒါန-သီလ၊ ဘာဝနာ၊ နင်သာပြုသင့်သည်။
၃၄။ ဇာတိ-ဇရာ၊ မရဏာ၊ မကြာ နင်တွေ့မည်။
၃၅။ မျက်တောင်တရှက်၊ လျှပ်တပြက်၊ နင့်သက်သေလိမ့်မည်။
၃၆။ ဘယ်နှစ်-ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေ့ပြီ။
၃၇။ ကြီးငယ်မဟူ၊ ကိုယ်ရွယ်တူ၊ ခုမူ သေလှပြီ။
၃၈။ အမှန်သေရိုး၊ ထိုတူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
၃၉။ မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
၄၀။ ခန္ဓာကြွေလျော၊ ရှိပြန်သော်၊ ပုဇောလောင်လှပြီ။
၄၁။ သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
၄၂။ ဤသည်မယား၊ ဤသည်သား၊ မီးပွား မှန်တော့သည်။
၄၃။ ခယ ဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။
၄၄။ အပ္ပိယေဟိ၊ ပိယေဟိ၊ ဒုက္ခကြုံလေပြီ။

၄၅။ ဒုက္ခထွေထွေ၊ တးပေပေ၊ ခံနေရလေပြီ။
၄၆။ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။
၄၇။ မပြုပါပဲ၊ နှင်ရှောင်လွှဲ၊ နှင်ပဲမိုက်လှပြီ။
၄၈။ ယုတ္တိယုတ္တာ၊ နှင်ဆင်ကာ၊ နှင်သာ ဟန်များသည်။
၄၉။ ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ထား နှင်မကြည်။
၅၀။ ဒါန သီလာ၊ နှင်ပြုကာ၊ စေတနာ ဇောမကြည်။
၅၁။ သို့စင်ပြုလို၊ နှင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်။
၅၂။ လောကုတ္တရာ၊ မြိုက်သြဇာ၊ နှင်သာ ဝေးလှသည်။
၅၃။ ဇောစိတ်သန့်သန့်၊ ကုသိုလ်မှန်၊ နှင်ကြံပြုရမည်။
၅၄။ သို့ပြုမှသာ၊ ပြည်ခေမာ၊ နှင်သာ နီးရမည်။
၅၅။ ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးရည်။
၅၆။ အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
၅၇။ ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။
၅၈။ တဘဝ၌နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။
၅၉။ တဘဝမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
၆၀။ တဘဝလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
၆၁။ တဘဝပို့တင်၊ ပါယ်လေးခွင်၊ လျင်စွာ ရောက်လေပြီ။
၆၂။ သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
၆၃။ ဝေဘူတောင်မျှ၊ ပမာပြု၊ အရိုးမကပြီ။
၆၄။ နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။
၆၅။ ချစ်သားမရွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။

၆၆။ အဝိဇ္ဇန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
၆၇။ နိဝရဏာ၊ တားဆီးကြ၊ လမ်းစမဆုံးပြီ။
၆၈။ ဂတိငါးပါး၊ ဆုံလည်နွား၊ သွားရှျမဆုံးပြီ။
၆၉။ ဘဝတိုင်းသေ၊ သင်းချိုင်းမြေ၊ ပွားစေလှလေပြီ။
၇၀။ လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
၇၁။ လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ကေန်လွဲခဲ့ပြီ။
၇၂။ ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရပြီ။
၇၃။ လောကစက္ခု၊ သဗ္ဗညု၊ ယခုရှိရဲ့မင်း။
၇၄။ ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
၇၅။ မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
၇၆။ ဗြဟ္မာပြည်က၊ အပ်ကိုချ၊ မြေက အပ်တစင်း။
၇၇။ အပ်သွားချင်းသာ၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။
၇၈။ နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ့၏မင်း။
၇၉။ သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲ့ကြမင်း။
၈၀။ အရတော်ခိုက်၊ လူတသိုက်၊ ခဲလိုက်ကြကုန်မင်း။
၈၁။ ကိုယ်ဘို့မရ၊ နောက်နောင်ဘ၊ ဖြစ်တတ်ကြ၏မင်း။
၈၂။ ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
၈၃။ ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
၈၄။ မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလ နှလုံးသွင်း။
၈၅။ ဗာလဖြစ်က ယူပါပ၊ ကြာကြကုန်၏မင်း။
၈၆။ လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှလေ၏မင်း။
၈၇။ ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးမြုပ်၏မင်း။
၈၈။ စုံးစုံးမြုပ်ကာ၊ မပေါ်လာ၊ ကြမ္မာမှောက်၏မင်း။

၈၉။ နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနှလုံးသွင်း။

၉၀။ ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဖော်ရ၏မင်း။

၉၁။ ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရ၏မင်း။

၉၂။ ယောနိသောမ၊ သိကာရ၊ နှေ့ညနှလုံးသွင်း။

၉၃။ သီလဓူတင်၊ ဆောက်တည်လျှင်၊ သည့်တွင်အစမင်း။

၉၄။ အလောဘစ္ဆ၊ အဒေါသ-အမောဟ-နေက္ခမ္မ-ဝိဝေက-
နိဿရဏ၊ ဤခြောက်ဝ၊ အလိုရှိကြမင်း။

၉၅။ ရွှေပြည်သနစ်၊ သာသည့်ခေတ်၊ စီစစ်ကြကုန်မင်း။

၉၆။ ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။

၉၇။ အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်။ အသုဘ
ကောင်၊ ထင်အောင်နှလုံးသွင်း။

၉၈၊ အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံး
မှတ်ကြမင်း။

၉၉။ ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။

၁၀၀။ မဂ္ဂင်ဖောင်ကြီး၊ တက်စီး၍မှ၊ ပြည်ကြီးအမတ၊ နိရောဓ၊
ရမည်မှတ်ကြမင်း။

၁၀၁။ ယခုဘဝ၊ မသိကြ။ အမတမည်ခေါ်၊ ရွှေပြည်တော်၊
အစော်မနံလျှင်း။

၁၀၂။ တရားတပိုဒ်၊ မဂ်ဖိုယ်ဆိုက်၊ နှစ်ခြိုက်ကျက်ဆောင်မင်း။

## ၄။ မာန်လည် ဆရာတော်ဘုရား၏ ဩဝါဒ

ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာဟု၊ ငါငါကိုယ်ကိုယ်၊ မြည်တမ်းဆို၍၊ ကစိုကဝါး၊ မိုက်ပျော်ပါးသား၊ တရားမထင်၊ ငှက်အသွင်နှင့်၊ အမြင်မသိ၊ မရှိလက်လွတ်၊ အိမ်ရာဝတ်၌၊ ခွေးငတ်ရိုးခဲ၊ စွန်နိုင်ဘဲလျှင်၊ ချင်ရဲမပြေ၊ တပေပေတည်း၊ မသေအံ့သို့၊ ရှေ့ဘို့နောင်ရေး၊ မတွေးမဆ၊ ခေါင်းဖြူဆွအောင်၊ ပျော်ရပြီးစေ၊ တနေနေတည့်၊ လူလေပျော်ပိုက်၊ လူမိုက်ပျော်နည်း၊ ကြေ့တကြီးဖြင့်၊ ရွှင်ကြီးစိတ်ပြေ၊ တဖြေဖြေတည့်၊ လေလေဘင်ဘင်၊ တရွှင်ရွှင်နှင့်၊ ဆင်ခြင်ဉာဏ်ကင်း၊ လူပြိန်းဖျင်းတို့၊ အဖျင်းသက်သက်၊ ကျိုးမနက်ဘဲ၊ အပျက်လူဝယ်၊ လွန်ပေါသယ်ခဲ့၊ ချေစွယ်နဲ့နဲ့၊ ကျားပေါင်ပဲ့သို့၊ အကဲ့ပုံသွေး၊ မှန်မဝေးဘူး၊ သားမြေးတဖော်၊ အိမ်ထောင်ပျော်၍၊ ပျော်တချိချိ၊ ရော့ရိရော့ရဲ၊ တဏှာတွဲလည်း၊ ဖြေခဲစွာလျက်၊ အသက်ဆုံးထ၊ ပါယ်တွင်းကျလိမ့်၊ မမြွသဘော၊ ဘယ်သို့ဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်တည်း၊ ပျိုစဉ်ယုတ်မာ၊ အိုကာဆိုးဝါး၊ ဤကိုယ်အားလျှင်၊ ယောကျ်ား့မိန်းမ၊ သမုတ်ကြလျက်၊ သုဘထင်၍၊ မငြီးငွေ့ဘူး၊ အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကျွဲ့နွားသိုး့ဆိတ်၊ အဟိတ်ပမာ၊ ဟီနာစာရ၊ လေ့လာကြလျက်၊ ကာမသတ္တဝါ၊ ကာမရွာ၌၊ ကာမာရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်၊ တပ်လောဘစိတ်၊ ဖိတ်မျှမသိ၊ ညစ်ညူးဘိ၏၊ အဟီရိကပါပသင်းဝင်၊ ဗိုလ်ကြီးတင်၍၊ မစင်ညစ်ကြေး၊ ရွံ့စေးညွန်ကြိုက်၊

သက်နှယ်မိုက်၍၊ လူ့ဥ်ဆိုးဝါး၊ တဖွားဖွားလျှင်၊ ပက္ကားနွံစိုင်၊ ကိလေအိုင်ဝယ်၊ အနိုင်လိမ်းလူး၊ မိန်းတမူးဖြင့်၊ ပျော်မြူးစွာလျက်၊ မခွာရက်တည့်၊ လက်စတင်းလင်း၊ အပျော်သည်းစင်၊ တိုက်လှည့်ရက်ရက်၊ စစ်ဦးတက်သို့၊ ခေါင်းထက်သေမင်း၊ နှင်း၍ဆံဖြူ၊ အလံထူအောင်၊ ငယ်မူငယ်ရာ၊ မစွန့်ခွာဘဲ၊ ပညာမဖက်၊ လောဘတက်၍၊ မက်မက်မောမော၊ တဖျော်ပြောသည်....လိုက်လျောလွန်တော့ လွန်လွန်း၏။ ။

**မဃဒေဝလင်္ကာသစ်**

## ၅။ လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဆိုပိမ့်မညှာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဥ်၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရှီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်။

၁။ သန်းခေါင်လကွယ်၊ တောအုပ်လယ်ဥ်၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါထက်၊ နင်ကားရာထောင်၊ မကမှောင်၏။

၂။ လူ့ဘောင်လူ့ရွာ၊ သာသနာဥ်၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲလျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏။

၃။ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။

၄။ သေမင်းအစာ၊နင့်ခန္ဓာကို၊တဏှာဘီလူး၊အမှောင့်ပူး၍၊ အရှုးပြင်ပြင်၊ နင့်ကိုထင်ခဲ့။

၅။ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်-နင့်နာမ်၊ နင့် သန္တာန်ကို၊ နင်ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများ လေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၆။ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓားပြသေမင်း၊ သူ့တပ်နင်းက၊ ငြင်းခွင့်မသာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြင့်လုနီးသား။

၇။ ရိုးတီးရားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်း ဟိုက် ဟိုက်၊ တရှိုက်ငင်ငင်၊ စာငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက် နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်....နင်လိုလူမိုက်-သွားလမ်းတည်း။

**သိပ္ပံနည်းကျ ဗုဒ္ဓဝိပဿနာကျမ်း ပြီးပြီ။**

## ထွန်းမညာ ပိဋကတ်စာအုပ်ဆိုင်မှ
## ရနိုင်သော ကျမ်းစာများ

* သဒ္ဓမ္မဒေသနာ မေဒိနီဘာရားပေါင်းချုပ်
(မေဒိနီစာချ အရှင်ကောဝိဒဓဇ-ပါဠိပါရဂူ)
* ပုံဘောင်စုံ သုတ်သီလက္ခန် ဝတ္ထုဘော်ကြီး
(မြို့မိ ဆရာတော်ကြီး)
* ပခုက္ကူ ဓမ္မာစရိယကျမ်း (စတုတ္ထအကြိမ် ထွက်တော့မည်)
(စာချဆရာတော် ဦးရာဇိန္ဒ)
* အဖိုးတန် မန်လည်ကဗျာများ
(ရှာဖွေစုဆောင်းသူ အရှင်ဉာဏဒီပ)
* ပခုက္ကူမူ ဆုပေးရေစက်ချ အမျိုးမျိုး
(စာချဆရာတော် ဦးရာဇိန္ဒ)
* လက်တွေ့ကျင့်ဘွယ်များနှင့် ဗုဒ္ဓ၏ပရိတ်တော် ၃၉-သုတ်
(ဦးတင်စိုး-ဓမ္မာစရိယ)
* အရိယာတို့အမြင်
(ဝက်သက် မစိုးရိမ်ဆရာတော် ဦးတိဿ)
* မဂ်ပေါ်ဖိုလ်ဝင် (ရုပ်ပြ) အာနာပါနကျင့်စဉ်
(ဦးတင်စိုး-ဓမ္မာစရိယ)
* မဟာစည်၏ (မြောက်ဥက္ကလာပ) ၁၀-ရက်စခန်း
(ဦးတင်စိုး-ဓမ္မာစရိယ)
* သိပ္ပံနည်းကျ ဗုဒ္ဓဝိပဿနာ
(ဦးဝိသုဒ္ဓဉာဏ)